PDF Compressor Free Version




# (၂၀၂၁ – ၂၀၂၂) ဘဏ္ဍာနှစ်အတွင်း သစ်တောကြိုးဝိုင်း / ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ (၉၈၅,၉၆၂) ဧက သတ်မှတ်နိုင်ခဲ့













အမျိုးသားသစ်တောကဏ္ဍနှစ်(၃၀)ပင်မစီမံကိန်းနှင့် ၂၀၁၅ ခုနှစ်၊ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ ကျင်းပပြုလုပ်သည့် ရာသီဥတုပြောင်းလဲမှုထိပ်သီးညီလာခံ အစည်းအဝေးတွင် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်စေသော မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး မိမိဆန္ဒအလျောက် ကတိကဝတ်အဖြစ် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့ဧရိယာ၏ (၃၀)ရာခိုင်နှုန်းကို ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောအဖြစ်လည်းကောင်း၊ (၁၀)ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများ အဖြစ်လည်းကောင်း ဖွဲ့စည်းသတ်မှတ်ရန် လျာထားချက်ထား၍ ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ [၅]သို့

# မာတိကာ


**မျက်နှာဖုံး**

✧ (၂၀၂၁-၂၀၂၂)ဘဏ္ဍာနှစ်အတွင်း သစ်တော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများသတ်မှတ်နိုင်ခဲ့ — မျက်နှာဖုံး ၅-၇

**ဆောင်းပါး**

✧ သစ်တောများနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော မြို့တော်များ — ၁

**သတင်းများကဏ္ဍ**

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တော ထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၁-၅ ၊၄၉

**ဘာသာရပ်ဆိုင်ရာ ( ပညာသုတ ) ကဏ္ဍ**

✧ နိုင်ငံတော် တရားစီရင်ထုံးများအဖြစ် စာရင်းဝင်လျက်ရှိသော သစ်တောပြစ်မှုဆိုင်ရာ စီရင်ချက်များ - **ကချင်ပြည်နယ်၊ သစ်တောဦးစီးဌာန** — ၃၄-၃၆

**သစ်တောလုပ်ငန်းကဏ္ဍ**

✧ ကုလားကံကောင်းတယ် (၈) - **ရောင်နီ (သစ်တော)** — ၁၉-၂၂

✧ မျှတဆင်ခြင်ထုတ်သုံးလျှင် သစ်တောများ တည်မြဲထာဝစဉ် - **သစ်တောမောင်** — ၄၁-၄၅

✧ ချယ်ရီမြို့တော်ဖြစ်စေရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး - **ချယ်ရီမေ** — ၄၆-၄၇

**အခြားသောဆက်စပ်ကဏ္ဍ**

✧ ကျွန်တော်တို့ရဲ့ ရေဆင်း - **ဝင်းချစ်(အမျိုးသားစာပေဆုရ)** — ၁၀-၁၂

✧ မြန်မာပြည်သစ်တောအုပ်ချုပ်မှု နှစ်တစ်ရာအတွင်း ပေါ်လွင်ထင်ရှားထူးခြားမှုများ (၅) - **ဦးဘကောင်း(ဒု-ညွှန်ချုပ်၊ အငြိမ်းစား၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန)** — ၁၃-၁၅

✧ တောမီး - **မင်းဆွေ** — ၃၀-၃၂

✧ စိတ်ထားတစ်ခုအရင်းပြု၍ ကောင်းကျိုးကိုယ်၌တည်စေမင်း - **ထွန်းထွန်း(စိမ်း/စို)** — ၂၆-၂၈

**ရေဝေရေလဲ ထိန်းသိမ်းရေးကဏ္ဍ**

✧ ဆင်သေဆည်ရေဝေရေလဲဒေသများ ထိန်းသိမ်းကာကွယ်ရေး ……… - **ဦးသိန်းသန်းထွန်း** — ၃၇-၃၈

**ရသကဏ္ဍ**

✧ လွမ်းဆွတ်သတိရခြင်း(၆) - **ချစ်ဦး(ဉ.၂)** — ၂၃-၂၅

✧ မနက်ခင်းခါးခါး - **မောင်တိုးချို** — ၂၉

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ**

✧ ပုပ္ပါးတောင်ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်အလှဆင် - **ဦးစိန်သက်၊ ညွှန်ကြားရေးမှူး** — ၈-၉

✧ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအတွက်……… - **ဒေါက်တာသောင်းနိုင်ဦး** — ၁၆-၁၈

**ကဗျာ / ကာတွန်းကဏ္ဍ**

✧ ချစ်သောအညာမြေ - **ကိုနေမြို့ဦး (မြောင်)** — ၃၃

✧ ကာတွန်း - **အော်ပီကျယ်** — ၄၅

**အင်္ဂလိပ်ကဏ္ဍ**

✧ Climate Change and People Perception in Myanmar - **U Sein Thet** — ၃၉-၄၀

**နောက်ကျောဖုံး**

✧ သစ်စေးထုတ်လုပ်ခြင်း - **ဦးဟုတ်လင်း** — ၄၈ နောက်ကျောဖုံး



**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ဦးဖြိုးဇင်မွန်နိုင်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ-၀၀၄၀၀)

**စာတည်း**

ဦးမောင်မောင်အေး -၃ -
လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးအောင်ကျော်ဦး လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေဇင်မြင့် ဦးစီးအရာရှိ (English Editor)

**ပုံနှိပ်သူ**

ဦးရဲလွင်ဌေး(မြ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်

ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၃၄
extension@forest.gov.mm

PDF Compressor Free Version



# သစ်တောများနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော မြို့တော်များ

သစ်တောများနှင့်မြို့ပြများဆက်စပ်မှု သစ်တောများက အထောက်အပံ့ပေးသော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများမှာ များပြားလှပါသည်။ သစ်ပင်သစ်တောများသည် ရာသီဥတုပြောင်းလဲမှုနှင့် ကာဗွန်များကို သိုလှောင်ပေးခြင်းဖြင့် မြို့ပြပတ်ဝန်းကျင်ကို အေးမြသာယာစေပါသည်။

သစ်ပင်များကို မြို့ပြများတွင် စနစ်တကျ စိုက်ပျိုးထိန်းသိမ်းထားခြင်းဖြင့် နေ့စဉ်ချက်ပြုတ်ခြင်း၊ အပူပေးခြင်းလုပ်ငန်းများအတွက် ပြန်ပြည့်မြဲစွမ်းအင် ထင်းလောင်စာများ လုံလောက်စွာရရှိနိုင်ပြီး သဘာဝတောအပေါ် မှီခိုမှုလျှော့ချနိုင်ခြင်း၊ ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျှော့ချနိုင်ခြင်း၊ တိရစ္ဆာန်ငှက်များအတွက် နားခိုရာနေရာ၊ အကာအကွယ်နှင့် အစားအစာများထောက်ပံ့ပေးနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေခြင်း၊ လူနေထိုင်မှုပုံစံအတွက်အထောက်အကူပြုခြင်း၊ ကျန်းမာရေးကောင်းမွန်ပြီး ရောဂါဘယကင်းဝေးခြင်း၊ သစ်ပင်သစ်တောများမှထွက်ရှိသော အသီး၊ အရွက်၊ အခေါက်၊ အမြစ်၊ သစ်ဥနှင့်ဆေးဖက်ဝင်အပင်တို့ကို ထုတ်ယူသုံးစွဲနိုင်ပြီး စားသုံးခြင်းနှင့်ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါသည်။

ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၇) ခုအနက် ပန်းတိုင်(၁၁) မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့တော်များနှင့်ပြည်သူအစုအဖွဲ့များ ဟူ၍ဖြစ်ပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော မြို့တော်များဆိုသည်မှာ လူမှုရေး၊ စီးပွားရေး ပတ်ဝန်းကျင် ဆိုင်ရာသက်ရောက်မှုများနှင့် လက်ရှိမြို့တော်လူဦးရေအတွက် လုံလောက် မျှတသည့် နေရာထိုင်ခင်းများကို စနစ်တကျ ပေါင်းစပ်ထည့်သွင်း စဉ်းစား တည်ဆောက်ထားပြီး အနာဂတ်မျိုးဆက်များအတွက်လည်း လက်ရှိအခြေအနေ၊ စွမ်းဆောင်ရည်ထက် မနိမ့်ပါးစေရန် စီမံဆောင်ရွက်ထားသည့် မြို့ပြများကို ခေါ်ဆိုပါသည်။

သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစား ကျဆင်းမှုများ လျှော့နည်းကျဆင်းစေရန်အတွက်လည်း ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် သစ်ထုတ်လုပ်မှု လုံးဝရပ်ဆိုင်းခဲ့၍ သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြန်လည်ဆန်းစစ်ခြင်း၊ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ ပဲခူးရိုးမဒေသတွင် သစ်ထုတ်လုပ်မှု ၁၀ နှစ်ရပ်ဆိုင်းခြင်းနှင့် သစ်တောများအရှိန်အဟုန်ဖြင့် စိုက်ပျိုး၊ ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၀-၂၁ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁-၂၂ ဘဏ္ဍာရေးနှစ်တွင် မြန်မာတစ်နိုင်ငံလုံးသစ်ထုတ်လုပ်မှုများ ရပ်နားထားသည့် အပြင် လာမည့် ၂၀၂၂-၂၃ ဘဏ္ဍာရေးနှစ်တွင်လည်း တစ်နိုင်ငံလုံး သစ်ထုတ်လုပ်မှုကိုဆက်လက်ရပ်နားထားမည်ဖြစ်ပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန် စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်နေသကဲ့သို့ မြို့ပြသစ်တောများ၊ ကျေးရွာတစ်အုပ်တစ်မသစ်တောများ၊ လမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေး သစ်တောသစ်ပင်များ၊ ဥယျာဉ်များ စိုက်ပျိုးထိမ်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

တစ်ဦးချင်းစီက အသိစိတ်ဓာတ်ရှိစွာဖြင့် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်ဖို့လိုသလို အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြဒေသအလိုက်လည်း သစ်ပင်များစိုက်ပျိုးထိန်းသိမ်းဖို့လိုအပ်ပါသည်။ လာမည့်မိုးရာသီကာလတွင် သစ်တောဦးစီးဌာနမှ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များကိုလည်း အလုံအလောက်ပျိုးထောင်ပြီးစီးပြီးဖြစ်ပါသည်။

မိဘပြည်သူများမှလည်း ဌာနနှင့်ပူးပေါင်း၍ သစ်ပင်များစိုက်ပျိုးထိန်းသိမ်းသွားရန် လိုအပ်ပါသည်။ သို့မှသာ မိမိတို့စိုက်ပျိုးထိန်းသိမ်းသောသစ်ပင်သစ်တောများ စိမ်းလန်းစိုပြည်လာပြီး မိမိတို့မြို့ရွာပတ်ဝန်းကျင်စိမ်းလန်းသာယာလှပလာပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း နှိုးဆော်တင်ပြလိုက်ရပါသည်။

FOREST

## သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ်မြန်မာ့သစ်တောမူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) ကာကွယ်ခြင်း

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) ထာဝစဉ်တည်တံ့စေခြင်း

လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း

ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(၆) ပြည်သူအတွင်း၊ နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

PDF Compressor Free Version



သတင်းများကဏ္ဍ

## ၂၀၂၁-၂၀၂၂ Mini-Budget အတွင်း တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများပြန်လည်တည်ထောင်ခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး



၂၀၂၁-၂၀၂၂ Mini-Budget အတွင်း တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၈-၃-၂၀၂၂)ရက်နေ့၊ နံနက်ပိုင်းတွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၊ နေပြည်တော်တွင်ကျင်းပပြုလုပ်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများပြန်လည်တည်ထောင်ခြင်းလုပ်ငန်းအစီအစဉ်သည် မြန်မာနိုင်ငံ၏ သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း၌ရှိသည့် ဇီဝမျိုးစုံမျိုးကွဲနှင့်ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် စီမံအုပ်ချုပ်မှု အဆင့်မြှင့်တင်ခြင်းအတွက် အဓိကကျသည့် မဟာဗျူဟာမြောက် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ကို အခြေခံရေးဆွဲထားခြင်းဖြစ်သည့်အတွက် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်းမှ ချမှတ်ထားသည့်လုပ်ငန်းစဉ်များနှင့် နိုင်ငံတကာသဘောတူညီချက်များကို ဖြည့်ဆည်းဆောင်ရွက်သည့်လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ကြောင်း၊

မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိ သဘာဝထိန်းသိမ်းရေးနယ်မြေ (၅၇)ခု၊ နိုင်ငံဧရိယာ၏ (၆.၄၃) ရာခိုင်နှုန်း သတ်မှတ်ဖွဲ့စည်းထားပြီး ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးလုပ်ငန်းကိုဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများရှိ သဘာဝအမွေအနှစ်များ ရေရှည် တည်တံ့စေရန်အတွက် ရှိရင်းစွဲသဘာဝအနေအထားများကို ထိန်းသိမ်းခြင်းနှင့် ပျက်စီးယုတ်လျော့သွားသော သဘာဝအနေအထားများကို ပြန်လည်ကုစားခြင်း လုပ်ငန်းစဉ်နှစ်ရပ်ဖြင့် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ အလေးထားဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းအရေးပါသောနေရာများဖြစ်သည့် လူသားနဲ့ ဇီဝအဝန်းနယ်မြေ၊ ရမ်ဆာရေဝပ်ဒေသ၊ အာဆီယံအမွေအနှစ်ဥယျာဉ်၊ အရှေ့အာရှ-သြစတြေးလျှငှက်ပျံသန်းရာလမ်းကြောင်း ကွန်ရက်နယ်မြေများအဖြစ် နိုင်ငံတကာ၏ သတ်မှတ်ခြင်းခံခဲ့ရကြောင်း၊

တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းအစီအစဉ်သည် အရေးကြီးသည့် စီမံကိန်းတစ်ခုဖြစ်၍ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြင်ဆင်၍ အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် ရန်ပုံငွေသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များပေါ် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ အမြဲတမ်းအတွင်းဝန်၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဥယျာဉ်/ဘေးမဲ့တောများမှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရှိရသည်။

## အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အခမ်းအနားနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခြင်း

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အခမ်းအနားကို (၂၁-၃-၂၀၂၂) ရက်နေ့၊ နံနက်ပိုင်းက နေပြည်တော်ရှိ သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးလာမှုများကြောင့် ရာသီဥတုပြောင်းလဲမှုများနှင့်အတူ သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ ပတ်ဝန်းကျင်

PDF Compressor Free Version







ဆိုင်ရာပြဿနာများကို ရင်ဆိုင်ဖြေရှင်းရာတွင် သစ်တောများ၏ရေရှည်တည်တံ့မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများသည် အရေးကြီးသောအခန်းကဏ္ဍတစ်ရပ်အဖြစ်ပါဝင်နေကြောင်း၊ ၂၀၁၂ ခုနှစ်၊ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မတ်လ (၂၁) ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း၊ ယခုနှစ်အတွက် သတ်မှတ်ထားသော '**မျှတဆင်ခြင်ထုတ်သုံးလျှင်၊ သစ်တောများ တည်မြဲ ထာဝစဉ်**' '**Forests and Sustainable Production and Consum ption**' ဆောင်ပုဒ်နှင့်အညီ သစ်တောသယံဇာတများကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းရန်နှင့် စနစ်တကျထုတ်ယူသုံးစွဲရန် အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောများသည် သစ်၊ လောင်စာ၊ အစားအစာနှင့် တိရစ္ဆာန်အစာများကို ထောက်ပံ့နေသည့်အပြင် ရာသီဥတုပြောင်းလဲမှုလျော့ချခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ၊ မြေဆီလွှာနှင့် မြစ်ချောင်းများကို ကာကွယ်ပေးခြင်းတို့ကြောင့် ကမ္ဘာမြေကြီး ရေရှည်တည်တံ့ကောင်းမွန်စေရေး၊ ဂေဟစနစ်တည်ငြိမ်ရေးနှင့်လူသားများ၏ ကောင်းကျိုးအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊

သစ်တောသယံဇာတများကို ထုတ်ယူသုံးစွဲသည့်အခါ ရေရှည်တည်တံ့စေသောနည်းလမ်းများကို ကျင့်သုံးခြင်းဖြင့် လူသားများအတွက်သာမက ကမ္ဘာမြေကြီးအတွက်ပါ အကျိုးရှိသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ သစ်တောပြုန်းတီးမှုလျော့ချရေးနှင့် သစ်တောများထာဝစဉ်တည်တံ့စေရေးအတွက် အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံဧရိယာ၏ ၃၀% ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀% တိုးချဲ့ဖွဲ့စည်းနိုင်ရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်ထုတ်လုပ်မှုရပ်နားခြင်းနှင့် သစ်ထုတ်လုပ်မှု လျော့ချခြင်းများကို ဆောင်ရွက်သကဲ့သို့ သစ်အလုံးလိုက် တင်ပို့ခြင်းကိုလည်း ရပ်ဆိုင်းခဲ့ပြီး ထွက်ရှိသော သစ်ခွဲသားများကို အပြည့်အဝထိရောက်စွာအသုံးချနိုင်ရေးနှင့် တန်ဖိုးမြှင့်ခွဲသားများ ထုတ်လုပ်ရေး၊ သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောများ ရေရှည်တည်တံ့ရေးနှင့် စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဆက်စပ်ဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ပြည်သူများ ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် Video Clip ကိုပြသပြီး သစ်တောစိုက်ခင်းများတည်ထောင်ခြင်းလုပ်ငန်းများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် မြို့နယ် (၃) မြို့နယ်နှင့် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးတွင် စွမ်းဆောင်ရည်ထူးချွန်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေများမှ ဥယျာဉ်အုပ်ချုပ်ရေးမှူး (၃)ဦးတို့ကို ပြည်ထောင်စုဝန်ကြီးက ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြသထားသော ပိုစတာများအား လှည့်လည်ကြည့်ရှုစစ်ဆေးပါသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်သော သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအပေါ် စိစစ်သုံးသပ်ချက်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးတာဝန်ခံများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**ကမ္ဘာထဲတွင်၊ အသက်ရှင်**
**သက်ရှိသက်မဲ့၊ ပတ်ဝန်းကျင်**
**မီသားစုသွင်၊ စိတ်မှာထား**
**ထိန်းသိမ်းကြစို့၊ တို့ ကြိုးစား**

## ၂၀၂၂ ခုနှစ်၊ မိုးရာသီအကြို လူထုလှုပ်ရှားမှုဖြင့် သစ်ပင်စိုက်ပျိုးမည့် မြေနေရာအား ကြည့်ရှုစစ်ဆေးခြင်း




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် (၂၄-၃-၂၀၂၂) ရက်နေ့ မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ်၊ ရန်အောင်မြေကြီးဝိုင်း၊ အကွက်အမှတ်(၁၃)ရှိ ၂၀၂၂ ခုနှစ်၊ မိုးရာသီအကြိုလူထုလှုပ်ရှားမှုဖြင့် သစ်ပင်စိုက်ပျိုးမည့်မြေနေရာ (၆.၈)ဧကအား ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပန္နက်စိုက်ထူပြီးစီးမှုအခြေအနေ၊ ကျင်းတူးခြင်း၊ နွားချေး၊ မြေဆွေးထည့်ခြင်း၊ ကျင်းဖို့ခြင်းဆောင်ရွက်မည့်အစီအမံများ၊ မြေပြုရေတိုက်စားနိုင်သည့်နေရာများတွင် ဗာတီဗာမြက်စိုက်ပျိုးမည့်အခြေအနေ၊ ကွန်တိုကန်သင်းအလိုက် သရုပ်ပြစိုက်ပျိုးမည့်အစီအစဉ်၊ ကျောက်စီနုန်းထိန်းတမံဆောင်ရွက်မည့်အစီအမံများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အကွက်အလိုက်၊ လိုင်းအလိုက် ပန္နက်စိုက်ထူထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များလမ်းညွှန်မှာကြားသည်။ အဆိုပါ မြေနေရာတွင် အမြင့်နှစ်ပေနှင့်အထက် အရိပ်ရပင်၊ ဝါးပင်၊ သစ်တောပင် စုစုပေါင်းအပင် (၂၇၃၉) ပင်အား (၁၂ ပေ x ၁၂ ပေ) ပန္နက်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၂၀၂၂ ခုနှစ်၊ မိုးအကြို လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးခြင်းကို လာမည့်မေလနှင့် ဇွန်လများအတွင်း ပျိုးပင်ပေါင်း (၂၂၇,၂၂၂)ပင် စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

## ၂၀၂၂ခုနှစ်၊ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပနိုင်ရေး အကြိုလုပ်ငန်းညှိနှိုင်းအစည်း အဝေးကျင်းပခြင်း



၂၀၂၂ခုနှစ်၊ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ကျင်းပနိုင်ရေးအကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၃-၃-၂၀၂၂)ရက်နေ့၊ နေ့လယ် (၁၃:၀၀) နာရီတွင် ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးငွေအောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်က ၂၀၂၂ ခုနှစ်၊ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးရေးကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးအတွက် ယခုချိန်မှစ၍ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ မြေပြုပြင်ခြင်း၊ ပန္နက်ရိုက်ခြင်းလုပ်ငန်းများကို မတ်လအတွင်း ပြီးစီးအောင် ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ စိုက်ပျိုးမည့်ပျိုးပင်များကိုလည်း အမြင့် ၂ ပေနှင့် အထက် ပျိုးပင်များဖြစ်စေရန်၊ ပျိုးပင်များကြံ့ခိုင်သန်စွမ်းစေရေး ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ကွန်တိုကန်သင်းအလိုက် ကျင်းတူးရမည့်အနေအထားများကို လက်တွေ့ကျကျ ဆောင်ရွက်ထားရှိရန်၊ ဒေသနှင့်ကိုက်ညီသောပျိုးပင် အမျိုးအစားများ၊ အရိပ်ရအပင်၊ ဝါးပင်၊ သစ်တောပင်များ စုံလင်စွာစိုက်ပျိုးနိုင်ရေးဆောင်ရွက်ထားရှိရန်မှာကြားပါသည်။

ဆက်လက်၍ နေပြည်တော်၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးက သစ်ပင်စိုက်ပျိုးမည့် အစီအစဉ်များအား Power Point ဖြင့်ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အစည်းအဝေးတက်ရောက်လာသူများမှ သစ်ပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးတင်ပြကြပါသည်။

ထို့နောက်ညွှန်ကြားရေးမှူးချုပ်မှ ဖြည့်စွက်ဆွေးနွေးမှာကြားကာ အစည်းအဝေးအား ရုပ်သိမ်းလိုက်ပါသည်။

PDF Compressor Free Version



## အာရှဒေသအဆင့်သစ်တောတကွာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ၆ ကြိမ်မြောက်ညီလာခံ ကျင်းပခြင်း




ကိုရီးယားသမ္မတနိုင်ငံ၊ အာရှဒေသအဆင့်သစ်တောကမ္ဘာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ၆ ကြိမ်မြောက် ညီလာခံကို ၂၀၂၂ ခုနှစ်၊ မတ်လ (၂၉) ရက်မှ (၃၀) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါညီလာခံ၏ President အဖြစ် မြန်မာနိုင်ငံမှ ဒေါက်တာသောင်းနိုင်ဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မူဝါဒနှင့်စီမံကိန်း)၊ သစ်တောဦးစီးဌာနက အွန်လိုင်းစနစ်ဖြင့်ဆောင်ရွက်ပြီး မြန်မာနိုင်ငံကိုယ်စားပြုအဖွဲ့ဝင်များအဖြစ် သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ် (၃) ဦးနှင့် AFoCO အဖွဲ့ဝင်နိုင်ငံ (၁၃) နိုင်ငံ၊ လေ့လာသူ (၂) နိုင်ငံ၊ စုစုပေါင်း (၁၅) နိုင်ငံတို့မှ ကိုယ်စားလှယ် (၅၀) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါညီလာခံ၏ President ဖြစ်သူ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (မူဝါဒနှင့်စီမံကိန်း) ဒေါက်တာသောင်းနိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီးနောက် ပထမနေ့အစီအစဉ်များအဖြစ် AFoCO အဖွဲ့အစည်း၏ အဖွဲ့ဝင်နိုင်ငံများအတည်ပြုခြင်း၊ (၁၅) ကြိမ်မြောက် World Forestry Congress ကျင်းပနိုင်မည့်အစီအစဉ်များ၊ ဝန်ကြီးအဆင့်အစည်းအဝေးကျင်းပနိုင်ရန် ပြင်ဆင်မှုများ၊ အကောင်အထည်ဖော်မည့်စီမံကိန်းအသစ်များအတည်ပြုခြင်း ကိစ္စရပ်များကို အဖွဲ့ဝင်နိုင်ငံများက တက်ကြွစွာပါဝင်ဆွေးနွေးကြပါသည်။

ညီလာခံ၏ ဒုတိယနေ့အစီအစဉ်အဖြစ် AFoCO အဖွဲ့အစည်းအတွင်း အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများအကြားပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာစေရေး၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကဏ္ဍများ၊ ဆောင်ရွက်ဆဲစီမံကိန်းများ၏လုပ်ငန်းဖော်ဆောင်နိုင်မှုအခြေအနေများနှင့် တွေ့ကြုံရသောအခက်အခဲများ၊ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင်ကျင်းပမည့် (၇ )ကြိမ်မြောက်ညီလာခံအတွက် အချိန်ဇယားသတ်မှတ်ခြင်းနှင့် အထွေထွေကိစ္စရပ်များအားဆွေးနွေးခဲ့ကြပါသည်။

---

မျက်နှာဖုံးမှအဆက်

၁-၂-၂၀၂၁ ရက်မှ ၁-၂-၂၀၂၂ ရက်နေ့ထိ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော (၄၀၄,၁၅၈) ဧက၊ သဘာဝထိန်းသိမ်းရေးနယ်မြေ (၅၈၁,၈၀၄)ဧက ဖွဲ့စည်းနိုင်ခဲ့ရာ ယနေ့အထိ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောဧရိယာ (၄၃,၁၁၁,၇၀၅)ဧက နိုင်ငံ့ဧရိယာ၏ (၂၅.၇၉)ရာခိုင်နှုန်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေဧရိယာ (၁၀,၇၅၀,၆၂၅)ဧက နိုင်ငံ့ဧရိယာ၏ (၆.၄၃)ရာခိုင်နှုန်း ဖွဲ့စည်းသတ်မှတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ ဖွဲ့စည်းသတ်မှတ်နိုင်ခြင်းကြောင့်ရာသီဥတုပြောင်းလဲမှုလျော့ချနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် မျိုးဆက်ပျက်သုဉ်းမှုအန္တရာယ်ရှိသည့်တောရိုင်းတိရစ္ဆာန်များ၊ အပင်မျိုးစိတ်များနှင့် ယင်းတို့၏နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ ဂေဟစနစ်ပိုမိုကောင်းမွန်စေပြီး ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ တိုးပွားလာခြင်း၊ သဘာဝရေထွက်များနှင့် ရေဝေရေလဲဒေသများကို ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကို တားဆီးကာကွယ်နိုင်ခြင်း၊ သဘာဝသယံဇာတများကို ထိန်းသိမ်းကာကွယ်နိုင်ခြင်းနှင့် သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

## မီအောပီ၊ ရဟူတူ၊ လိုမ်ရောမ်း အမျိုးသားဥယျာဉ်သတ်မှတ်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို ကျင့်သုံး၍ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန်မြို့နယ်အတွင်းရှိ ဧရိယာ(၁၂၃၄၁.၈)ဧကကို ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အတွက် မီအောပီ၊ ရဟူတူ၊ လိုမ်ရောမ်း အမျိုးသားဥယျာဉ်အဖြစ် ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက် (၂၀၂၂ ခုနှစ်၊ မတ်လ ၁၀ ရက်) မှ စတင်သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

PDF Compressor Free Version



မီအေပီတောင်သည် ထင်ရှားသောကျောက်တောင်ကြီးဖြစ်ပြီး ထန်တလန်မြို့မှ (၂၃) မိုင်ခန့်အကွာတွင် တည်ရှိ၍ ထန်တလန်-ဟရီဖီး-ဝေါင်သူး ကားလမ်းဖြင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်သို့ ကားလမ်းပေါက်ပြီး ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာ အပန်းဖြေနိုင်သောနေရာဖြစ်ခြင်း၊ သစ်ပင်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝခြင်း၊ ဘူမိရှုပသွင်ပြင် ထူးခြားသောဒေသဖြစ်ခြင်းတို့ကြောင့် ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်၍ အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

အမျိုးသားဥယျာဉ်အတွင်း ချင်းပြည်နယ်၏ အမှတ်အသားသင်္ကေတ အထင်ကရပြယုဂ်ဖြစ်သည့် ထင်းရှူး၊ တောင်ဇလပ်ဖြူ၊ တောင်ဇလပ်အနီ၊ သစ်ခွမျိုးများ ပေါက်ရောက်ခြင်း၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် တောဆိတ်၊ တောင်ဆိတ်၊ ကျားသစ်နှင့် သင်းခွေချပ်စသည့် တောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်ခြင်း၊ အောက်ချင်းငှက်တို့သားပေါက်ရာဒေသဖြစ်ခြင်း၊ ထူးခြားသည့် ဘူမိရုပ်သွင်များရှိခြင်းတို့ကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာရရှိနိုင်မည်ဖြစ်သဖြင့် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

## ဇိုနိမ့်တောင်အမျိုးသားဥယျာဉ်သတ်မှတ်ဖွဲ့စည်းခြင်း

ချင်းပြည်နယ် ဟားခါးခရိုင်၊ ထန်တလန်မြို့နယ်နှင့် ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ်အတွင်းရှိ ဧရိယာ (၉,၉၈၄.၂၈) ဧကကို ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းကာကွယ်ရန်အတွက် ဇိုနိမ့်တောင်အမျိုးသားဥယျာဉ်အဖြစ် ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် (၂၀၂၂ ခုနှစ်၊ မတ်လ ၁၁ ရက်) မှ စတင်သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ဇိုနိမ့်တောင်သည် ကွန်သဲချောင်းမကြီး အဓိကရေဝေရေလဲဧရိယာဖြစ်ခြင်း၊ သဘာဝတောရိုင်းတိရစ္ဆာန်များနေထိုင်ကျက်စားသည့်ဧရိယာဖြစ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများတည်ရှိရာဒေသဖြစ်ခြင်း၊ ဘူမိရှုပသွင်ပြင် ထူးခြားမှုရှိခြင်း၊ စည်းကမ်းမဲ့တရားမဝင်အမဲလိုက်ခြင်းကို အချိန်မီ ထိန်းသိမ်းကာကွယ်ရန်လိုအပ်ခြင်းတို့ကြောင့် ကာကွယ်ထိန်းသိမ်းရန်ရည်ရွယ်၍ အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

အမျိုးသားဥယျာဉ်အတွင်း ထင်ရှားလှပသည့် နတ်ရေကန်ဟု တင်စားခေါ်ဝေါ်သော လှိုင်သီသီ ရေကန် တည်ရှိခြင်း၊ ချင်းပြည်နယ်၏ အမှတ်အသားသင်္ကေတ အထင်ကရပြယုဂ်ဖြစ်သည့် ထင်းရှူး၊ တောင်ဇလပ်ဖြူ၊ တောင်ဇလပ်အနီ၊ သစ်ခွမျိုးများပေါက်ရောက်ခြင်း၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် တောဆိတ်၊ တောင်ဆိတ်၊ ကျားသစ်နှင့် သင်းခွေချပ်စသည့် တောရိုင်းတိရစ္ဆာန်များကျက်စားနေထိုင်ခြင်း၊ အောက်ချင်းငှက်တို့ သားပေါက်ရာဒေသဖြစ်ခြင်း၊ ထူးခြားသည့်ဘူမိရုပ်သွင်များရှိခြင်းတို့ကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာရရှိနိုင်မည်ဖြစ်သဖြင့် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ကြောင်း ကြေညာခြင်းဖြစ်ပါသည်။

## ခါချဉ်တောင်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ပြန်သည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသောအခွင့်အာဏာများကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်အတွင်း ကျရောက်နေသည့်ဧရိယာအကျယ်အဝန်း (၁၂,၃၃၅) ဧကရှိသောနယ်မြေကို ခါချဉ်တောင်ကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၅၃/ ၂၀၂၂) အရ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်(၂၀၂၂ ခုနှစ်၊ မတ်လ ၁၁ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ခါချဉ်တောင်ကြိုးပြင်ကာကွယ်တောသည် ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း၊ ရာသီဥတု ညီညွတ်မျှတစေခြင်း၊ မြေဆီမြေသားကောင်းမွန်ခြင်းနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း စသည့်လိုအပ်ချက်များကို သဘာဝသစ်တောများမှသာ အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် သဘာဝတောများကို အခွန့်ရှည်စွာတည်တံ့ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ခါချဉ်တောင်ကြိုးပြင်ကာကွယ်တောဧရိယာအတွင်း သက်ရင်းကြီး၊ ကျားလက်ဝါး၊ လက်ထုတ်၊ ဆီးဖြူ၊ ဖန်ခါး၊ ခပေါင်း၊ မယားနင်း၊ တောရှောက်နွယ်၊ နနွင်းခါး၊ နွယ်ချို၊ ဆင်တုံးမနွယ် စသည့် ဆေးဖက်ဝင်အပင်များ

PDF Compressor Free Version



ပေါများစွာ ပေါက်ရောက်ခြင်း၊ ဝက်ဝံ၊ မျောက်၊ တောဝက်၊ တောင်ဆိတ်၊ ဒေါင်း၊ ရစ်၊ သင်းခွေချပ်၊ တောခွေး၊ ဂျီ၊ ဖြူ၊ တောကြက်၊ တောကြောင်၊ ရေကြက်၊ လိပ် စသည့်တိရစ္ဆာန်များ၏ ကျက်စားရာနေရာဒေသဖြစ်ခြင်း၊ ကျွန်း၊ ပျဉ်းကတိုး၊ တမလန်း၊ ယမနေ၊ သင်းဝင်၊ ထောက်ကြံ့၊ အင်၊ ကညင်ပင်စသည့် အဖိုးတန်သစ်မျိုးများ ပေါက်ရောက်ခြင်းနှင့် ချင်းတွင်းမြစ်၏ ရေဝေရေလဲဧရိယာဖြစ်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

## ကိုးကွေ့တောင်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ် အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၃,၈၀၃) ဧကရှိသောနယ်မြေကို ကိုးကွေ့တောင်ကြိုးပြင် ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ်(၅၄/ ၂၀၂၂) အရ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် (၂၀၂၂ ခုနှစ်၊ မတ်လ ၁၁ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

ကိုးကွေ့တောင်ကြိုးပြင်ကာကွယ်တောသည် ရေ၊ မြေထိန်းသိမ်းကာကွယ်ခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်း၊ မြေဆီမြေသားကောင်းမွန်ခြင်းနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်း စသည့်လိုအပ်ချက်များကိုသဘာဝ သစ်တောများမှသာ အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် သဘာဝတောများကို အဓွန့်ရှည်စွာ တည်တံ့ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ကိုးကွေ့တောင်ကြိုးပြင်ကာကွယ်တော ဧရိယာ အတွင်း ဆင်တုံးမနွယ်၊ တောရှောက်၊ တပင်တိုင်မြနန်း၊ တောင်ပန်းပင်၊ ကြောပေါင်းတထောင်၊ တောဂျင်းနက်၊ တောနနွင်း စသည့် ဆေးဖက်ဝင်အပင်များ ပေါများစွာ ပေါက်ရောက်ခြင်း၊ ကျားသစ်၊ တောဝက်၊ ဆတ်၊ ဂျီ၊ ဒေါင်း၊ တောကြက်၊ တောကြောင်၊ တောင်ဆိတ်စသည့် တိရစ္ဆာန်များ၏ ကျက်စားရာနေရာဒေသဖြစ်ခြင်း၊ တား မြစ်ရာပါသစ်များဖြစ်သည့် ထင်းရှူး၊ အင်ကြင်း၊ ပျဉ်း ကတိုးအပါအဝင် ပရုပ်၊ လောက်ယား၊ စွယ်တော်၊ သစ်ချ၊ သစ်အယ် စသည့်သစ်မျိုးများ ပေါက်ရောက်တွေ့ရှိရ ခြင်းနှင့် သံလွင်မြစ်၏ ရေဝေရေလဲဧရိယာဖြစ်ခြင်းတို့ ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာ ခြင်းဖြစ်ပါသည်။

## ဟန်လင်းတောင်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ် အဝန်း(၁၅,၀၀၀)ဧကရှိသောနယ်မြေကို ဟန်လင်းတောင် ကြိုးပြင်ကာကွယ်တော အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၂) အရ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် (၂၀၂၂ ခုနှစ်၊ မတ်လ ၁၁ ရက်) မှစ၍ သတ်မှတ် ကြောင်း ကြေညာလိုက်သည်။

ဟန်လင်းတောင်ကြိုးပြင်ကာကွယ်တောသည် ရေ၊ မြေထိန်းသိမ်းကာကွယ်ခြင်း၊ ရာသီဥတုညီညွတ်မျှတ စေခြင်း၊ မြေဆီမြေသားကောင်းမွန်ခြင်းနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်း စသည့်လိုအပ်ချက်များကို သဘာဝ သစ်တောများမှသာ အထိရောက်ဆုံးဖြည့်ဆည်းပေးနိုင် မည်ဖြစ်သဖြင့် သဘာဝတောများကို အဓွန့်ရှည်စွာ တည် တံ့ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

ဟန်လင်းတောင်ကြိုးပြင် ကာကွယ်တောဧရိယာ အတွင်း ဆင်တုံးမနွယ်၊ ရှဉ့်မတက်၊ ဝံအူ၊ ကျားမနိုင်၊ သားမယားဥ၊ တောင်နံ့ကြီးစသည့် ဆေးဖက်ဝင်အပင် များပေါများစွာ ပေါက်ရောက်ခြင်း၊ တောဝက်၊ တော ကြောင်၊ တောကြက်၊ ဂျီ၊ ရစ်၊ ယုန်၊ ဂျိုး၊ ခါ စသည့် တိရစ္ဆာန်များ၏ကျက်စားရာနေရာဒေသဖြစ်ခြင်း၊ အဖိုးတန် သစ်မျိုးများ ဖြစ်သည့် ပျဉ်းကတိုး၊ အင်ကြင်း၊ သစ်ယာ၊ ယင်းမာ အစရှိသည့်သစ်မျိုးများအပါအဝင် ယင်းတိုက်၊ လွန်ပို၊ နဘဲ၊ ဖန်ခါး၊ သရက်ကြီး၊ ကျွန်းခေါက်နွယ်၊ လျှော်၊ ကြို့စသည်တို့ပေါက်ရောက်ခြင်းနှင့် မြို့ကြီးဆည်၏ ရေဝေရေလဲဧရိယာဖြစ်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ် တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

*ကျေးငှက်သားရဲ၊ တောမှာမြဲ၏။*
*ဇီဝမျိုးစုံ၊ တောမှာစုံ၏။*
*တောမြိုင်ရှုခံ၊ ဇီဝစုံ၏။*
*တောတောင်တင့်တယ်၊ စားကျက်ကြွယ်၏။*

PDF Compressor Free Version





# ပုပ္ပါးတောင်ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်အလှဆင်

***ဦးစိန်သက် ၊ ညွှန်ကြားရေးမှူး(ငြိမ်း)***

ဘူမိဗေဒပညာရှင်တို့အဆိုအရ ပုပ္ပါးတောင်သည် လွန်ခဲ့သော အနှစ် ၁၅ သန်းလောက်က ပေါ်ထွန်းလာခဲ့ကြောင်းသိရပါသည်။ မြန်မာရာဇဝင်ဆရာတို့ကလည်း ပုပ္ပါးတောင်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သာသနာနှစ် (၁၀၁) တွင် ပေါ်ထွန်းလာခဲ့သည်ဟု ဆိုခဲ့ကြသည်။ ပုပ္ပါးတောင်သည် ကျောက်ခေတ်ဦး အညာသား ဖလေ့ထွန်းကားခဲ့ရာ ချောက်၊ ရေနံချောင်းတို့နှင့် ရေမြေတစ်ဆက်တစ်စပ်တည်း တည်ရှိသောကြောင့် ထိုကာလများကတည်းက ယင်းဒေသတွင် လူရှိနေလောက်ပြီဟု မှန်းဆရသည်။

ပုပ္ပါး၏အဦးဆုံးနတ်မှာ ပန်းပဲမောင်တင့်တယ်နတ်မောင်နှမဖြစ်သည်။ ယင်းတို့သည် မြန်မာတို့၏ အစောဆုံးနတ်ဖြစ်ပါသည်။ အုပ်ချုပ်သူမင်းများကိုယ်တိုင်က အသိအမှတ်ပြုထားရသောကြောင့် နိုင်ငံ့စောင့်နတ်ကိုးကွယ်သူတစ်ဦးခြင်းအတွက် အိမ်စောင့်နတ်လည်း ဖြစ်လာခဲ့ပါသည်။ အရေးပါဆုံးနတ်တစ်ပါးဖြစ်သည်။ ပုပ္ပါးတောင်အကြောင်းပြောလျှင် ပုပ္ပါးရွာ(မြို့)နှင့် ပုပ္ပါးတောင်ကလပ်အကြောင်းများ မပါ၍မဖြစ်ချေ၊ ပုပ္ပါးရွာကို မည်သည့်အချိန်က စတင်တည်ရှိခဲ့သည်ကို မပြောနိုင်ပါ။ ပုပ္ပါးတောင်ကလပ်တွင် လူရဟန်း အခြေချနေထိုင်မှု ၁၉၂၀ ခန့်က စတင်လာပါသည်။ အခြေချနေထိုင်မှုနှင့်အတူ ဗုဒ္ဓသာသနာ ပူးတွဲရောက်ရှိလာပါသည်။ တောင်ထိပ်တွင် ဘုရားတည်၊ တောင်လယ်တွင် နတ်နန်းထား၊ တောင်ခြေ



တွင် ရဟန်းနေခံယူချက်အတွက် ဒေသခံနှင့်ရွှေ့ပြောင်းလာသူတို့ ပဋိပက္ခဖြစ်ဖူးပါသည်။ ဗုဒ္ဓရုပ်ပွားတော်နှင့် နတ်ရုပ်ထု ရောနှောထားသည့်ဓလေ့၊ တောင်ထိပ်တွင် နတ်ရုပ်ထားသည့်ဓလေ့ ဦးကောသလ္လက စခဲ့ပါသည်။ အလှူခံဌာနများ၌ ဘုရားရှေ့တွင် နတ်ရုပ်များထားရှိ အပူဇော်ခံလာပါသည်။ နတ်နန်းများတွင် (၃၇) မင်းနတ်ရုပ်များ အပြည့်အစုံထားရှိကိုးကွယ်လာကြသဖြင့် မယ်ဝဏ္ဏနှင့် ရွှေဖျင်းညီနောင်တို့ အခန်းကဏ္ဍသေးသိမ်လာခဲ့ပါသည်။

မြန်မာပြည်အလယ်ပိုင်းရှိ မိုးခေါင်ရေရှားဒေသတွင် သစ်တောများပျက်စီးပြုန်းတီးမှုကြောင့် သစ်တော ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ၁၉၅၃-၅၄ ခုနှစ်မှစ၍ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းက သစ်တောဌာနမှ ခေတ္တလွှဲပြောင်းပေးသော အရာထမ်းအမှုထမ်းများဖြင့် စတင်လုပ်ကိုင်ခဲ့သည်။ ပထမဆုံးလုပ်ကိုင်ဆောင်ရွက်သည့်လုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်သည့် အပူပိုင်းဒေသဗဟိုဖြစ်သည့် မိတ္ထီလာသစ်တောခရိုင် ရေဝေရေလဲစီမံကိန်း ၁၉၅၄-၅၅ ခုနှစ်နှင့် ပုပ္ပါးတောင် ရေဝေရေလဲစီမံကိန်းပင်ဖြစ်သည်။ တော်လှန်ရေးကောင်စီအစိုးရတက်ရောက်ခဲ့ပြီးနောက် သစ်တောဌာနကသာလျှင် ဆောင်ရွက်သင့်သည်ဟု လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ စတင်ပြီး သစ်တောဌာနမှ လွှဲပြောင်းတာဝန်ယူခဲ့သည်။

ပုပ္ပါးတောင်ပတ်ဝန်းကျင်တွင် သစ်တောများကို ခုတ်ထွင်ပြီး ငှက်ပျောခြံများ လုပ်ကိုင်ခဲ့ရာ ၁၉၄၂ ခုနှစ်တွင် (၃၄၃) ကေရှိခဲ့ရာမှ ၁၉၆၇-၆၈ ခုနှစ်တွင် ခြံမြေဧက (၃,၅၀၀)အထိရှိလာခဲ့သည်။ ပုပ္ပါးတောင်ရေဝေရေလဲ စီမံကိန်းကို ၁၉၅၅ခုနှစ် အောက်တိုဘာလမှစတင်၍ လုပ်ငန်း

PDF Compressor Free Version




များ စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းဧရိယာမှာ (၃၈) စတုရန်းမိုင်ခန့်ရှိသည်။ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းမှ ပုပ္ပါးတောင် သစ်တောများပြန်လည်တည်ထောင်ရေးအတွက် မူလကြိုးဝိုင်းမကြီး (၂,၉၆၁) ဧက၊ ပုပ္ပါးတိုးချဲ့(က) (၁,၉၄၂) ဧက၊ ပုပ္ပါးတိုးချဲ့(ခ) (၄၉) ဧကနှင့် ပုပ္ပါးတိုးချဲ့(ဂ) (၃,၂၅၇) ဧက စုစုပေါင်း (၈,၀၂၁)ဧကကို ကြိုးဝိုင်းအဖြစ် သတ်မှတ်ခဲ့သည်။ ထို့ပြင် ပုပ္ပါးတောင်ကိုဗဟိုပြု၍ သစ်တောဥပဒေ(၂၇) အရ (၁၈၁,၂၄) စတုရန်းမိုင်ရှိသည့်ဒေသအား ၁၉၅၈ ခုနှစ်တွင် ကာကွယ်တောအဖြစ် သတ်မှတ်ပေးခဲ့သည်။ ၁၉၆၆-၆၇ ခုနှစ်တွင် မြန်မာပြည်အလယ်ပိုင်း၌ ရေသွင်းစိုက်ပျိုးရေးအတွက် ကျက်မောက်တောင်ဆည်ကြီးကို တည်ဆောက်ပြီးစီးခဲ့ရာ ယင်းဆည်အတွင်းသို့ သဲနုန်းဖို့၍ တိမ်ကောမည့်ဘေးအန္တရာယ်ကို ကာကွယ်စေရန်နှင့် ရေစီးဆင်းမှု များပြားစေရန် ပုပ္ပါးရေမြေထိန်းသိမ်းရေးလုပ်ငန်းများ မလုပ်မဖြစ်တော့သောအခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ သစ်တောများပျက်စီးလာမှုကြောင့် သဘာဝဝန်းကျင် ယိုယွင်းပျက်စီးလာပြီး ပုပ္ပါးတောင်ရှိ သဘာဝရေထွက်များ ခမ်းခြောက်ခဲ့ရသည်။ သို့ဖြစ်ရာ ၎က်ပျောခြံများကို ရှင်းလင်းပြီး ၁၉၆၉-၇၀ ခုနှစ် မှစ၍ (၃)နှစ်အတွင်း သစ်ပင်များ ပြန်လည်စိုက်ပျိုးရန် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတွင် ၁၉၇၀ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့၌ စည်းဝေးဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ၁၉၇၀ ပြည့်နှစ်ဦး ဖေဖော်ဝါရီလတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်သစ်တောခရိုင်၊ မြိတ်မြို့တွင် သစ်တောအခွန်ဝန်ထောက်တာဝန်ထမ်းဆောင်နေသော စာရေးသူအားပြန်လည်ခေါ်ယူ၍ မိတ္ထီလာမြို့ရုံးစိုက်ကာ ပုပ္ပါးတောင် သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်းကို သစ်တောစိုက်ပျိုး ပြုစုရေးဝန် ဦးမောင်ကလေး (၂)နှင့် မိတ္ထီလာသစ်တောခရိုင်သစ်တောဝန် ဦးစိုးကြည်တို့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ရေးသားအကောင်အထည်ဖော်ခဲ့ရပါသည်။ ရေ မြေ အနေအထားနှင့် ရရှိသောအချိန်ကိုမူတည်၍ စိုက်ပျိုးခဲ့သော သစ်မျိုးများမှာ ယူကလစ်၊ ယင်းမာ၊ ထင်းရှူး၊ သစ်မကျည်း၊ မယ်ဇလီ၊ ပျဉ်းကတိုး၊ သရက်၊ ပိန္နဲ၊ သစ်ကတိုး၊ အင်ကြင်း၊ သပြေနှင့် ဖက်ဆွတ်တို့ဖြစ်သည်။ ၎က်ပျောခင်းပိုင်ရှင်များကို လုပ်ကိုင်စားသောက်ရန် အစားထိုးနေရာများပေးပြီးနောက် ၎က်ပျောခင်းများကိုဖယ်ရှားပြီး၊ သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ခြင်းဖြစ်သည်။ ၁၉၆၉-၇၀ ခုနှစ်မှ ၁၉၇၁-၇၂ ခုနှစ်အထိ (၃)နှစ်အတွင်း သစ်တောစိုက်ခင်း (၂,၇၀၂) ဧက တည်ထောင်နိုင်ခဲ့သည်။ သစ်တောသမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် စနစ်တကျစီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော်ခဲ့သော ရေဝေရေလဲသစ်တောထူထောင်ရေးလုပ်ငန်းတစ်ရပ်အဖြစ် မှတ်တမ်းတင်နိုင်ပါသည်။ သို့သော် ပထမနှစ် ၁၉၆၉-၇၀ ခုနှစ်တွင် ပြင်ဆင်ချိန်နောက်ကျခဲ့သည့်အတွက် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့သော်လည်း စီမံကိန်းလုပ်ငန်းအနေဖြင့် အောင်မြင်မှုအပြည့်အဝရရှိခဲ့သည်။ မြန်မာနိုင်ငံအလယ်ပိုင်းပုပ္ပါးတောင် သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ရာသီဥတုကောင်းမွန်မျှတလာပြီး ကျက်မောက်တောင် ဆည်ရေသောက်ဧရိယာများလည်း ဆည်ရေရရှိလာကာ စိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်စွာဖြစ်ထွန်းလာခဲ့သဖြင့် ကျောက်ပန်းတောင်းမြို့နယ်ဝန်းကျင်တွင် စီးပွားရေးများဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၄ မှ ၁၉၈၈ ခုနှစ်အတွင်း သစ်တောဦးစီးဌာန သမိုင်းဝင်ထင်ရှားခဲ့သော လုပ်ငန်းစဉ်များအနက် ၁၉၈၀ ပြည့်နှစ်တွင် သဘာဝထိန်းသိမ်းရေးနှင့် အမျိုးသားလုပ်ငန်းစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါသည်။ ပုပ္ပါးတောင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းကို ၁၉၈၂ ခုနှစ်တွင်စတင်ခဲ့ပြီး ဂျီ၊ ကျားသစ်၊ ဘူမိရုပ်သွင်လက္ခဏာများ အဓိကကာကွယ်ထိန်းသိမ်းရန်အတွက် ပုပ္ပါးကြိုးဝိုင်းများနှင့် ကျက်မောက်တောင် ရေဝေရေလဲဒေသများအပါအဝင် ဧရိယာစုစုပေါင်း (၃၁,၇၆၃ ဧက) ၄၉.၆၃ စတုရန်းမိုင်ခန့်ကို ၁၉၈၉ ခုနှစ်တွင် ပုပ္ပါးတောင် ဥယျာဉ်အဖြစ် သတ်မှတ်ကြေညာထုတ်ပြန်နိုင်ခဲ့ပါသည်။




စာမျက်နှာ( ၁၂) သို့ ➤

PDF Compressor Free Version



# ကျွန်တော်တို့ရဲ့ ရေဆင်း




ဝင်းချစ် (အမျိုးသားစာပေဆုရ)

## ယခင်လမှအဆက်

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်လက်အောက်ရှိ သစ်တောပညာဌာနသည် ၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၏လက်အောက်သို့ ပြောင်းရွှေ့ခဲ့သည်။ ရေဆင်းသို့ ပါမောက္ခဦးစိုးကြည် ဦးဆောင်လျက် ဦးစောကယ်လ်ဗင်ကဲ၊ ဦးအောင်ကြင်၊ ဦးတင်ထွန်း၊ ဦးရွှေသိန်း၊ ဦးခင်မောင်လွင်နှင့် ဦးသန်းမြင့်တို့ လိုက်ပါပြောင်းရွှေ့ခဲ့ကြသည်။ ဦးအောင်ကြင်သည် ပါမောက္ခချုပ်တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူပြီးနောက် အကြံပေးပုဂ္ဂိုလ်အဖြစ် ယခုတိုင် တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် သစ်တောတက္ကသိုလ်အဖြစ် သီးခြားတည်ထောင်ခဲ့ပြီး သစ်တောရေးရာဝန်ကြီးဌာနအောက်တွင် ထားရှိခဲ့သည်။ ထိုအချိန်က တက္ကသိုလ်များအားလုံး (ဆေးတက္ကသိုလ်များနှင့် တိုင်းရင်းသားဖွံ့ဖြိုးမှုတက္ကသိုလ်မှအပ) ပညာရေးဝန်ကြီးဌာန၏လက်အောက်တွင်ရှိကြသည်။ သစ်တောတက္ကသိုလ်တွင် ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသူများမှာ – ဦးစောရန်အောင်စီဒူး(၁၉၉၂ မှ ၁၉၉၅)၊ ဦးစိုးတင့် (၁၉၉၅ မှ ၁၉၉၆)၊ ဦးအောင်ကြင် (၁၉၉၆ မှ၁၉၉၉)၊ ဦးအောင်သန်း (၂၀၀၀ မှ ၂၀၀၂) တို့ဖြစ်ကြပြီး၊ ဦးဝင်းကြည်– ၁ သည် ၂၀၀၂ ခုနှစ်မှ ယနေ့ထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။

အထက်ဖော်ပြပါ တက္ကသိုလ်သုံးခုနှင့် သုတေသနဌာနနှစ်ခုတွင် တာဝန်ထမ်းဆောင်ကြသည့်ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုများသည် တစ်မြေတည်းနေ တစ်ရေတည်းသောက်– ဆိုးတူကောင်းဖက်– ပျဉ်းမနားသို့သွားလျှင် ကျောက်ကားစီးရသည့်ဘဝ၊ ထွန်စက်စီးရသည့် ဘဝမှစ၍ နှစ်ပေါင်းနှစ်ဆယ်ကျော် သုံးဆယ် အတူနေထိုင်ခဲ့ကြ– ဘယ်မှာ မရင်းနှီးဘဲ နေကြပါမလဲ။ ဈေးလိုက်ကြတော့လဲ ရေဆင်းရွာ ၅ ရက်ဈေးမှအစ နောင်တက္ကသိုလ်ဗိမာန်ဈေးဖြစ်သည်အထိ အတူတူ၊ ဘက်ဆိုင်တန်းမှာ အကြော်စား၊ လက်ဖက်ရည်သောက်၊ စိုက်တက္ကသိုလ်မှ ကျောင်းသား/သူများ ဘော်လီဘော၊ ဘတ်စကတ်ဘောကစားကြသည်ကို ငေးကြတော့လည်း အတူတူ။ သီတင်းသီလဆောက်တည်ကြ၊ တရားစခန်းဝင်ကြ၊ တရားနာကြ၊ အလှူအတန်းတွေသွားကြတော့လည်း ကန်ဦးကျောင်း၊ လယ်ပြင်ကျောင်း၊ ရွှေကျောင်း၊ ပေါက်ကုန်းကျောင်းနှင့် စိုက်တက္ကသိုလ်က ဓမ္မာရုံကြီးမှာ အတူတူ။ သားသမီးတွေ ကျောင်းတက်ကြတော့လည်း တစ်ကျောင်းတည်း၊ သားတို့သမီးတို့ ဆရာမတွေကရော ဒီကဆရာများ၊ သုတေသီများရဲ့ဇနီးသည်တွေ။ နောက်ပြီး အနေကြာလာသည်နှင့်အမျှ ကိုယ့်သားနှင့် သူ့သမီး၊ သူ့တူမနှင့် ကိုယ့်တူ အကြောင်းဆက် ပေါင်းဖက်ကြတော့ ဆွေမျိုးတွေဖြစ်လာကြ၊ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး ရာထူးဂုဏ်၊ ငွေဂုဏ်မမောက်ကြ။ အခက်အခဲရှိလျှင် တစ်ယောက်ကို တစ်ယောက် ကူညီကြစမြဲ၊ ဂုဏ်မခံကြ။

ကြုံကြိုက်တုန်း ရေဆင်းရဲ့ဂုဏ်သတင်းတွေကို ဆက်ပြီးဖြန့်ဝေပါရစေ။ ပထမဦးဆုံးပတ်ဝန်းကျင် သဘာဝ အလှအပ– အရှေ့ဖက်နှင့် မြောက်ဘက်တွင် ညို့ညို့ဆိုင်းဆိုင်း ရှမ်းရိုးမ (အရှေ့ရိုးမ) တောင်တန်းကြီးများ၊ တောင်ဖက်တွင် စိမ်းမြသောလယ်ကွင်းများနှင့် နာမည်ကြီး လေ့ခွင်းတောင်၊ အရှေ့တောင် ခပ်မှိုင်းမှိုင်းမှာက ဆင်ဖြူတောင်၊ အနောက်ဖက်မှာကျတော့ လယ်ကွင်းများနှင့် ပဲခူးရိုးမ (အလယ်ရိုးမ)၏ အဆုံးစွန်ဖြစ်သည့် ဖိုးဖောင်တောင် (ယခုဝန်ကြီးရုံးများရှိသည့်ဒေသ) အဆိုပါ တောတောင်များ၊ လယ်ကွင်းများကို ဖြတ်သန်းတိုက်ခတ်လာသည့် အလွန်သန့်ရှင်းလတ်ဆတ်သောလေ၊ စက်ရုံများ၊ အလုပ်ရုံများ

PDF Compressor Free Version


မရှိ၊ မော်တော်ယာဉ်များ မရှိသလောက်နည်း၊ အမှိုက်သရိုက်၊ စွန့်ပစ်ပစ္စည်းများ အလွန်နည်း၊ ကျိုးကန်းပင်မရှိ။ ထို့ကြောင့် ညစ်ညမ်းမှုကင်းသော လေ၊ အောက်စီဂျင်ပြည့်ဝသောလေကို ရှူရှိုက်ခွင့်ရကြသည့် ရေဆင်းသားများ(Yezinian)၊ ကမ္ဘာ့မြို့ကြီးများတွင် မော်တော်ယာဉ်များ စက်ရုံများ များပြားသဖြင့် လေထုညစ်ညမ်းမှုကြောင့် အောက်စီဂျင်ကို အခကြေးငွေပေး၍ ရှူနေကြရသည့် အခါသမယမျိုးတွင် ရေဆင်း၌နေထိုင်ခွင့်ရကြသည်မှာ ကံထူးသည်။ သာယာလှပ၍ လွတ်လပ်သော ပတ်ဝန်းကျင်နှင့် လေကောင်းလေသန့်ကို ရှုရှိုက်ခွင့်ရသည့် အကျိုးကြောင့် ထင်သည် ရေဆင်းတွင် မွေးဖွားကြီးပြင်းကြသော ကလေးများ (ကျွန်တော့်သား အငယ်ဆုံး အပါအဝင်) သန်မာထွားကြိုင်းကြသည်။ ယောက်ျားလေးများ အရပ် ၅ ပေ ၇ လက်မနှင့် အထက်ရှိကြသူကများသည်။ ရန်ကုန်သို့ လေးငါးဆယ်ရက်ကြာ သွားရောက်ပြီး ပြန်လာသည့်အခါမျိုးတွင် စိမ်းစားပင်ကွေ့ကိုကျော်ပြီး ARI ဝင်းပေါက်ကို စ၍ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် အသက်ရှူရသည်မှာ ဝလာသည်။ အားတွေပြည့်လာသည်ဟု ခံစားရသည်။ ဆည်ရေပြင်မှ တိုက်ခိုက်လာသောလေကို ရှူလိုပါသလား။ နံနက်ခင်း၊ ညနေခင်းများတွင် ရေဆင်းဆည်ပေါင်တွင် အေးအေးဆေးဆေး လမ်းလျှောက်ရင်း လေညှင်းခံနိုင်ရုံသာမက ရှမ်းရိုးမတောင်တန်းကြီးများမှ ထွက်ပြူလာသည့် နေမင်း၏ နံနက်ဆည်းဆာအလှနှင့်အလယ်ရိုးမ တောင်တန်းကြီးများသို့ ဝင်ရောက်သွားသည့် နေမင်း၏ ညနေဆည်းဆာအလှများကိုပါခံစားနိုင်သည်။

ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ခွင့်ရကြသဖြင့် ခြံနှင့် ဝင်းနှင့် ရေမီးအစုံ၊ ရုံးသွားရုံးပြန် ဘတ်စ်ကားတိုးစီးရန်မလို။ ခါးပိုက်နှိုက်ရန်ကို ကြောက်စရာမလို။ သားတို့သမီးတို့ ကျောင်းတက်ရန်အတွက် ကျောင်းကားအဆင်သင့်၊ တစ်ပတ်တစ်ကြိမ် ပျဉ်းမနားဈေးသို့ ပို့ပေးသည်။ ရုံးမှာက အိမ်မှာထက်ပို၍ ဖိမ်ကျသည်။ air-con နှင့် မီးစက်နှင့်။

စိုက်တက္ကသိုလ်ဝင်းအတွင်း မူလတန်းကျောင်းမှ စတင်ခဲ့ပြီး နောင်တွင်တွဲဖက် အလယ်တန်းကျောင်းမှသည် အထက်တန်းကျောင်း ဖြစ်သွားသည့် ရေဆင်း အ-ထ-က(၄) သည်လည်း အထင်ကရကျောင်းဖြစ်သည်။ မြို့ကြီးများမှာလို နာမည်ကြီးကျူရှင်တွေ မရှိသော်လည်း (၄)ဘာသာ၊ (၅)ဘာသာ ဂုဏ်ထူးတွေထွက်ကြသည်။ ရေဆင်းကျောင်းထွက်ဆရာဝန်များ၊ အင်ဂျင်နီယာများနှင့် သစ်တော၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များ၊ ကွန်ပျူတာပညာရှင်များလည်း မနည်းတော့ပါ။

နောက်ပြီး ရေဆင်းရှိ တက္ကသိုလ်များအနေဖြင့် ဂုဏ်ယူစရာအကောင်းဆုံး တစ်ခုရှိပါသည်။ ကျွန်တော်တို့ တက္ကသိုလ် (၃)ခုတွင် ကျူရှင်လုံးဝမရှိပါ။ ဆရာ၊ ဆရာမများက ဆရာစားမချန် အတန်းထဲမှာ အစွမ်းကုန်သင်ပေးသည်။ နားမလည်တာရှိလျှင် ဌာနမှာသာမက အိမ်မှာပါလာမေး၍ရသည်။ ဆရာများက Always Welcome။ လစာအပြင် အပိုဝင်ငွေရှာချင်လျှင် ဈေးရောင်းကြသည်၊ ကြက်မွေးကြသည်။ ပန်းပင်ပျိုး၍ ရောင်းကြသည်။ စပါး၊ ပဲ၊ နှမ်း၊ သခွားမွေးစသည်များ စိုက်ပျိုးကြသည်။ မြေဩဇာထုတ်လုပ်၍ ရောင်းသည်။ မိမိသင်ကြားပေးသည့် ဘာသာရပ်ဖြင့် ဘယ်ဆရာ၊ ဆရာမမှ ကျူရှင်မပေးကြ၊ စာမေးပွဲအောင်ရန် ဂုဏ်ထူးထွက်ရန် လာဘ်ထိုး၍မရ၊ စာမေးပွဲတွင် ခိုးချ၍မရ။ ခိုးချသည့်အစဉ်အလာမရှိခဲ့။ တစ်ဦးတလေ ရှိလျှင်လည်း စာမေးပွဲခန်း တာဝန်ကျသည့် ဆရာ၊ ဆရာမများက အလွတ်မပေး စည်းကမ်းအတိုင်း အရေးယူသည်။

ရေဆင်းတက္ကသိုလ်များကို ပြည်ထောင်စုကြီးထဲမှ ပြည်ထောင်စုလေးဟုတင်စားကြသည်။ တစ်နိုင်ငံလုံးမှာရှိကြသည့် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ရခိုင် တိုင်းရင်းသားမျိုးစုံ ဤတက္ကသိုလ်များမှာ တက်ရောက်ကြသည်။ ထို့ကြောင့် ပြည်မနှင့်ပြည်နယ်သားများ တွေ့ဆုံရင်းနှီးခွင့်ရကြသည်။ ကရင်တိုင်းရင်းသားအသင်း၊ ကချင်တိုင်းရင်းသားအသင်း၊ ချင်းတိုင်းရင်းသားအသင်း စသည့်တိုင်းရင်းသားအသင်းများရှိကြသည်။ နှစ်စဉ် ပြည်ထောင်စုနေ့တွင် စိုက်တက္ကသိုလ်မှကြီးမှူး၍ တက္ကသိုလ် ၃ ခုမှ ကျောင်းသား၊ ကျောင်းသူများစုပေါင်း၍ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲ ကျင်းပကြသည်။ ရှမ်းရိုးရာမီးပုံးပျံလွှတ်သည်။

ထို့ပြင် တိုင်းအသင်း၊ ခရိုင်အသင်း၊ မြို့နယ်အသင်းများလည်းရှိသည်။ ရန်ကုန်တိုင်းအသင်း၊ ဧရာဝတီတိုင်းအသင်း၊ မန္တလေးတိုင်းအသင်း၊ မြေလတ်အသင်း ၊ မြင်းခြံအသင်း၊ ချင်းတွင်းအသင်း စသည့်အသင်းများရှိသည်။ အထက်ဖော်ပြပါ တိုင်းရင်းသားအသင်းများနှင့် တိုင်း၊ ခရိုင်အသင်းများက မောင်မယ်သစ်လွင် ကြိုဆိုပွဲ၊ နောက်ဆုံးနှစ် ကျောင်းသား/သူများ ဂုဏ်ပြုနှုတ်ဆက်ပွဲ၊ ပြည်နယ်နေ့များ၊ ရိုးရာအစားအသောက် ဈေးရောင်းပွဲများ၊ ထမနဲထိုးပြိုင်ပွဲများ ကျင်းပကြသည်။ ကျောင်းသား/သူများအတွက် မိတ်ဆွေကောင်းများ၊ သူငယ်ချင်းကောင်းများ တိုးပွားကြသည်သာမက လူမှုရေးလုပ်ငန်းများအတွက်ပါ အဖိုးမဖြတ်နိုင်သော အတွေ့အကြုံများ ရရှိကြသည်။ ၎င်းပြင် တက္ကသိုလ်များတွင်အတန်းလိုက် ဘောလုံးပြိုင်ပွဲ၊ ဘောလီဘောပြိုင်ပွဲများလည်း ကျင်းပလေ့ရှိသဖြင့် လူမှုရေးသာမက အားကစားလည်း လိုက်စားနိုင်သည်။

ကျန်ပါသေးသည်။ ရေဆင်းရှိ ကျောင်းသား/ သူများရရှိသည့် အခွင့်ထူးတစ်ရပ်။ နှစ်စဉ်စာဆိုတော်နေ့

အထိမ်းအမှတ်အဖြစ် နိုင်ငံကျော်စာရေးဆရာကြီးများ၊ ဆရာမကြီးများကို စိုက်တက္ကသိုလ်၌ အားကစားခန်းမကြီး မရှိခင်ကတည်းက ကျွန်းတောတင်းနစ်ကွင်းဘေးတွင် ကျင်းပခဲ့ကြ။ ဆရာကြီးဦးသုခ၊ ဆရာမကြီး ခင်ဆွေဦး၊ ဆရာမကြီး စောမုံညင်းတို့မှအစ ဆရာကြီး အီကြာကွေး၊ ဂျူး၊မောင်စိန်ဝင်း (ပုတီးကုန်း)၊ ကိုတာ၊ ကံချွန်၊ ကာတွန်းဝွေကြည် စသည့် နာမည်ကျော် စာရေးဆရာ၊ ဆရာမများကို ရေဆင်းတက္ကသိုလ်များမှ ကျောင်းသား/သူများ ရင်းနှီးခွင့်ရရှိကြသည်။ ညနေ ၁၁ နာရီ ၁၂ နာရီထိ ချမ်းချမ်းစီးစီးနှင့်နားထောင်ကြရသည်မှာ တစ်သက်တာ မမေ့စရာ။

ရေဆင်းအနေဖြင့် ဂုဏ်ဝင့်စရာတစ်ခု ရှိပါသေးသည်။ FRI မှ ဂေါက်ကွင်း ဖြစ်ပါသည်။ ယခုအခါ နေပြည်တော်တလွှား နာမည်ကျော်ကြားနေသည့် ဂေါက်ကွင်း။ ရှမ်းရိုးမတောင်တန်းကြီးများကိုမျက်နှာပြုပြီး ရေဆင်းဆည်တစ်လျှောက် ဖောက်၍ထားသဖြင့် ဂေါက်သီးရိုက်သူများအတွက် အလွန်ကြည်နူးချမ်းမြေ့ဖွယ်ကောင်းသည့် ဂေါက်ကွင်း။ ကွင်းတို၍ လွယ်မယောင်နှင့် မလွယ်သော ဂေါက်ကွင်း၊ တစ်ခါကစားဖူးလျှင် ထပ်ကာ ထပ်ကာလာ၍ ကစားချင်ကြသည့် ဂေါက်ကွင်း။ ဤဂေါက်ကွင်းကို ၁၉၈၂ ခုနှစ်က Green ၄ ခုဖြင့် စတင်ဖောက်လုပ်ခဲ့သည်။ အစ်ကိုကြီး ဦးစိန်ဝင်းနှင့် အစ်ကိုကြီး ဦးစိုးဒူးတို့၏ လက်ရာများမှ တစ်ခုဖြစ်သည်။ FRI တွင် ဂေါက်ကွင်းသာမက တင်းနစ်ကွင်း၊ ရေကူးကန်နှင့် ဘောလုံးကွင်းပါရှိသည်။ အမြော်အမြင်ကြီးသော တာဝန်ယူရဲသော လူကြီးများ၏ စေတနာကြောင့် နောင်းလူများ ခံစားရသည့် အသီးအပွင့်များဖြစ်ပါသည်။

ဤသို့ ကျွန်တော် ဘက်ပေါင်းစုံသဘောကျသည့် ရေဆင်းဒေသတွင်နှစ်ပေါင်း ၃၀ နီးပါး နေထိုင်ပြီးသည့်တိုင် နေလို့မဝသေးပါ။ ထို့ကြောင့် အခြေအနေပေးပါလျှင် “ **ကျွန်တော့်အသက် ရှည်သမျှပါ – ရေဆင်း**”။

**မွေးမြူရေးဆိုင်ရာတက္ကသိုလ်၊**
**ရွှေရတုသဘင်အထိမ်းအမှတ်မဂ္ဂဇင်း၊ ၂၀၀၇၊ နိုဝင်ဘာ။**

**‘ရွှေထီးမဆောင်းခဲ့ရတဲ့ကျွန်တော်’**
**ဝင်းချစ်(အမျိုးသားစာပေဆုရ)၊**
**ဒုတိယအကြိမ်၊ ၂၀၂၀ ၊ မတ် မှ စာရေးသူ၏**
**ခွင့်ပြုချက်အရ ဖော်ပြခြင်းဖြစ်ပါသည်။**

စာမျက်နှာ (၉)မှ အဆက်

ပုပ္ပါးတောင်အရှေ့ခြမ်းတွင် ကြိုးဝိုင်းတော (၇,၂၅၀) ဧကနှင့် ကြိုးပြင်ကာကွယ်တော (၂၅,၆၀၀) ဧက ပါဝင်သည်။ ကြိုးပြင်ကာကွယ်တောအတွင်း၌ ငှက်ပျောစိုက်ဧရိယာ (၅,၄၇၅) ဧကရှိသည်။ ပုပ္ပါးတောင်အရှေ့ခြမ်းငှက်ပျောစိုက်ခင်းဧရိယာအတွင်း၌ သစ်တောသစ်ပင်နှင့် နှစ်ရှည်သီးနှံပင်များဖြင့် အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းကို ၁၉၉၅-၉၆ ခုနှစ် မှစတင်၍ စီမံချက်ချဆောင်ရွက်ခဲ့သဖြင့် ၁၉၉၅-၉၆ ခုနှစ်မှ ၂၀၀၂-၀၃ ခုနှစ်အထိ သစ်တောသစ်ပင်စုစုပေါင်း (၁,၂၄၀,၀၀၀) ပင်စိုက်ပျိုးခဲ့သည်။ ၂၀၀၃ ခုနှစ် မိုးရာသီအတွင်း သစ်ဆိပ်ပင် (၁၀၀,၀၀၀) ဖြည့်စွက်ဖာထေးစိုက်ပျိုးခဲ့သည်။ ၎င်းအပြင် ၁၉၉၅-၉၆ ခုနှစ်မှ ၂၀၀၂-၀၃ ခုနှစ်အထိ နှစ်ရှည်သီးပင်ပေါင်း (၆၀၀,၀၀၀)ခန့် အခမဲ့ဖြန့်ဝေစိုက်ပျိုးခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ပုပ္ပါးတောင်မကြီးထိပ်တွင် ထင်းရှူးပင်ပေါင်း (၅၄,၄၄၃)ပင် စိုက်ပျိုးခဲ့သည်။

မြန်မာလူမျိုးမှန်သမျှ ပုပ္ပါးတောင်ကို သိကြသည်၊ မြန်မာနိုင်ငံအလယ်ပိုင်း မီးတောင်ဟောင်းတစ်ခုအဖြစ်လည်းကောင်း၊ မြန်မာလူမျိုးတို့၏ အိမ်တိုင်းနီးပါးတွင်ထားရှိကိုးကွယ်ကြသော အိမ်တွင်းမင်းမဟာဂီရိနတ် ပျော်စံရာနေရာအဖြစ်လည်းကောင်း၊ ပုဂံရာဇဝင်နှင့် ဆက်စပ်နေသောနတ်များနှင့်ပတ်သက်၍လည်းကောင်း စကားဝါပန်းများနှင့်တွဲစပ်လျက် ပုပ္ပါးတောင်သည် မြန်မာလူမျိုးများအကြားတွင် အလွန်ထင်ရှားလှပါသည်။ ပုပ္ပါးသည် သမိုင်းအရ၊ ယဉ်ကျေးမှုအရ၊ ဘူမိဗေဒအရ၊ ရှေးဟောင်းသုတေသနပညာအရ မြန်မာပြည်သူတို့၏ နတ်ကိုးကွယ်မှုဆိုင်ရာယုံကြည်မှုများအရ မြန်မာနိုင်ငံ၏အရေးပါသော နေရာတစ်ခုအဖြစ် ရပ်တည်လျက်ရှိနေပါသည်။ ပုပ္ပါးတောင်ကို ရာသီဥတုသာယာချိန်တွင် မိုင်(၅၀)နီးပါးဝေးကွာသော အရပ်လေးမျက်နှာမှ တွေ့မြင်နိုင်ပြီး မိုင်(၄၀)ခန့်ဝေးသော ရောဝတီမြစ်မှပင် ထင်ရှားစွာတွေ့နိုင်ပါသည်။ သို့ပါ၍ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသ၏ အိုအေစစ်တစ်ခုဖြစ်သော ပုပ္ပါးတောင်ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်အလှဆင်ရန် လူတိုင်းတွင်တာဝန်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။



သစ်ပင်တွေကို
အသစ်ပြန်စိုက်တာထက်
ရှိပြီးသားတွေကို မခုတ်တာက
ပိုထိရောက်တယ်။

*APK*

PDF Compressor Free Version



# မြန်မာပြည်သစ်တောအုပ်ချုပ်မှု နှစ်တစ်ရာအတွင်း ပေါ်လွင်ထင်ရှား ထူးခြားမှုများ (၅)



သစ်တောရေးရာဂျာနယ် ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ တွင်ဖော်ပြပါရှိခဲ့သည့် ဦးဘကောင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ဆောင်းပါးအား သစ်တောပညာရပ်ပြည့်အကြိုအဖြစ် ပြန်လည်ဖော်ပြအပ်ပါသည်။

ယခင်လမှအဆက်

## ၁၉၃၉–၁၉၅၅ ကာလ (Peroid 1939 to 1955)

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလတွင် ဒုတိယကမ္ဘာစစ်ဖြစ်ပွားလာသဖြင့် သစ်တောဌာနအနေဖြင့် ဒုတိယအကြိမ် စစ်မြေပြင်ရှေ့တန်းအတွက် သစ်နှင့်အခြား သစ်တောထွက်ပစ္စည်းအမြောက်အမြား ပံ့ပိုးပေးခဲ့ရပါသည်။ သစ်တောဌာနနှင့် သစ်ကုမ္ပဏီဝန်ထမ်းများစွာမှာ စစ်မှုထမ်းဆောင်ရန် ဆင့်ခေါ်ခြင်းခံခဲ့ရပါသည်။ ခွဲစိတ်နိုင်စွမ်းနှင့် သယ်ယူပို့ဆောင်နိုင်အားထက် ကျော်လွန်၍ သစ်အမြောက်အမြား ထုတ်လုပ်ခဲ့ရပါသည်။ ပုံမှန်နှစ်စဉ် ကျွန်းနှင့်သစ်မာထုတ်လုပ်မှု (တန် ၁ သန်းအောက်) ထက်ပိုလွန်၍ သစ်တန် (၂၁၃၇၀၀)တန်နှင့် ဖလီဖားတုံး (၁၂၅၀၀၀)တန်ကို ၁၉၄၀ ခုနှစ်၊ ဖွန်လမှ ၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မြန်မာပြည်စစ်ဖက်ထောက်ပံ့ရေးနှင့် စစ်ဖက်စီးပွားရေးဌာန၊ (Burma Warfare Supplies and Economic Warfare Department) အတွက် ထုတ်လုပ်ပေးခဲ့ရပါသည်။

အဆိုပါ လုပ်ငန်းစဉ်အားလုံး ၁၉၄၂ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ဂျပန်တို့ မြန်မာပြည်တွင်း ဝင်ရောက်မှုနှင့်အတူ အဆုံးသတ်ခဲ့ရပါသည်။ ဥရောပတိုက်သားနှင့် အင်္ဂလိပ်–အိန္ဒိယကပြားဝန်ထမ်းအားလုံးအား အိန္ဒိယပြည်သို့ ဆုတ်ခွာ ပြောင်းရွှေ့ပေးခဲ့ရာ အများစုမှာ လမ်းခရီး၌ ဒုက္ခခံစားခဲ့ကြရပါသည်။ သစ်တောဌာနအရာရှိများသည် စစ်ဆုတ်ခွာရန်ပြင်ဆင်မှုနှင့် စစ်ဆုတ်ခွာစဉ်တစ်လျှောက် အရေးပါသောကဏ္ဍမှ ပါဝင်ထမ်းဆောင်ခဲ့ကြသဖြင့် အများအပြားဆုတံဆိပ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုမှတ်တမ်းတင်ခြင်းများ ခံယူခဲ့ကြရပါသည်။ မြန်မာပြည်သိမ်းပိုက်ခံခဲ့ရပြီးနောက် ဆုတ်ခွာလာခဲ့သော အဓိက သစ်တောဝန်ထမ်းအစုသည် သစ်တောမင်းကြီးချုပ် မစ္စတာစမစ် (H.C.Smith) ဦးဆောင်စုစည်းမှုဖြင့် အိန္ဒိယနိုင်ငံ ဆင်းမလားမြို့၌ စစ်ပြီးကာလ၌ မြန်မာပြည်သစ်တောဌာနအား ပြန်လည်ထူထောင်မည့်စီမံကိန်းများရေးဆွဲခဲ့ကြပါသည်။ ကျန်ဝန်ထမ်းများမှာ စစ်ဖက်တာဝန်နှင့် စစ်ဖက်ထောက်ပံ့ရေး တာဝန်များ ပေးအပ်ခြင်းခံခဲ့ရပါသည်။ သစ်တောဌာနနှင့် ကျွန်းသစ်ကုမ္ပဏီများမှ ဝန်ထမ်းအများအပြားမှာ မြန်မာပြည်၏ တောတောင်ရေမြေနှင့် လမ်းကြောင်းများဆိုင်ရာ ဗဟုသုတကြွယ်ဝသဖြင့် ဂျပန်သိမ်းပိုက်ခံနယ်မြေအတွင်း စုံစမ်းထောက်လှမ်းခြင်းနှင့် ခရီးရှည်ထိုးဖောက် ချီတက်သည့် အဖွဲ့များတွင် တာဝန်ချထားခြင်းခံခဲ့ရပါသည်။

ဂျပန်သိမ်းပိုက်ထားသည့် ကာလအတွင်း သစ်တောအရာရှိအနည်းငယ်မှ ဖရိုဖရဲဖြစ်နေသော မြန်မာပြည်သစ်တောဌာနအား ပြန်လည်စုစည်း၍ လုပ်ငန်းအချို့ ပြန်လည်စတင်ရန် ဆောင်ရွက်ခဲ့ကြပါသည်။ တချိန်တည်းတွင် ဂျပန်တို့သည် နိပွန်ဘားမားသစ်ကုမ္ပဏီ (Nippon Burma Timber Union) ကိုဖွဲ့စည်းတည်ထောင်ပြီး၊ သစ်ထုတ်ရန် နိုင်ငံတစ်ဝန်းရှိ လွယ်ကူသည့်တောအားလုံး အဓိကကျွန်းသစ်အပါအဝင် သစ်အမြောက်အမြားကိုထုတ်ယူခဲ့ကြပါသည်။ စုစုပေါင်းထုတ်ယူမှုမှာ သစ်လုံးရေ (၇၀၀၀၀၀) ခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နိုင်သည့် ဆင်ကောင်ရေ (၃၀၀၀) ခန့်ကို ပြန်လည်စုစည်းခဲ့ကြပါသည်။ သင်းသတ်ပြီး ကျွန်းပင်အများအပြားအား ခုတ်လှဲခြင်း၊ ကျွန်းပင်အနည်းငယ် ထပ်မံသင်းသတ်ခြင်းတို့ကို သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ပါပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာပြည်အား ပြန်လည်သိမ်းပိုက်ရန် ချီတက်လာသည့် မဟာမိတ်တပ်မတော်နှင့်အတူ အထူးသစ်တောအဖွဲ့(Special Forest Branch) လိုက်ပါလာပြီး သစ်တော

PDF Compressor Free Version



အုပ်ချုပ်မှုကို ၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလ၌ မြစ်ကြီးနားမြို့မှအစပြု၍ ပြန်လည်ဆောင်ရွက်နိုင်ခဲ့ပါသည်။ စစ်အုပ်ချုပ်ရေးကာလပြီးဆုံးသည့် ၁၉၄၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး၌ သစ်တောအုပ်ချုပ်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အထူးသစ်ထုတ်လုပ်ရေးအဖွဲ့ကိုလည်း အလားတူ အထူးသစ်တောအဖွဲ့နှင့် ပူးတွဲဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ သစ်ထုတ်ရေးအဖွဲ့များသည် ကျွန်းသစ်ကုမ္ပဏီကြီးများမှ ဝန်ထမ်း၊ လုပ်သားများဖြင့်ဖွဲ့စည်းခဲ့ပြီး သစ်တင်ပို့ချလုပ်ငန်းပြန်လည်ထူထောင်ရေးနှင့် အစောပိုင်းကာလ အရပ်ဖက်အုပ်ချုပ်ရေးအတွက် လိုအပ်သည့် သစ်နှင့် သစ်တောထွက်ပစ္စည်းပံ့ပိုးရေးတို့ကို ဦးစီးဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်ရှိ သစ်စက်များကို တော်ဝင်အင်ဂျင်နီယာများ ကြီးကြပ်မှုဖြင့် ပြန်လည်စတင်လည်ပတ်နိုင်ခဲ့ပြီး အထက်မြန်မာနိုင်ငံရှိ သစ်စက်များကိုမူ သစ်တောဌာန ကြီးကြပ်မှုဖြင့်ပြန်လည်လည်ပတ်နိုင်ခဲ့ပါသည်။ ၁၉၄၅ ခုနှစ် ကုန်ဆုံးသည့်ကာလအထိ ထုတ်လုပ်သမျှသစ်အားလုံးကို စစ်ဖက်မှ ၎င်းတို့လိုအပ်ချက်နှင့် အခြားပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သော ရထားလမ်း၊ သင်္ဘောဆိပ်၊ တံတားစသည်တို့ပြုပြင်တည်ဆောက်ရေးအတွက် အသုံးပြုခဲ့ပါသည်။

အရပ်ဖက်အုပ်ချုပ်ရေး ပြန်လည်စတင်သည့် ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် သစ်တောဌာနသည် ပြန်လည်ဖွဲ့စည်းတည်ထောင်ပြီးဖြစ်၍ သစ်ထုတ်လုပ်ရေးကဏ္ဍအား သစ်တောဌာနအရာရှိများ သစ်ကုမ္ပဏီကြီးမှ ကိုယ်စားလှယ်များနှင့် ဒေသခံကုန်သည်တစ်ဦး၊ နှစ်ဦးတို့ပါဝင်ဖွဲ့စည်းထားသည့် သစ်လုပ်ငန်း(Timber Project) အဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၎င်းအဖွဲ့၏ ဝန်ထမ်းအများစုမှာ သစ်ကုမ္ပဏီကြီးများမှ လက်ထောက် အရာရှိများနှင့် လုပ်သားများဖြစ်ကြပါသည်။

စစ်ဖြစ်နေသည့်ကာလအား အကျဉ်းချုပ်သုံးသပ်ရပါက ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူ သစ်တောဌာနနှင့် ကျွန်းသစ်ကုမ္ပဏီကြီးများမှ အဖွဲ့ဝင်အရေအတွက်မှာ D.S.O ဆု (၁) ဦး၊ C.B.E ဆု (၁)ဦး၊ O.B.E ဆု(၆)ဦး၊ M.B.E ဆု (၁) ဦး၊ M.C ဆု (၇)ဦး၊ Rao Sahib ဆု (၁)ဦး၊ ငွေတံဆိပ်ဆု (၁)ဦး၊ H.M ဆု (၁)ဦး၊ Mention in Despatches ဆု (၂)ဦးတို့ဖြစ်ပါသည်၊ ထို့ပြင် (၃၂) ဦးထက်မနည်းသော သစ်တောဌာနဝန်ထမ်းများမှာလည်း တာဝန်ကိုသစ္စာရှိစွာထမ်းဆောင်ခဲ့မှုအတွက် အသိအမှတ်ပြုလွှာချီးမြှင့်ခံခဲ့ရပါသည်၊ စစ်၏အကျိုးဆက်များကြောင့် မြန်မာနိုင်ငံသစ်တောကျောင်း၊ (Class I) အထက်တန်းကျောင်းဆင်း(၅)ဦးနှင့် (Class II) ရိုးရိုးတန်းကျောင်းဆင်း (၈)ဦး သေဆုံးခဲ့ရပါသည်။ အခြား အမည်မဖော်ပြနိုင်သော လက်ထောက်ဝန်ထမ်းအများအပြားလည်း ယခုကဲ့သို့ ဂုဏ်ပြုမှတ်တမ်းတင်ခံရသူများစာရင်း၌ ပါဝင်ဦးမည်ဖြစ်ပါသည်။

ခြုံငုံသုံးသပ်ရပါက သစ်တောပျက်စီးဆုံးရှုံးမှု အများဆုံးမှာ သစ်တောစိုက်ခင်းများ အပါအဝင်သွားလာရန် လွယ်ကူသောဒေသများရှိ သစ်တောအများစုမှာ ထိခိုက်ပျက်စီးမှုမရှိခဲ့ပါ။ သစ်တောဆိုင်ရာ အဆောက်အအုံများ၏ ၅၀% ခန့်ပျက်စီးခဲ့ရပြီး အားလုံးသောလမ်း၊ တံတားများမှာလည်း အလွန်ဆိုးဝါးစွာပျက်စီးခဲ့ရပါသည်။ သစ်ထုတ်လုပ်ရေးဘက်တွင် ကြည့်မည်ဆိုပါက၊ အဆိုးဝါးဆုံး ဆုံးရှုံးမှုမှာ ဆင်ဖြင့်ထုတ်လုပ်မှုစွမ်းအား လျော့နည်းပျက်စီးမှုဖြစ်ပြီး ဆင်ကောင်ရေမှာ စစ်မဖြစ်မီကာလ၏ ၄၀% ထိကျဆင်းသွားခဲ့ပါသည်။ သင်းသတ်ချန်ပင်စာရင်း အပါအဝင်မှတ်တမ်းများနှင့် အကွက်နယ်နိမိတ်မှတ်တမ်းများအား အသေးစိတ်ဖော်ပြထားသည့် သစ်တောမြေပုံများ ပျက်စီးဆုံးရှုံးခဲ့မှုများကြောင့် သစ်တောများစနစ်တကျ ပြန်လည်အုပ်ချုပ်ရန် ကြိုးပမ်းဆောင်ရွက်မှု၌ များစွာအဟန့်အတားဖြစ်ခဲ့ပါသည်။ စစ်ကာလအတွင်း မြန်မာ့သစ်နမူနာ စုဆောင်းထားရှိမှုများ (The Burma Forest Herbarium) အား ဂျပန်ပြည်သို့ ယူဆောင်သွားခဲ့ သော်လည်း ကံကောင်းထောက်မစွာ စစ်အပြီးတွင် မြန်မာနိုင်ငံသို့ မပျက်မစီးဘဲ ပြန်လည်ယူဆောင်နိုင်ခဲ့ပါသည်။

စစ်ဖက်အုပ်ချုပ်ရေးကာလအတွင်း စစ်ဖက်တွင် အထူးလိုအပ်ချက်များကြောင့် သစ်ထုတ်လုပ်ခြင်းအများစုအား ထိန်းချုပ်လုပ်ကိုင်နိုင်ခဲ့ခြင်းမရှိပါ။ သို့သော် နယ်ဖက်အုပ်ချုပ်ရေး ပြန်လည်စတင်သည်နှင့် သစ်ခုတ်လှဲမှု ထိန်းချုပ်ခြင်းအား ပုံမှန်အတိုင်းဖြစ်ရန် အမြန်ဆုံးပြန်လည်ကြိုးစားဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် သစ်တော အုပ်ချုပ်လုပ်ကိုင်မှုနှင့်သစ်ထုတ်လုပ်မှုများ ပုံမှန်ဆောင်ရွက်နိုင်ရေးမှာ နှစ်အတော်ကြာ ၁၉၅၅ ခုနှစ်တိုင်အောင် တိုင်းပြည်မငြိမ်မသက်မှုများ ရှိနေခြင်း၊ အဓိကသစ်တောကြီးများအတွင်း ဥပဒေပြင်ပအဖွဲ့များရှိနေခြင်းများကြောင့် အခက်အခဲ အဟန့်အတားများစွာနှင့် ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်၊ ၎င်းအပြင် သစ်တောဌာနအနေဖြင့် စစ်အတွင်းဝန်ထမ်းများရွေးချယ်ခန့်ထားနိုင်မှုမရှိခြင်း၊ စစ်အတွင်းသေဆုံးခြင်းနှင့် ပြန်တမ်းဝင်အရာရှိများ အငြိမ်းစားယူသွားခြင်းတို့ကြောင့် ဝန်ထမ်းအင်အား မလုံလောက်မှုပြဿနာကိုလည်း ကြုံတွေ့ခဲ့ရပါသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့ မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့ကဟာယ လက်အောက်မှ လုံးဝ လွတ်လပ်ရေးရရှိချိန်ထိ အထက်ပါ အခြေအနေများကို ခံစားနေရဆဲဖြစ်ပါသည်။ လွတ်လပ်ရေးရယူပြီးနောက် ဥရောပတိုက်သား အစိုးရအရာရှိအားလုံးကို တာဝန်မှရပ်စဲလိုက်

PDF Compressor Free Version



မြန်မာပြည် သစ်တောဌာနစတင်တည်ထောင်ချိန်မှစ၍ လက်ရှိကာလထိ တာဝန်ထမ်းဆောင်ခဲ့သော သစ်တောမင်းကြီးချုပ်(Chief Conservators of Forests ) စာရင်းအပြည့်အစုံကို ၎င်းတို့တာဝန်ထမ်းဆောင်ခဲ့သည့် ရက်စွဲများနှင့်တကွ ဂုဏ်ပြုဖော်ပြအပ်ပါသည်။

| စဉ် | အမည် | တာဝန်ထမ်းဆောင်သည့်ကာလ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | Mr.F.Beadon Bryant | ၁၉.၀၄.၀၅ | ၁၁.၃. ၁၉၀၈ |
| ၂ | Mr.J .H.Lace | ၁၁. ၃. ၁၉၀၈ | ၁၆.၅.၁၉၁၀ |
| ၃ | Mr.M .Hill | ၁၇.၅.၁၉၁၀ | ၂၃.၅.၁၉၁၁ |
| ၄ | Mr.J .H.Lace | ၂၄.၅.၁၉၁၁ | ၂၃.၇.၁၉၁၃ |
| ၅ | Mr.C.G.Rogers,C.IE. | ၂၄.၇.၁၉၁၃ | ၁၆.၁၀.၁၉၁၉ |
| ၆ | Mr.F.A.Leete.C.IE | ၁၇.၁၀.၁၉၁၉ | ၁၀.၅.၁၉၂၂ |
| ၇ | Mr.C.B.Smales | ၁၁.၅.၁၉၂၂ | ၂၉.၁၁.၁၉၂၂ |
| ၈ | Mr.F.A.Leete.C.IE | ၃၀.၁၁.၁၉၂၂ | ၁၀.၃.၁၉၂၄ |
| ၉ | Mr.C.B.Smales | ၁၂.၃.၁၉၂၄ | ၁၉.၁၁.၁၉၂၄ |
| ၁၀ | Sir.H.W.A.Watson | ၂၀.၁၁.၁၉၂၄ | ၁၈.၅.၁၉၃၀ |
| ၁၁ | Mr.S.F.Hopwood,M.C. | ၁၉.၅.၁၉၃၀ | ၂၁.၆.၁၉၃၅ |
| ၁၂ | Mr.H.R.Blanford,O.B.E. | ၂၂.၆.၁၉၃၅ | ၂၅.၁၀.၁၉၃၆ |
| ၁၃ | Mr.C.E.Milner | ၂၆.၁၀.၁၉၃၆ | ၂.၉.၁၉၃၇ |
| ၁၄ | Mr.A.W.Moodie,O.B.E. | ၃.၉.၂၀၃၇ | ၃.၅.၁၉၃၉ |
| ၁၅ | Mr.R.Unwin | ၄.၅.၁၉၃၉ | ၄.၄.၁၉၄၂ |
| ၁၆ | Mr.H.C.Smith * | ၅.၄.၁၉၄၂ | ၆.၄.၁၉၄၄ |
| ၁၇ | Mr.R.W.V.Palmer * | ၇.၄.၁၉၄၄ | ၂.၃.၁၉၄၅ |
| ၁၈ | Mr.H.C.Smith ,O.B.E. | ၃.၃.၁၉၄၅ | ၁၆.၆.၁၉၄၅ |
| | ၎င်း(စစ်ဖက်အုပ်ချုပ်ရေးကာ | | |
| | လသစ်တောအရာရှိချုပ်အဖြစ်) | ၁၇.၆.၁၉၄၅ | ၁၅.၁၀.၁၉၄၅ |
| ၁၉ | Mr.F.T.Morehead,O.B.E | | |
| | (စစ်ဖက်အုပ်ချုပ်ရေးကာလ | | |
| | သစ်တောအရာရှိချုပ်အဖြစ်) | ၁၆.၁၀.၁၉၄၅ | ၃၁.၁၂.၁၉၄၅ |
| ၂၀ | Mr.F.T.Morehead,O.B.E | ၁.၁.၁၉၄၆ | ၂၇.၂.၁၉၄၆ |
| ၂၁ | Mr.D.J.Atkinson | ၂၈.၂.၁၉၄၆ | ၂၈.၂.၁၉၄၇ |
| ၂၂ | Mr.D.T.Griffiths | ၁.၃.၁၉၄၇ | ၃.၁.၁၉၄၈ |
| ၂၃ | စည်သူဦးမှန်း | ၄.၁.၁၉၄၈ | ၂၄.၄.၁၉၅၀ |
| ၂၄ | ဦးကျော်ခိုင် | ၂၅.၄.၁၉၅၀ | ၁၈.၉.၁၉၅၂ |
| ၂၅ | ဦးစန်း | ၁၉.၉.၁၉၅၂ | ၁၉.၁၁.၁၉၅၂ |
| ၂၆ | ဦးကျော်ခိုင် | ၂၀.၁၁.၁၉၅၂ | ၃၁.၃.၁၉၅၃ |
| ၂၇ | ဦးစန်း | ၁.၄.၁၉၅၃ | ၃၀.၆.၁၉၅၃ |
| ၂၈ | ဦးကျော်ခိုင် | ၁.၇.၁၉၅၃ | ၃၁.၁.၁၉၅၄ |
| ၂၉ | သီရိပျံချီဦးချိန်ဟိုး | ၁.၂.၁၉၅၄ | ၂၀.၁၀.၁၉၅၄ |
| ၃၀ | ဦးသိန်း | ၂၁.၁၀.၁၉၅၄ | ၂.၁.၁၉၅၅ |
| ၃၁ | သီရိပျံချီဦးချိန်ဟိုး | ၃.၁.၁၉၅၅ | ၂၀.၅.၁၉၅၆ |
| ၃၂ | ဦးသိန်းဟန်,T.D.M,A.T.M | ၂၁.၅.၁၉၅၆ | |

ပါသည်။ သို့သော် ဥရောပတိုက်သား အရာရှိ (၅)ဦးကိုမူ အကြံပေးအဖြစ် (၂)နှစ်၊ (၃)နှစ်ခန့် ဆက်လက်ခန့်ထားခဲ့ပါသည်။ မြန်မာနိုင်ငံသစ်တောဌာနကို ပထမဆုံး မြန်မာလူမျိုး သစ်တောမင်းကြီးချုပ်ဖြစ်သည့် ဦးမှန်း၏ ဦးဆောင်မှုဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး သစ်ထုတ်လုပ်ခြင်းလုပ်ငန်းအားလုံးအား နိုင်ငံတော်သစ်လုပ်ငန်းဘုတ်အဖွဲ့ (State Timber Board) အုပ်ချုပ်မှုအောက်၌ ထားရှိဆောင်ရွက်ခဲ့ပါသည်။

သို့ဖြစ်၍ ပထမနှစ်တစ်ရာ မြန်မာပြည် သစ်တောအုပ်ချုပ်မှုသမိုင်းမှာ ဝန်ထမ်းအင်အား အလွန်ချို့တဲ့မှု တိုင်းပြည်မငြိမ်မသက်မှုများဖြင့် အဆုံးသတ်ခဲ့ရပြီး သစ်တောလုပ်ငန်းများ အပြည့်အဝပြန်လည်ဆောင်ရွက် လုပ်ကိုင်နိုင်ရန်အတွက် နှစ်များစွာ အချိန်ယူဆောင်ရွက်ရဦးမည်ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ နှစ်ပေါင်း (၁၀၀)ကျော်အတွင်း တဖြည်းဖြည်းချင်း ဖွံ့ဖြိုးအသားကျခဲ့ပြီးဖြစ်သည့် ဌာနကြီးသည် အနာဂတ်အတွက် တောက်ပသော မျှော်လင့်ချက်များဖြင့် တည်ရှိနေဆဲဖြစ်ပါသည်။

မှတ်ချက်။ တစ်ချိန်တည်းမှာပင် မြန်မာပြည်အား ဂျပန်တို့ သိမ်းပိုက်ထားသည့်ကာလအတွင်း ထိုခေတ်အခေါ်အဝေါ်ဖြစ်သော သစ်တောညွှန်ကြားရေးဝန်(The Director of Forests)ရာထူးကို ဦးသိန်းလွင်–မြန်မာနိုင်ငံသစ်တောကျောင်းပထမအသုတ်ဆင်းမှ တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည်။

**မှတ်ချက်– သစ်တောဦးစီးဌာန၊ နှစ်၁၀၀ပြည့်အထူးထုတ်၊ ၁၉၅၆ ခုနှစ်၊ မြန်မာပြည်သစ်တောကြေးမုံမှ** H.R. Blanford **ရေးသားသော**' HIGHLIGHTS OF ONE HUNDRED YEARS OF FORESTRY IN BURMA' **ကို ဘာသာပြန်ဆိုပါသည်။**

## အမှားပြင်ဆင်ချက်

| အမှား | အမှန် | မှတ်ချက် |
|---|---|---|
| သစ်တောဦးစီးဌာနမှ ထုံးထရေးခင်းကုမ္ပဏီလီမိတက်သို့ ဥယျာဉ်များနှင့် နက္ခတ်တာရာ မြေမိန်းတို့အား ၂၀၁၁ ခုနှစ်မှ ၂၀၂၁ခုနှစ် အထိ (၃)နှစ် အထိ (၃)နှစ် ငှားရမ်း သက်တမ်း တိုးခဲ့ပြီး တစ်နှစ် တစ်ကြိမ် ငှားရမ်းစာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ | သစ်တောဦးစီးဌာနမှ ထုံးထရေးခင်းကုမ္ပဏီလီမိတက် သို့ ဥယျာဉ်များနှင့် နက္ခတ်တာရာ မြေမိန်းတို့အား ၂၀၁၁ ခုနှစ်မှ ၂၀၂၁ခုနှစ် အထိ (၁၀)နှစ် ငှားရမ်းခဲ့ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၂၀၂၁ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ (၃) နှစ် ငှားရမ်းသက်တမ်းတိုးခဲ့ပြီး တစ်နှစ် တစ်ကြိမ် ငှားရမ်းစာချုပ် ချုပ်ခဲ့ခြင်းဖြစ်ပါသည်။ | သစ်တောကြေးမုံ ၂၀၂၂ခုနှစ် မတ်လ စာမျက်နှာ (၅)<br><br>**သစ်တောဦးစီးဌာနနှင့် ထုံးထရေးခင်းကုမ္ပဏီလီမိတက် စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားသတင်း** |

# ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ အတွက် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်း နည်းလမ်းများ

(Nature-based Solutions)



ဒေါက်တာ သောင်းနိုင်ဦး

**သဘာဝကို အခြေခံသော ဖြေရှင်းခြင်း နည်းလမ်းများ**

ယနေ့အချိန်တွင် မြေအသုံးချမှုပြောင်းလဲခြင်းနှင့် ရေအသုံးချမှု စနစ်တကျခြင်း စသည့်လူသားများ၏ လုပ်ဆောင်မှုများကြောင့် ဂေဟစနစ်များနှင့်ရေဝေရေလဲဒေသများ၏ လုပ်ဆောင်နိုင်စွမ်းများ ကျဆင်းလာလျက်ရှိသည်။ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများတိုးပွားလာလျက်ရှိပြီး ဂေဟစနစ်များ၏ ကာဗွန်စုပ်ယူနိုင်မှုစွမ်းရည်၊ ရေစီးဆင်းမှု ပုံမှန် ထိန်းညှိနိုင်မှု စွမ်းရည်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ကျန်းမာကောင်းမွန်သည့်ရေလမ်းကြောင်း ထိန်းသိမ်းနိုင်မှုစွမ်းရည်၊ လူမှုစီးပွားတိုးတက်စေရေး စွမ်းရည်၊ စီးပွားရေးအခွင့်အလမ်းဖော်ဆောင်နိုင်မှုစွမ်းရည်နှင့် စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်နိုင်မှု စွမ်းရည်များပါ ကျဆင်းသွားနိုင်ပါသည်။

သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများသည် ရာသီဥတုပြောင်းလဲမှုနှင့် မြေအသုံးချမှုပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်လာသော အကျိုးဆက်များ၊ သက်ရောက်မှုများကို လိုက်လျောညီထွေ ဖြစ်စေရန် ထိန်းညှိပေးသော ယန္တရားလုပ်ငန်းစဉ် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းလုပ်ငန်းစဉ်များသည် လူ့အဖွဲ့အစည်းဆိုင်ရာ စိန်ခေါ်မှုများကို ထိရောက်၍ လိုက်လျောညီထွေစွာ ရင်ဆိုင်နိုင်ပြီး လူသားများ ကျန်းမာရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ အကျိုးကျေးဇူးများကို တစ်ပြိုင်နက်တည်း ထောက်ပံ့ပေးစွမ်းသည့် သဘာဝဂေဟစနစ်များ သို့မဟုတ် ပြုပြင်ထားသော ဂေဟစနစ်များကို ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ် စီမံအုပ်ချုပ်ရန်နှင့် ပြန်လည်ထူထောင်ရန် လုပ်ငန်းစဉ်များဖြစ်သည်။

**အခြေခံသဘောတရားများ**

သဘာဝကို အခြေခံသော ဖြေရှင်းခြင်း လုပ်ငန်းစဉ်များ၏သဘောသဘာဝများတွင် အောက်ဖော်ပြပါ အခြေခံသဘောတရား (သို့မဟုတ်) ဥပဒေသများနှင့်အညီ ဆောင်ရွက်ကြသည်-

**အခြေခံသဘောတရား(၁)။** သဘာဝကို အခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများသည် သဘာဝထိန်းသိမ်းရေး စံနှုန်းများနှင့် ဥပဒေသများကို လက်ခံသည်။

**အခြေခံသဘောတရား(၂)။** သဘာဝကို အခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများကို သီးသန့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်သကဲ့သို့ လူ့အဖွဲ့အစည်းဆိုင်ရာ စိန်ခေါ်မှုများအတွက် အခြားဖြေရှင်းချက်များ၊ နည်းလမ်းများနှင့်အတူပေါင်းစပ်ပြီး အကောင်အထည်ဖော်နိုင်သည်။

**အခြေခံသဘောတရား(၃)။** ထုံးတမ်းအစဉ်အလာ၊ ဒေသဆိုင်ရာနှင့် သိပ္ပံဆိုင်ရာဗဟုသုတများပါဝင်သော သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ အခင်းအကျင်းများအပေါ် မူတည်ပြီး သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများကို သတ်မှတ်ဆုံးဖြတ်ပါသည်။

**အခြေခံသဘောတရား(၄)။** သဘာဝကို အခြေခံသော



PDF Compressor Free Version


ဖြေရှင်းခြင်းနည်းလမ်းများသည် ပွင့်လင်းမြင်သာမှုနှင့် ကျယ်ပြန့်စွာပါဝင်မှုကို အားမြှင့်တင်ပေးခြင်းဖြင့် လူ့အဖွဲ့အစည်းဆိုင်ရာ အကျိုးကျေးဇူးများကို သင့်လျော်၍ တရားမျှတသောနည်းလမ်းဖြင့် ထုတ်လုပ်ထောက်ပံ့ပေးသည်။

**အခြေခံသဘောတရား(၅)။** သဘာဝကို အခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများသည် ဇီဝဗေဒနှင့် ယဉ်ကျေးမှုဆိုင်ရာ မတူကွဲပြားမှုနှင့် ဂေဟစနစ်များ၏ တိုးတက်ပြောင်းလဲနိုင်စွမ်းကို ထိန်းသိမ်းထားသည်။

**အခြေခံသဘောတရား(၆)။** သဘာဝကို အခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများကို ကျယ်ပြန့်သော မြေယာရှုခင်းများအတွက် အသုံးပြုသည်။

**အခြေခံသဘောတရား(၇)။** သဘာဝကို အခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများသည် ဖွံ့ဖြိုးရေးအတွက် ချက်ချင်းရနိုင်သည့်အကျိုးအမြတ်များ ထုတ်လုပ်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ အပြည့်အဝ ထုတ်လုပ်ခြင်းဆိုင်ရာ အနာဂတ်ရွေးချယ်စရာလုပ်ငန်းစဉ်များ အကြားဖြစ်ပေါ်နေသော ပြဿနာများကို အသိအမှတ်ပြုပြီး ဖြေရှင်းဆောင်ရွက်ပေးသည်။

**အခြေခံသဘောတရား(၈)။** သဘာဝကို အခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများသည် တိကျသော စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် မူဝါဒပုံစံများနှင့် နည်းလမ်းများ (သို့မဟုတ်) လုပ်ငန်းအစီအစဉ်များ၏ အဓိက အစိတ်အပိုင်းဖြစ်ပါသည်။

**လုပ်ငန်းနယ်ပယ်များ**

သဘာဝကိုအခြေခံသော ဖြေရှင်းခြင်း အယူအဆမှာဘောင်သည် အလွန်ကျယ်ပြန့်ပြီး ဂေဟစနစ်ကို အခြေခံသော ချဉ်းကပ်မှုအားလုံးနှင့်အကျုံးဝင်ပါသည်။ အင်ဂျင်နီယာလုပ်ငန်းများ၊ အဆောက်အဦးများနှင့် တည်ဆောက်ရေးလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေး လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်လျော့ချခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ရေသယံဇာတထိန်းသိမ်းခြင်းနည်းလမ်းများ၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စီမံအုပ်ချုပ်မှုလုပ်ငန်းနယ်ပယ်များ အားလုံးတွင် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်း သဘောတရားကိုအခြေခံပြီး ပေါင်းစပ်ဆောင်ရွက်နိုင်ပါသည်။

ဥပမာအားဖြင့် အောက်ဖော်ပြပါ လုပ်ငန်းနယ်ပယ်များတွင်ရင်ဆိုင်ရသော စိန်ခေါ်မှုများကို သဘာဝကို အခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများကို အသုံးပြုနိုင်သည်-

- ငါးနှင့်ရေလုပ်ငန်းနှင့်ဆက်စပ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးစေရန် (သို့မဟုတ်) ထိန်းသိမ်းရန်အတွက် ရေဝပ်ဒေသများနှင့် မြစ်များကို စဉ်ဆက်မပြတ်စီမံအုပ်ချုပ်ခြင်းနှင့် ပြန်လည်ထိန်းသိမ်းခြင်း၊
- ရေကြီးရေလျှံနိုင်မှုအန္တရာယ်များကို လျှော့ချရန်၊ အပန်းဖြေခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာအကျိုးကျေးဇူးများတိုးပွားစေရန်၊ အစားအစာနှင့်စွမ်းအင်လုံခြုံစိတ်ချစေရန်၊ ဒေသခံပြည်သူများ ဝင်ငွေတိုးပွားစေရန်၊ ရာသီဥတုပြောင်းလဲမှုလျော့ချရန်၊ လိုက်လျောညီထွေရှိစေရန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်း၊
- ရေသယံဇာတလုံခြုံစိတ်ချရမှု၊ ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်းများနှင့် ရာသီဥတုပြောင်းလဲမှုသက်ရောက်မှုများကို တုန့်ပြန်နိုင်စွမ်း ပိုမိုတိုးပွားကြံ့ခိုင်စေရန်အတွက် အပူပိုင်းဒေသများတွင် သစ်တောများ ပြန်လည်ထိန်းသိမ်းခြင်း၊
- လေအရည်အသွေး တိုးတက်စေရန်၊ စွန့်ပစ်ရေများ ပြန်လည်သန့်စင်နိုင်ရန်အတွက် ပံ့ပိုးကူညီရန်နှင့် မုန်တိုင်းကြောင့်ဖြစ်ပေါ်လာသော ရေစီးကြောင်းများနှင့် ရေညစ်ညမ်းမှုလျော့ချရန် မြို့ပြပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသည့် အစိမ်းရောင်အဆောက်အအုံများ တည်ဆောက်ခြင်း (ဥပမာ ခြံစည်းရိုးနှင့် နံရံများတွင် အပင်များ၊ စိုက်ခင်း၊ ဥယျာဉ်များ၊ ပန်းခြံများ၊ လမ်းဘေးသစ်ပင်များ၊ အပင်ဖုံးလွှမ်းသော ရေစီးရေလာစနစ်များအဖြစ်ဖန်တီးခြင်း)
- ကျွန်းစုများနှင့် ကမ်းရိုးတန်းနေ ဒေသခံပြည်သူများကို လေမုန်တိုင်းဒဏ်နှင့် ရေကြီးခြင်းမှကာကွယ်ပေးနိုင်ရန်နှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုသက်ရောက်မှုများကို လျှော့ချနိုင်ရန် ဒီရေတောများ၊ လေကာတန်းသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းပြီး သဘာဝတံတိုင်းကြီးများအဖြစ် အသုံးပြုခြင်း၊
- မိုးရေစုကန်၊ မိုးရေထိန်းကန်များ တည်ဆောက်ခြင်း၊ ရေလွှဲတူးမြောင်းများဖောက်ခြင်းဖြင့် မိုးရေများ စုဆောင်းအသုံးပြုခြင်း၊
- ရေဝပ်ဒေသများတွင် ရေဆိုးများ ပြန်လည်သန့်စင်သည့် စနစ်တည်ထောင်ခြင်းဖြင့် အသုံးပြုနိုင်သော ရေကောင်းရေသန့် ပြန်လည်ထုတ်လုပ်အသုံးပြုခြင်း၊
- ရေထိန်းကန်၊ ရေစုကန်များတည်ဆောက်ခြင်း၊ ရေစိမ့်ကန်များ တည်ဆောက်ခြင်း၊ ရေတွင်းများတူးခြင်း၊ မာကျောသော မျက်နှာပြင်များဖယ်ရှားခြင်း၊

PDF Compressor Free Version



ရေများ ပြန်လည်သွင်းခြင်းဖြင့် ရေအောင်းလွှာများ ပြန်လည်အသုံးပြုနိုင်စေရန်ဆောင်ရွက်ခြင်း။ ရေများ ပြန်လည်ဖြည့်သွင်းခြင်း၊

- ရေဝပ်ဒေသများ ပြန်လည်စွတ်စိုနေစေရေး ဆောင်ရွက်ခြင်း၊ မြေပြန့်လွင်ပြင်များတွင် ရေလွှမ်းစေခြင်း၊ တူးမြောင်းများ ပြန်လည်ဆက်သွယ်ချိတ်ဆက်ခြင်း၊ ရေစီးကောင်းစေရန် ရေစိမ့်ဝင်စီးဆင်းနိုင်သော မျက်နှာပြင်များနှင့် ရေစီးမြောင်းများတပ်ဆင်ဆောင်ရွက်ခြင်းဖြင့် ဇလဗေဒ (ရေ) ဆိုင်ရာ ဆက်သွယ်ချိတ်ဆက်မှုများ ပြန်လည်တည်ဆောက်ခြင်း၊
- အော်ဂင်းနစ်ဂုဏ်သတ္တိများ တိုးပွားလာစေရန်၊ ကာဗွန်တိုးပွားလာစေရန်၊ တီကောင်အရေအတွက် တိုးပွားလာစေရန်၊ အလွန်သေးငယ်သော (မိုက်ခရို) သက်ရှိ အကောင်လေးများ ရှင်သန်လှုပ်ရှားလာစေရန်၊ အပင်ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားလာစေရန်၊ မြေဆီဓာတုဂုဏ်သတ္တိများ (စံ အပါအဝင်) တိုးပွားလာစေရန် ဆောင်ရွက်ခြင်းဖြင့် မြေဆီလွှာပြန်လည်ကောင်းမွန် တိုးတက်လာစေရန်ဆောင်ရွက်ခြင်း၊
- နုန်းအနည်အနှစ်များကိုဖယ်ရှားခြင်း၊ မြေပေါ်နှင့် မြေအောက်ရေများ ဆက်သွယ်မှု၊ လဲလှယ်မှု (ရေသွင်း ရေထုတ်) ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်း၊ အဆိပ်အတောက်များ၊ ညစ်ညမ်းမှုများ ဖြစ်နေသော နုံးအနည်အနှစ်များဖယ်ရှားခြင်း၊ ရေဝပ်ဒေသများ တဖြည်းဖြည်းစီးဆင်းရန် ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ဇလဗေဒနှင့် ရေစီးရေလာ ပိုမိုကောင်းမွန်တိုးတက်လာစေခြင်း၊
- ဒေသမျိုးရင်းအပင်များ ပြန်လည်စိုက်ပျိုးခြင်းနှင့် ကြားခံနယ်မြေများ သတ်မှတ်ထားရှိခြင်း၊ စဉ်ဆက်မပြတ်စိုက်ပျိုးခြင်း၊ နေရင်းဒေသများ ပြန်လည်တည်ထောင်ခြင်း၊ စိုက်ပျိုးမြေများကို သဘာဝအတိုင်း ပြန်လည်ဖြစ်စေရန် ထိန်းသိမ်းခြင်းဖြင့် ဂေဟစနစ်များ ပြန်လည်တည်ထောင်ခြင်း၊
- ဒေသမျိုးရင်းတိရစ္ဆာန်များအရေအတွက် တိုးပွားလာစေရန်ဆောင်ရွက်ခြင်းနှင့် ပြန်လည်မွေးမြူခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားလာစေခြင်း၊
- ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းတည်ထောင်ခြင်း၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် နေရင်းဒေသများအား အခြားမြေအသုံးချမှုပြောင်းလဲမှုအား ရှောင်ကျဉ်ခြင်းနှင့်ကန့်သတ်ခြင်း၊
- စားကျက်မြေများ သတ်မှတ်စီမံအုပ်ချုပ်ခြင်း၊ အပင်နှင့် ဆိတ်၊ ကျွဲ နွား စသည့် အိမ်မွေးတိရစ္ဆာန်များ ပူးတွဲ စိုက်ပျိုးမွေးမြူရေးစနစ် (သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်) ကျင့်သုံးခြင်းဖြင့် မြေအသုံးချမှုမှန်ကန်ထိရောက်ခြင်း၊
- တိရစ္ဆာန်မစင်များ၊ ဘိုင်အိုချား၊ အော်ဂင်းနစ်မြေဆွေးအပင်များ၊ စိုက်ခင်းများတွင် ထည့်ပေးခြင်း၊ သစ်ဆွေးမြေဩဇာ ပြုလုပ်အသုံးပြုခြင်းဖြင့် မြေဆီလွှာ အာဟာရ တိုးပွားစေခြင်း၊
- ကွန်တိုစိုက်ပျိုးခြင်းနှင့် သက်ရှိသစ်ကိုင်းစည်းမြုပ်ခြင်း၊ သက်ရှိစည်းရိုးငယ်များ ပြုလုပ်ခြင်း၊ ကွန်တိုစည်းရိုးတန်းပြုလုပ်ခြင်း၊ သစ်ကိုင်းဖျားသုံး နုန်းထိန်းတမံပြုလုပ်ခြင်းစသည့် ဇီဝအင်ဂျင်နီယာ နည်းများဖြင့် ရေဝေရေလဲထိန်းသိမ်းခြင်း၊

### အကျိုးကျေးဇူးများ

The World Resources Institute (Cook & Taylor, 2020) ၏ လေ့လာမှုများအရ သဘာဝကို အခြေခံသောဖြေရှင်းခြင်းနည်းလမ်းများကို အသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါအတိုင်း ငွေကြေးအကျိုးအမြတ် ရရှိနိုင်ကြောင်း တွက်ချက်ဖော်ပြထားသည်–

- တောနိမ့်တောပျက်များကို သစ်တောများပြန်လည်တည်ထောင်ရေးတွင် ၁ ဒေါ်လာ ရင်းနှီးမြှုပ်နှံတိုင်း ၇ ဒေါ်လာ မှ ၃၀ ဒေါ်လာအထိ ပြန်လည်ရနိုင်ပါသည်။
- ရေဝပ်ဒေသ ဂေဟစနစ်ဝန်ဆောင်မှုများ တန်ဖိုးသည် နှစ်စဉ်ဒေါ်လာ ၁၅ ထရီလီယံ တန်ဖိုးရှိသည်၊
- ဧရိယာ ဟက်တာ သန်း ၁၆၀ ကို သစ်တောများ တည်ထောင်ခြင်းဖြင့် နှစ်စဉ် ဒေါ်လာ ၈၄ ဘီလီယံ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အကျိုးအမြတ်ဖြစ်ထွန်းစေသည်၊
- ကုန်းမြေမြင့် သစ်တောများနှင့် ရေဝေရေလဲသစ်တောများ ပြန်လည်တည်ထောင်ခြင်းဖြင့် ရေအသုံးပြုမှုအတွက် နှစ်စဉ် ဒေါ်လာ ၈၉၀ သန်းကို ချွေတာနိုင်ခဲ့သည်၊
- ဒီရေတောများကို ကာကွယ်ခြင်းနှင့် ပြန်လည်တည်ထောင်ခြင်းဖြင့် ၂၀၃၀ ခုနှစ် အရောက်တွင် အသားတင်အကျိုးအမြတ် ဒေါ်လာ ၁ ထရီလီယံကို ဖန်တီးနိုင်လိမ့်မည်ဖြစ်သည်၊

စာမျက်နှာ (၃၆) သို့ ➤

ယခင်လမှအဆက်




ကျွန်းပင်ကြီးက ပတ်ဝန်းကျင်ကောင်း ဖြင့်နေခွင့်မရ။ နှစ်ပေါင်းများစွာ အုပ်မိုးကာဆိုင်းထားသော အနှစ်မဲ့သည့် သစ်ပွပင်များ အကြားက ရုန်းထခဲ့ရသည်။ ယှဉ်ပြိုင်ပင်များကြောင့် အလင်းရောင်ကိုလှ၊ တစ်ဖက်ကို အားပြုရင်း ၁၅ ဒီဂရီလောက် တိမ်းစောင်းနေရှာသည်။

လုံးပတ်လက်မ ၂၀ ခန့် ရှိသောနွယ်ပင်ကြီးနှစ်ပင်က ယီးလေးခိုရင်း ကျွန်းပင်ကြီး၏ ခန္ဓာကိုယ်ကို မညှာမတာရစ်ပတ်လို့ထားပါသေးသည်။ နွယ်ပင်ကြီးများရဲ့ အရွက်များက ကျွန်းပင်ရဲ့ ရွက်အုပ် ၃ ပုံ ၁ ပုံလောက်ကို ဖုံးအုပ်စပြုနေပြီ။



ခန္ဓာကိုယ်မှာ အချောင်သမား ညောင်ကပ်ပါးက ကျွန်းပင်ကြီးရဲ့ အဆီအသားကို ဝါးမြိုရုံမျှ အားမရနိုင်ဘဲ ကျွန်းတစ်ပင်လုံးကို ရစ်ဖုံးဖို့ ကြိုးစားနေပြီ။

မြေပြင်အထက် ၁၇ ပေလောက်မှာ ကိုင်းတက်နှစ်တက် ဖြာထွက်နေသည်။ တစ်တက်က မိုးကြိုးခလို့ ဆုံးခဲ့သော်လည်း ကျန်တစ်တက်က ကြံ့ခိုင်ဆဲ ဖြစ်သည်။

အရွယ်လွန်ပြီဖြစ်သော်လည်း လောကဓံက အံခဲရင်း အစွမ်းကုန်ဖူးပွင့်နေသော ကျွန်းပန်းများက ဆရာဇော်ဂျီရဲ့ ဗေဒါလမ်းကဗျာကို အမှတ်ရစေသည်။

*‘ ဗေဒါပျံ့ အံကိုခဲ၊ ပန်းပန်လျက်ပဲ ’*

*‘နှောင်တွင် ဥဒါန်း တွင်စေသတည်း’* ဟုလည်း ကျူးရင့်မိသည်။ ဒီတစ်ခါမှာတော့ ဦးတင်ရွှေသာမက အဖွဲ့သားအားလုံး လက်မထောင်လိုက်ကြသည်။ မော်ကြွားနေခြင်းမဟုတ်၊ ဂုဏ်ယူနေခြင်းဖြစ်သည်။ ဟုမ္မလင်းက စထွက်ကတည်းက ခရီးလမ်းတစ်လျှောက် ဖြစ်သလို ဝတ်၊ ဖြစ်သလို စားလာကြသည့် မိမိတို့အနေဖြင့် ယူနီဖောင်း မကပ်နိုင်ခဲ့ကြ။ သမိုင်းဝင် ဓာတ်ပုံရိုက်မယ်ဆိုတော့ ယူနီဖောင်းတွေနဲ့ ဌာနဂုဏ်ဆောင်ချင်သေးသည်။ ထုပ်ပိုးသယ်ဆောင်လာသော ယူနီဖောင်းများဝတ်ကြသည်။ ၂၀၁၇ Green Campaign ဖက်ပူးရောင် တီရှပ်များကို ရွာသားတွေ ဝေပေးလိုက်သည်။

ကိုသန်းဌေးနှင့် ဖင်မောင်ကိုလည်း တစ်ထည်စီ လက်ဆောင်ပေးသည်။

*‘လေးခင်မောင်ဝင်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်ဝတ်ထားတဲ့ တီရှပ်နဲ့ဓာတ်ပုံ အရိုက်ခံချင်တယ် ’* ဖင်မောင်က သူဝတ်ထားတဲ့ တီရှပ်ကို ကိုင်ပြရင်း မိမိစေတနာကို တလေးတစားတုန့်ပြန်သည်။

*‘ဟာ ... သိပ်ကောင်းတဲ့ အိုင်ဒီယာပဲ ’* ကျေနပ်စွာ ထောက်ခံလိုက်သည်။



၁၅ ဒီဂရီ ခန့်စောင်းနေသော ကျွန်းပင်ကြီး



PDF Compressor Free Version


၁၉၉၁ ခုနှစ်မှာ အုတ်တွင်းမြို့နယ်က ဘုန်းတောင် ၁၆ ကြိုးပြင်တောမှာ တွေ့ခဲ့ဖူးသော ၁၉၀၆ ခုနှစ် ကျွန်း စိုက်ခင်းက ကျွန်းပင်တွေကို ရင်စို့လုံးပတ် တိုင်းတာခဲ့ ဖူးတာ မှတ်မိနေသေးသည်။ ထိုစဉ်က ၈၅ နှစ် သက်တမ်း ရှိနေသော စိုက်ခင်းကျွန်းပင်များရဲ့ ပျမ်းမျှ ရင်စို့လုံးပတ်က ၄ ပေ ၆ လက်မသာရှိသည်။ ဒါကြောင့်လည်း ရောင်းတန်း ဝင် အရွယ်ရောက်ဖို့အတွက် နှစ်ပေါင်း ၁၅၀ ကနေ ၁၈၀ လောက် စောင့်ကြရသည်။ ရင်စို့လုံးပတ် ၅ ပေမှာ နှစ် ၁၀၀ ဆိုလျှင်ပဲ အခုလို ရင်စို့လုံးပါတ် ၂၇ ပေကျော် ကျွန်းပင်ကြီး၏ သက်တမ်းသည် အလွယ်ခန့်မှန်းပါက နှစ်ပေါင်း ၅၀၀ ထက်မနည်းရှိပေလိမ့်မည်။ နှစ်ပေါင်း ၃၀ မှာ လုံးပတ် ၁ ပေ တက်သည်ဆိုသော တွက်ချက် မှုများကလည်း ရှိနေပြန်ရာ အဲဒီအတိုင်း ယူဆပါက နှစ် ပေါင်း ၈၀၀ လောက်ရှိပေမည်။

တစိမ့်စိမ့်ကြည့်ပြီး တရေးရေး တွေးနေမိစဉ် ***'လေး ခင်မောင်ဝင်း အပင်သက်တမ်း ဘယ်လောက်ရှိမယ် ထင်လဲ '***

***'အနီးစပ်ဆုံးကတော့ Increment borer နဲ့ ပင်စည်ကိုဖောက်ပြီး နှစ်ကွင်းတွေ ရေတွက်မှ ရမယ်၊ ဒါမှမဟုတ် အပင်ကြီး ခုတ်လှဲပြီး သစ်ငုတ်ပေါ်က နှစ်ကွင်းတွေ ရေတွက်ရမယ်'***

***'ပြောရော့မယ်၊ ခုတ်လှဲဖို့ လွတ်ို့၊ ချိန်းဆောတို့ တောင် ပေါက်ပါ့မလား။ မကြုံကောင်း မစီရာ '*** ခုတ်ဖို့ လှဲဖို့ ဝေးရော၊ စိတ်ဖြင့်ပင် မပြစ်မှားသင့်ကြောင်း သန်းဌွေး စကားက ဖော်ပြနေသည်။

***'ခန့်မှန်းတော့ နှစ် ၅၀၀ အထက်လို့ ထင်တာ ပဲ၊ ကျွန်တော်က အင်္ဂလိပ်ခေတ်က စိုက်ခင်းရဲ့ လက် ရှိ အခြေအနေနဲ့ နှိုင်းယှဉ်ပြီး တွက်ကြည့်တာ၊ စိုက် ခင်းထက် သဘာဝကျွန်းပင်က အကြီးနှေးတယ် လို့ လည်းဆိုကြတော့ နှစ် ၈၀၀ လောက်တောင် ရှိ ကောင်း ရှိနိုင်မယ် '***

***'အင်း ပုဂံခေတ်ကို မီလိုက်မယ့်ပုံပဲ '***

ကိုသန်းဌွေးက ကျွန်းပင်ကြီးကို ခြေဖျားခေါင်းဆုံး သိမ်းကျုံးကြည့်ပြီး Drone ရိုက်နေသော ဖိုးတရုတ်ဆီသို့ ထွက်သွားသည်။

နှစ်ပေါင်းငါးရာဆိုရင် အင်းဝခေတ်၊ ဒါ့ထက်ပိုရင် ပုဂံခေတ်၊ အဲဒီခေတ်တွေကို ဖြတ်သန်းရင်း ပင်စည် တစ် တက်ကိုဖြင့် စွန့်လွှတ်လိုက်ရှာသည်။ တစ်ဖက်တိမ်းနေတဲ့ ခန္ဓာကိုယ်ကို လဲပြိုမသွားအောင် ထိန်းထားရသေးသည်။ အုံနဲ့ကျင်းနဲ့ ဖုံးအုပ်လာတဲ့ တန်ဖိုးနည်းပါး သစ်ပင်များ ကြားမှာ နေရောင်ခြည်အလင်းက သူ့အတွက် ရှားပါးစပြု ပြီ။ အမြစ်များ တွယ်ကုတ်ထားတဲ့ ညောင်အမျိုးယုတ် သကောင့်သားက သူ့အစာကို ကပ်ခိုစားနေပြန်သည်။

နွယ်ပင် နှစ်ခက်ကလည်း သူ့ကိုယ်ပေါ် ယှီးလေး ခိုရင်း သူ့အသက်ကို ရန်ရှာနေပြန်သည်။

နွယ်ပင်ကြီး ၂ ပင်ကို ပင်ခြေက ဖြတ်တောက် လိုက်သည်။ တွယ်ကပ်နေသော ညောင်မြစ်များကို ဖယ်ရှား ပစ်သည်။ တဝေါဝေါ ချိန်းဆော ၂ လက်ရဲ့ မြည်ဟီးသံ ဆုံးတော့ ဝုန်းကနဲ ရိုပ်မိုးပင် ၂ပင် လဲကျသွားသည်။ ဝုန်းကနဲတစ်သံထွက်တိုင်း ကွန်ချစ်ရဲ့ ကျိန်းဝါးသံက တစ် တောလုံးကို ဖုံးဖုံးသွားသည်။

ဘာတဲ့ ....

***'အဖျက်သမား သွားရော့လဟယ် '***



လက်မောင်းလောက်အရွယ် သစ်မာတိုင်များ၊ မျောများ စုဆောင်းပြီး ယာယီ ခြံဝန်းတစ်ခုခတ်လိုက်သည်။ တလေး တစား ထိန်းသိမ်းထားကြောင်း ပြသလိုက်ခြင်းပင်။





ဖိုးတရုတ်က ကင်မရာထောင်ပြီးရိုက်လိုက်၊ ဒရုန်း လွှတ်ပြီး ရိုက်လိုက်နှင့် ရိုက်လို့ကို မဆုံးနိုင်။

အပြန်ခရီးမှာ ရိုက်ဖို့အတွက် ဒရုန်းဘက်ထရီ အား ကုန်မှာကို မစိုးရိမ်။ ဒီမှာတင် အားရအောင်ရိုက်ဖို့ တိုက် တွန်းနေမိသည်။ လှုပ်ရှားမှုများကိုကြည့်ရင်း ဒီကျွန်းပင် ကြီးဆီရောက်အောင် ဖန်တီးလာသည့် အကြောင်းအစကို သတိရသည်။

PDF Compressor Free Version



လွန်ခဲ့သော သုံးလခန့်က ဗန်းမောက်မြို့နယ်မှ ကမ္ဘာ့အကြီးဆုံး ကျွန်းပင်ကြီးဆီသွားခဲ့စဉ်က အစပြုသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကသာခရိုင် သစ်တောဦးစီးဌာနရဲ့ လက်ထောက်ညွှန်ကြားရေးမှူးဘဝမှာကတည်းက အကြိမ်ကြိမ်သွားဖို့ ကြိုးစားခဲ့သော်လည်း နယ်မြေလုံခြုံရေးအရ သွားခွင့်မရ။ စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးဘဝရောက်မှသာ အရင်ကအကြွေးကို ဖွတ်အတင်းဆပ်ခဲ့ခြင်းဖြစ်သည်။

မိုးကတဝေါဝေါရွာချသဖြင့် ကားစီးလိုက်၊ ဗွက်ထဲဆင်းပြီးကားတွန်းလိုက်နှင့် ရောက်မှရောက်ပါတော့မလားဟု စိုးရိမ်မှုကြားက အရောက်သွားနိုင်ခဲ့သည်။ ထိုစဉ်က လက်စွဲတော် ဖိုးတရုတ်နှင့် တောအုပ်ကြီး ထင်လင်းအောင် (လက်ရှိ ဦးစီးအရာရှိ)တို့ နှစ်ဦးလည်း မစားသာ။ စီးရသည်မရှိသောကားကို တွန်းရသည်က တစ်လမ်းလုံးနီးပါး။



ကျွန်းပင်ကြီးကို ဦးဆုံးသတိပြုမိပြီး လိုက်လံပြသပေးသူ ဦးတင်ရွှေ




၂၀၁၇ ခုနှစ် မိမိမွေးနေ့တွင် မြည်ပသို ပညာတော်သင်ရောက်ရှိနေသည့် ကိုထင်လင်းအောင်၏ FaceBook စာမျက်နှာပေါ်မှ မွေးနေ့ဆုတောင်းနှင့် ဗန်းမောက်ကျွန်းပင်ကြီးဆီ ရောက်ရှိစဉ်က ဓာတ်ပုံမှတ်တမ်း

အဲဒီကျွန်းပင်ကြီးက ၁၉၉၇ ခုနှစ်က မှတ်တမ်းတင်နိုင်ခဲ့တာဖြစ်ပြီး ထိုစဉ်က လုံးပတ် ၂၆ ပေ ၄ လက်မရှိရာမှ မိမိတို့ရောက်ရှိချိန် ၂၀၁၇ ခုနှစ်၊ ၁၀ နှစ်အကြာမှာ ရင်စို့လုံးပတ် ၂၆ ပေ ၈လက်မ ရှိပြီဖြစ်သဖြင့် ၁၀နှစ်မှာ ၄ လက်မ တိုးပွားလာကြောင်း တွေ့ရသည်။ ခပ်ကြမ်းကြမ်း တွက်ချက်ပါက ၁ နှစ်လျှင် ၀.၄ လက်မ အတိုးနှုန်းဖြင့် ၂၆ ပေ ၈ လက်မအရွယ် ဒီကျွန်းပင်ကြီး၏ အသက်သည် နှစ်ပေါင်း ၈၀၀ လောက် ရှိပေရော့မည်။ ငယ်ရွယ်စဉ်က ဖွံ့ဖြိုးမှုနှုန်း ပိုကောင်းနိုင်ခြေကို စဉ်းစားပါက သက်တမ်း နှစ် ၈၀၀ ထက် လျော့ပါးနိုင်စရာတော့ရှိသည်။

ထိုခရီးကို လိုက်ပါဦးဆောင်သူက တောအုပ် မျိုးမြင့်။

ဒီ့ထက်ကြီးတဲ့ အပင်ကြီးရှိသေးတယ်ဆိုတဲ့ သတင်းကို သူ့ဆီက ရခဲ့ခြင်းဖြစ်သည်။

ပရဆေးရှာသူ တစ်ဦးကတွေ့ဖူးကြောင်း မိုးဒေ ကျေးရွာအုပ်ချုပ်ရေးမှူးထံက သတင်းရကြောင်း မျိုးမြင့်က ပြောသည်။ အဲဒီအချိန်ကစပြီး မျိုးမြင့်ခင်ဗျာ သူ့စကားနဲ့သူ တော်တော် အလုပ်များပြီး နားပူခံရတော့သည်။

အလုပ်များသည်ဆိုခြင်းက ထိုသတင်းပေးမိသည်နှင့် ညကြီးမင်းကြီး တောစခန်းကနေ ၃ မိုင်လောက်သွားပြီး မိုးဒေရွာအုပ်ချုပ်ရေးမှူးကို တွေ့ရသည်။ ဘယ်သူက ကျွန်းပင်ကြီးကို တွေ့ဖူးတာလဲ၊ သူက ဘယ်မှာ နေတာလဲ၊ ဘယ်လိုဆက်သွယ်ရမလဲမေးရသည်။ မိမိသိလိုသည်များအကုန်ပါမလာသဖြင့် ရှင်ဘုရင်ယောက်ဖ အပြောခံရသောကြောင့် ရွာလူကြီးကို ပင့်ခေါ်လာရသည်။ တွေ့ဖူးကြောင်း ပြောပြသူမှာ ဦးတင်ရွှေဖြစ်ကြောင်းသာ သိရပြီး ဟုမ္မလင်းဘက်မှာနေသလိုလို၊ ပင်လည်ဘူးဘက်မှာ နေသလိုလို၊ဗန်းမောက်မြို့နယ်ထဲမှာပဲလိုလိုဖြစ်နေသဖြင့် နောက်ပိုင်းတွင်လည်း ဟိုလို စုံစမ်းရ၊ ဒီလို စုံစမ်းရ မိမိ၏နားပူနားဆာလုပ်မှုကို မျိုးမြင့် အတော်ခံလိုက်ရသည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လထဲရောက်မှ ဦးတင်ရွှေနှင့် ချိတ်ဆက်မိခဲ့သည်။

အခုတော့ တွေ့လိုမြင်လိုလှသည့် ဒီကျွန်းပင်ကြီး ရှေ့တော်မှောက်ကို ကျေးတော်ရင် ကျွန်တော်မျိုးတို့ အခစား ရောက်ရှိခဲ့ပါပြီ။

သော်ကမြိုင်စခန်းသို့ အပြန်လမ်းက သာသာယာယာရှိသည်။ ကျေနပ်၊ အားရမှုကို ရင်ဝယ်ပိုက်နိုင်ခဲ့သော်လည်း မြင်ကွင်းက မပျောက်မချင်း ကျွန်းပင်ကြီးကို အကြိမ်ကြိမ် နောက်ပြန် လှည့်ကြည့်နေမိသည်။ လွမ်းသလို၊ ဆွေးသလို ဖြစ်နေသည်။ မိမိတို့ အသိအမှတ်ပြုခြင်းကို ခံယူဖို့ နှစ်ရာပေါင်းများစွာ တောနက်ထဲက စောင့်ခဲ့ရရှာသော ဒီသစ်ပင်ကြီးကို ဒီလောက်နဲ့ထားရစ်ခဲ့ရတာကို အားနာသလိုလို၊ တာဝန်မကျေသလိုလို ခံစားရသည်။

ဒီအပင်ကြီးကို ဟုမ္မလင်း(၁)၊ လမ်းမှာတွေ့ခဲ့တဲ့ အပင်ကြီးကို ဟုမ္မလင်း (၂) လို့ အမည်တပ်ဖို့ စိတ်ကူးရသည်။ ဒီလိုအမည်မတပ်ပါက နောင်တွင် ရောထွေးသွားနိုင်သည်။

ဒီအပင်ကြီးကို ခြေရာခံရင်း ကောလင်းဘက်မှာ

အကြီးဆုံးစာရင်းဝင် ကျွန်းပင်ကြီးတစ်ပင် တွေ့ခဲ့သဖြင့် မှတ်တမ်းတင်နိုင်ခဲ့သေးသည်။ သူက ရင်စို့လုံးပတ် ၂၆ ပေ ၈ လက်မ ရှိသဖြင့် ထိုစဉ်က မြန်မာပြည်ရဲ့ တတိယ အကြီးဆုံးလို့ ကြွေးကြော်နိုင်ခဲ့သော်လည်း ယခုတော့ ဒီနှစ်ပင်က ရှေ့ဆုံးမှာ နေရာဝင်ယူပြီ။

ဒီခရီးမလာခင် အင်တာနက်မှာရှာတော့ သက်ရှိထင်ရှား ကျွန်းပင်ကြီး ၃ ပင်ကို အိန္ဒိယက မှတ်တမ်းတင်ထားတာ တွေ့ရသည်။ အိန္ဒိယကျွန်းပင်ကြီးများကို ကြီးစဉ်ငယ်လိုက် (၁) (၂) (၃) လို့ နာမည်ပေးလိုက်ပါက အိန္ဒိယ(၁) က ဟုမ္မလင်း(၁)၊ (၂)၊ ဗန်းမောက်က ကျွန်းပင်၊ ပြင်ဦးလွင်က ကျွန်းပင်တွေရဲ့ အောက်မှာရှိသည်။ ကောလင်းကျွန်းပင်က ကမ္ဘာ့နံပတ် (၆) ဖြစ်သည်။ အဲဒီနောက်တော့ အိန္ဒိယ (၂) နှင့် (၃)တို့ နေရာယူပေလိမ့်မည်။ မည်သို့ဆိုစေ သက်ရှိထင်ရှား အကြီးတကာ့အကြီးဆုံးကျွန်းပင်များက မြန်မာပြည်မှာသာရှိသည်။


ဟုမ္မလင်း(၁)


ဟုမ္မလင်း(၂)


ဗန်းမောက်





ပြင်ဦးလွင်


အိန္ဒိယ (၁)


ကောလင်း


ကောလင်းကျွန်းပင်ကြီးနှင့် အမှတ်တရ


အိန္ဒိယ (၂)


အိန္ဒိယ (၃)


ပြင်ဦးလွင်ကျွန်းပင်ကြီးနှင့်အမှတ်တရ

ဆက်လက်ဖော်ပြပါမည် ➔

PDF Compressor Free Version





# လွှမ်းဆွတ်သတိရခြင်း (၆)

ချစ်ဦး (၉၂)

၂၀၁၅ ခုနှစ် ကျွန်တော် တောင်ငူခရိုင်မှာ လက်ထောက်ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်စဉ်ကာလ။ ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးမှ ကျွန်တော့်ကို လက်ကိုင်ဖုန်းနှင့် ဆက်သွယ်ညွှန်ကြားလာပါတယ်။ မလေးရှားနိုင်ငံက ယူကလစ်တိုင်တွေဝယ်မည်။ တစ်လုံးလျှင် မြန်မာငွေ ကျပ် ၁၀၀၀၀ ပေးမည်တဲ့။ ကျွန်တော့်စိတ်ထဲကတော့ တွေးမိပါတယ်။ ကုန်သွယ်ရေးကိစ္စဆိုတာ ဒီလိုလွယ်လွယ်နှင့်လုပ်လို့မရဘူး။ လုပ်ငန်းစဉ်တွေအများကြီးရှိတယ် ဆိုတာကိုပါ။ ဒါပေမဲ့ ကိုယ့်အထက်အရာရှိဆိုတော့ ဟုတ်ကဲ့ပါလိုပဲပြောလိုက်ရပါတယ်။ တစ်ဆက်တည်း ညွှန်ကြားရေးမှူးက မလေးရှားက လုပ်ငန်းရှင်တစ်ယောက်လာမည်။ ခင်ဗျားတို့ တွေ့လိုက်ပါဦးတဲ့။ ဒါနဲ့ ရက်တစ်ရက်မှာတော့ ကျွန်တော်ရယ် ကိုစောခိုင်ဦး (၉၂ ဆင်း ယခုတွဲဘက် ပြည်နယ်အရာရှိ (ရှမ်းမြောက်) ထိုစဉ်က တောင်ငူမြို့နယ် ဦးစီးအရာရှိ) ရယ် အမြန်လမ်းဘေး (၁၂၈) မိုင်ကိုသွားပါတယ်။ အဲ့ဒီမှာ သစ်တောဦးစီးဌာနက စိုက်ပေးထားတဲ့ကျေးရွာထင်းစိုက်ခင်း (၄)ဧက ရှိပါတယ်။ ယူကလစ်စိုက်ခင်းပါ။ မလေးရှားလုပ်ငန်းရှင်က တရုတ်လူမျိုးပါ။ အင်္ဂလိပ်လို ပြောပါတယ်။ စကားပြန် အမျိုးသမီးတစ်ယောက်လည်းပါပါတယ်။ ကိုစောခိုင်ဦးကလည်း လက်ထောက်ညွှန်ကြားရေးမှူး ရာထူးတိုးလုတိုးခင် အချိန်ပါ။ ကျွန်တော်တို့ နှစ်ယောက်စလုံးလည်း နိုင်ငံခြားသင်တန်းတွေ တက်ဖူးထားတာဆိုတော့ အင်္ဂလိပ်စာကိုထမင်းစားရေသောက်လောက်တော့ ပြောနိုင်ပါတယ်။ စကားပြန်မလိုပါဘူး၊ စကားပြန်ကလည်း သာမန် အင်္ဂလိပ်စာ အသုံးအနှုန်းတွေလောက်ပဲ သိပါတယ်။ Technical Term (ဘာသာရပ်အသုံးအနှုန်း) တွေကို မသိပါဘူး။ တစ်ကယ်တွေ့တော့မှ လုပ်ငန်းရှင်က မြေတွေအများကြီးယူပြီး စက်ရုံတည်တာ၊ ယူကလစ်စိုက်ခင်းတွေ တည်ထောင်တာကို လုပ်ချင်ကြောင်းပြောပါတယ်။ ယူကလစ်သစ်တိုင်တွေ ဝယ်မဲ့ကိစ္စမဟုတ်ပါဘူး။ ထိုကိစ္စဆိုရင်တော့ ဦးစီးရုံးချုပ်နှင့် ဆက်သွယ်ဆောင်ရွက်ရမဲ့ကိစ္စပါလို့ ကျွန်တော်တို့က ပြောပါတယ်။

ရောက်တုန်းရောက်ခိုက်မှာ ယူကလစ်ပင်တွေကို ကြည့်ရင်းနှင့် တစ်နေရာမှာ ဘေးချင်းကပ်အပင်နှစ်ပင်မှာ တစ်ပင်ကကြီးပြီး တစ်ပင်က ငယ်နေတာတွေ့ပါတယ်။ မလေးရှားလုပ်ငန်းရှင်က ဘာကြောင့်လဲလို့မေးပါတယ်။ ကျွန်တော်က မြေကောင်းတာ၊ ညံ့တာကွာလို့ထင်ကြောင်း ပြောလိုက်ပါတယ်။ သူကတော့ တစ်နေရာထဲမှာပဲ ဖြစ်တဲ့အတွက်မြေမကွာနိုင်ဘူး။ မျိုးရိုးဗီဇကြောင့်ဖြစ်မယ်တဲ့။ မင်းတို့ဆီမှာ ပျိုးပင်တွေကိုဘယ်လိုထုတ်တာလဲ။ အစေ့ကပျိုးထောင်ယူတာပါလို့ ကျွန်တော်က ပြောတော့။ သူက ဒါကြောင့်ဖြစ်တာ tissue culture lab ကထုတ်တဲ့ မျိုးကောင်းမျိုးသန့်မဟုတ်လို့ဖြစ်တာ။ ယူကလစ်ပင်တွေမှာ ဒီလို Knot (အဖု) လေးတွေပါနေရင် သစ်ပါးလွှာလုပ်ရင် အရည်အသွေးညံ့တယ်တဲ့။ ဒါကြောင့် စိုက်ခင်းတွေ တည်ထောင်ရင် မျိုးကောင်းမျိုးသန့်ပျိုးပင်တွေနဲ့ တည်ထောင်စိုက်ပျိုးဖို့ လိုပါတယ်တဲ့၊ ဒါကတော့ တစ်ကယ့် အရေးကြီးဆုံးအချက်ပါပဲ။ ကျွန်းတစ်သျှူးနဲ့ပတ်သက်လို့ လွန်ခဲ့တဲ့နှစ်(၂၀) ကျော်လောက်ကပဲ ဦးအုန်းလွင် (၈၄ ဆင်း ညွှန်ကြားရေးမှူး-ငြိမ်း) ဦးဆောင်ပြီး သုတေသနလုပ်ခဲ့တာ အောင်မြင်မှုရလဒ်ရရှိပြီးဖြစ်ပါတယ်။ ဘဏ္ဍာငွေလုံလောက်မှုရှိရင် tissue culture lab တွေ ကြီးကြီးမားမား တည်ထောင်ပြီး မျိုးကောင်းမျိုးသန့်ပင်ထုတ်လုပ်ရေးကို ဆောင်ရွက်သင့်ပါတယ်။

စိုက်ခင်းတွေတည်ထောင်ခြင်းနဲ့ ဆက်စပ်ပြီး ၂၀၁၁



PDF Compressor Free Version



ခုနှစ်က ထိုင်းနိုင်ငံကို (၂၅) ရက် သင်တန်းသွားတက်ခဲ့တာ သတိရပါတယ်။ ထိုစဉ်က ကျွန်တော်က ဆိပ်ဖြူမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှာ တာဝန်ထမ်းဆောင်နေတာပါ။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စေလွှတ်တာပါ။ စိမ်း/စိုက (၃) ဦး (ကိုဇော်စိုး ၉၄ (ငယ်)၊ ကိုသန်းစိုးဦး ၉၅) ရယ် သစ်တောက (ကိုမင်းဆွေ ၉၃၊ ကိုမင်းမင်းဘို ၂၀၀၂) ရယ်ပေါင်း (၅) ယောက်ပါ။ TICA (Thailand International Cooperation Agency) ရဲ့ အထောက်အပံ့နဲ့ပေါ့။ သင်တန်းတွေတက်ရသလို သစ်တောစိုက်ခင်းတွေ၊ သစ်စက်တွေလည်း လေ့လာခဲ့ရပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ နိုင်ငံဧရိယာ၏ သစ်တောဖုံးလွှမ်းမှု ၂၀ % ပဲကျန်တော့တဲ့အချိန်မှာ သဘာဝတောက သစ်ထုတ်တာတွေကို ရပ်လိုက်တဲ့အကြောင်း၊ ထိုစဉ်က သစ်ထုတ်တဲ့အဖွဲ့တွေဟာ ကိုယ်တိုင်စိုက်ခင်းများတည်ထောင်ပြီး ယခုအချိန်စိုက်ခင်းများရှင်သန်အောင်မြင်နေသလို ခုတ်လှဲရောင်းချနေပြီဖြစ်ပါတယ်။ စိုက်ခင်းများ ခုတ်လှဲမခံရရေးအတွက် စိုက်ခင်းအတွင်း မော်တော်ယာဉ်များဖြင့် ကင်းလှည့်နေမှုကို သိရှိခဲ့ရသလို လယ်ယာခြံစည်းရိုးဘေးများတွင်လည်း တစ်ပိုင်တနိုင်ကျွန်း၊ ယူကလစ်ပင်များကို စိုက်ပျိုးနေတာကို တွေ့ရှိခဲ့ရပါတယ်။ သစ်စက်များမှလည်း အချောထည်ပစ္စည်းကို ဥရောပသို့ တိုက်ရိုက်တင်ပို့၍ ဈေးကောင်းကောင်းရရှိနေသည်ကို သိရှိမှတ်သားခဲ့ရပြီး ယူကလစ်စိုက်ခင်း (၆) နှစ်သားလောက်မှ ထွက်ရှိသည့် တိုင်အရွယ်များကို ဖြတ်တောက်၍ ဘန်ကောက်ရှိ ပျော့ဖတ်စက်ရုံသို့ တင်ပို့နေသည်ကို တွေ့ရှိခဲ့ရသဖြင့် ထိုင်းနိုင်ငံ၏ အောင်မြင်သည့် စိုက်ခင်းလုပ်ငန်းများကို တွေ့ရှိခဲ့ရပါတယ်။ အဓိကအားဖြင့် နိုင်ငံတကာနှင့်ချိတ်ဆက်၍ ဈေးကွက်ရှာဖွေနိုင်သည့်အချက်မှာ အဓိကဖြစ်နေသဖြင့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် သဘာဝတောမှထွက်ရှိသည့် သစ်များကိုသာ အားကိုးမှုမပြုပဲ၊ မိမိတို့ကိုယ်တိုင် စိုက်ခင်းများတည်ထောင်ခြင်း၊ စိုက်ခင်းသစ်များအား ဈေးကွက်များ ရှာဖွေပြီး နိုင်ငံတကာနှင့် ရင်ဘောင်တန်းရောင်းချနိုင်မည်ဆိုလျှင် အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေနှင့်လည်း စိုက်ခင်းတည်ထောင်ခြင်းကို အားပေးကြောင်းနှင့် ထိုင်းနိုင်ငံတွင် ဧရိယာပမာဏတွက်ချက်မှုအပေါ် Rai (ရိုင်)ဖြင့် သုံးနှုန်းပြီး ၆.၂၅ Rai (ရိုင်) သည် တစ်ဟက်တာနှင့် ညီမျှပါတယ်။ ထိုစဉ်က ငွေကြေးလဲလှယ်နှုန်းအရ ထိုင်းနိုင်ငံတွင် သစ်တောမြေငှားရမ်းသူများသည် တစ်ဧကလျှင် မြန်မာငွေ ကျပ်တစ်သောင်းခွဲခန့်ဖြင့် နှစ်စဉ် မြေငှားရမ်းခ ပေးဆောင်ရသည်ကို သိရှိခဲ့ရသဖြင့် မြန်မာနိုင်ငံအနေဖြင့် သစ်တောမြေငှားရမ်းခ သတ်မှတ်ချက်သည် ထိုင်းနိုင်ငံထက် လျော့နည်းသက်သာသည်ကို တွေ့ရှိမှတ်သားခဲ့ရပါတယ်။ ထိုင်းနိုင်ငံအနေဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် Tissue culture မျိုးပင်များကို အသုံးပြုသလို နိုင်ငံခြားသို့ပင် တင်ပို့ရောင်းချနေသည်ကို တွေ့ရှိရသဖြင့် နည်းပညာအရ ကျွန်တော်တို့ထက် ရှေ့တန်းရောက်နေသည်ကို တွေ့ရှိခဲ့ရပါတယ်။

ကျွန်းသင်းသတ်တာနဲ့ပတ်သက်လို့ လုပ်ငန်းခွင်ထဲမှာ ဆောင်ရွက်ဖို့အခွင့်မကြုံခဲ့ပါ။ ကျွန်တော်အလုပ်ဝင်စမှာ ဝန်းသိုမြို့နယ် ဦးစီးအရာရှိ ဦးလူးစိန် (အကြီးတန်း ၁၉၇၁ ဆင်း၊ ဒုတိယညွှန်ကြားရေးမှူး- ငြိမ်း)က ကျွန်းသင်းအမိန့်(Girdling Order) ထုတ်ပါတယ်။ ကျွန်တော့်ကို (GO၊ Girdling Officer ကျွန်းသင်းသတ်အရာရှိ) ထား ဦးကျော်ဆန်းဝင်းကို (CGO Chief Girdling Officer ကျွန်းသင်းသတ်အရာရှိချုပ်) ထားပါတယ်။ ထိုအချိန်တုန်းက ပုံမှန်ဆို ကျွန်းသင်းသတ်အရာရှိ (Girdling Officer)ကို တောအုပ်အဆင့်၊ ကျွန်းသင်းသတ်အရာရှိချုပ် (Chief Girdling Officer) ကို တောအုပ်ကြီးအဆင့်ကို တာဝန်ပေးပါတယ်။ Procedure အရ ကျွန်းသင်းသတ်ခြင်းမဆောင်ရွက်မီ လက်ထောက်ညွှန်ကြားရေးမှူးက ကျွန်းသင်းသတ်မည့်သူများကို ကသာခရိုင် ကသာမြို့ကိုခေါ်ပြီး ကျွန်းပင်တစ်ပင်ကို သင်းသတ်ပုံ သရုပ်ပြလုပ်ပြပါတယ်။ အဲ့ဒီအချိန်မှာဘဲ ဦးဘီခေါင်ဒေါင် (အကြီးတန်း ၁၉၆၂ ဆင်း၊ ကသာခရိုင်လက်ထောက် ညွှန်ကြားရေးမှူး)က ဦးစီး ဦးလူးစိန်ကို ပြောပါတယ်၊ ကိုလူးစိန် ရာထူးတူနှစ်ယောက်ကို ဒီလို အထက်အောက်ထားလို့မရဘူး။ လုပ်သက်ကွာချင်ကွာပစေ၊ နှစ်ယောက်စလုံးက တောအုပ်ကြီးပဲ၊ ချစ်ဦးကို Girdling Officer ထားရင် ခင်ဗျားက (CGO Chief Girdling Officer) လုပ်ပါ။ ဒါကြောင့် အမိန့်ဆိုတာလိုသလို ထုတ်လို့မရဘူးဆိုတာ သင်ပေးတဲ့ လူကြီးသူမတွေကို ကျေးဇူးတင်ပါတယ်။ ကျွန်းသင်းမိန့်ထွက်ပြီး ရွှေဘိုမြို့နယ်ကို စိုက်ခင်းတည်ထောင်ဖို့ တွဲဖက် တာဝန်ချထားပြန်တော့ ကျွန်တော့်မှာ ကျွန်းသင်းသတ်ခြင်းလုပ်ငန်းမဆောင်ရွက်လိုက်ရပါ။ ဒါကြောင့် ကျွန်တော် ဒုတိယညွှန်ကြားရေးမှူး ရာထူး၊ ဖန်တာဝန်ခံအနေဖြင့် သစ်တောလုပ်ငန်းစစ်ဆေးရေးထွက်ရင် စိုက်ခင်းတစ်ခုတည်းမှာ တောအုပ်ကြီး နှစ်ယောက်ထားတာတွေ့ရင် ကျွန်တော်က အစ်ကိုကြီး ဦးဘီခေါင်ဒေါင်ပြောသလိုပဲပြောပါတယ်။ ငယ်စဉ်ကတွေ့ခဲ့ရပြီး အတုယူသင့်သည့်အရာရှိများကို ကျေးဇူးတင်ရပါတယ်။ သစ်တောဘွဲ့ရသော်လည်းကောင်း၊ မေမြို့သစ်တောကျောင်းဆင်းသော်လည်းကောင်း၊ တပ်မတော်အရာရှိများမှ ကူးပြောင်းလာသူများအပါအဝင်ပေါ့။ ကျွန်းသင်းတယ်ဆိုတာကလည်း ကျွန်းပင်ကိုသင်းသတ်ပြီး အခြောက်ခံရေမျောလို့ရအောင်လုပ်တာပါပဲ။ ဒါကြောင့်

PDF Compressor Free Version



နောက်ဆက်တွဲအနေနှင့် ရေမျောကမ်းတင်သစ်ဆိုတာ ပေါ်လာသလို ဆုံးရှုံးမှုတွေလည်း ရှိခဲ့ရတာပါဘဲ။ ကောင်းတာကတော့ ဆင်နဲ့ သစ်ထုတ်ပြီး ရေမျောတာဆိုတော့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုလျော့နည်းစေသလို့ သစ်ထုတ်မှု ကုန်ကျစရိတ်သက်သာတာပါဘဲ။ ယခုခေတ်လိုဆိုရင် ကျွန်းသင်းပြီး (၃) နှစ်ကြာမှ သစ်ထုတ်ရရင် သင်းပင်တွေ ပျောက်ကုန်ဖို့များပါတယ်။ စက်ယန္တရားနှင့် ကျွန်းစိုထုတ်တာကတော့ Fresh Cut ရသလို ပေါင်းခံဖို့တွေ ပေါ်နေပြီဆိုတော့ သစ်အသားသေအောင်လုပ်ရတာ မခက်ခဲတော့ပါ။ သို့သော်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်များပါတယ်။ သစ်တိုက်လမ်းတွေကြောင့် တရားမဝင်သစ်ထုတ်ယူမှုရှိတာတွေရှိသလို သစ်တိုက်လမ်းတွေဟာ နောက်ပိုင်းမှာ ရေတိုက်စားမှုဖြစ်ပြီး မြောင်းတွေဖြစ်လာတာဟာ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ဖြစ်ပေါ်စေပါတယ်။

ခေတ်စနစ်တွေက ပြောင်းလဲလာလို့ ကျေးရွာတွေမှာ ဩဇာရှိတဲ့ လူကြီးတွေနည်းပါးလာတာလည်း သစ်တောထိန်းသိမ်းရေးကို ထိခိုက်လာစေပါတယ်။ ကျွန်တော် ဆယ်တန်းကျောင်းသားလောက်က ဒေသကောလိပ်မြန်မာစာ သင်ရိုးညွှန်းတန်းမှာ မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း ဆိုတဲ့ ဆောင်းပါးလေးတစ်ပုဒ်ဖတ်ရပါတယ်။ ဆရာသော်တာဆွေ ရေးတာလို့ မှတ်မိပါတယ်။ အဓိကကတော့ ကျေးရွာ အုပ်စုတစ်ခု (၁၀) ရွာအုပ်ချုပ်ရတဲ့ သူကြီး၊ ဆယ်ရွာခိုင် သူကြီးပေါ့။ သူကဖြောင့်မတ်တည်ကြည်တော့ ဆယ်ရွာမှာ အာဏာရော၊ ဩဇာရောရှိတာပေါ့။ တစ်နေ့တော့ သူ့အိမ်ရှေ့မှာ အဖွားကြီးတစ်ယောက်က ဓားကြိမ်း လာကြိမ်းနေတာကို သူကြီးက အိမ်ထဲမှာ ငြိမ်နေတာတဲ့၊ ဘာကြောင့်ငြိမ်နေရတာလဲဆိုတော့ သူကြီးက သူ့သားမက်ကို ဘိမ်းပစ်ဖမ်းပြီး သူ့သမီးကို ကြံလိုက်လို့တဲ့။ မကြာခင်မှာဘဲ သူကြီးလည်း ရွာကနေ ပြောင်းပြေးရတဲ့အကြောင်းလေးပါ။ ဒီဆောင်းပါးလေးကဘာကို Message ပေးသလဲဆိုတော့ လူတွေဟာ အကျင့်စာရိတ္တမကောင်းတော့ရင် အာဏာရှိသော်လည်း ဩဇာမရှိတော့တဲ့သဘောပါဘဲ။

ဒါနဲ့ဆက်စပ်ပြီး ၁၉၉၆ ခုနှစ်မှာ ကျွန်တော် တောအုပ်ကြီးရာထူးနဲ့ ကောလင်းမြို့နယ် သဖန်းတောင်ကြိုးဝိုင်းမှာ ၁၉၇၂ ခုနှစ်က စိုက်ခဲ့တဲ့ ကျွန်းစိုက်ခင်း (၄၈) ဧကကို ပင်ကျဲနုတ်ရပါတယ်။ ဦးစီးအရာရှိက ကျွန်တော့်ကိုတာဝန်ပေးတာကိုး။ သက်ကြီးပင်ကျဲနုတ်ခြင်း (Silvicultural Thining)ပါ။ ပင်ကျဲနုတ်လုပ်ငန်း ဌာနဆိုင်ရာ ညွှန်ကြားချက်လေးယူသွားတာပေါ့။ ပင်ကျဲနုတ်ခက ဌာနကပေးတာ ထိုစဉ်က တစ်ဧက (၈၀) ကျပ်လို့ ထင်ပါတယ်။ လူငှားပြီးနုတ်ရင် ကုန်ကျငွေနှင့်မလုံလောက်ပါဘူး။ စိုက်ခင်းနားမှာ ကျွန်းတောရွာဆိုတာရှိပါတယ်။ အဲ့ဒီရွာမှာ ဦးရွှေဖောင်ဆိုတဲ့ လူကြီးတစ်ဦးရှိပါတယ်။ အုပ်ချုပ်ရေးပိုင်းမှာမပါပေမဲ့ ရွာအပေါ်မှာဩဇာရှိပါတယ်။ နာယက ဂုဏ်နှင့် ညီညွတ်လို့နေမှာပါ။ ကျွန်တော်က ရုံးကထုတ်ခဲ့တဲ့ သစ်တောလုပ်ငန်း စရိတ်ငွေကို ဦးရွှေဖောင်ကို အပ်ပါတယ်။ သူကကျွန်တော့်ကို နေ့စဉ် လူ ၂ ခေါ်ပေးပါတယ်။ လူ ၈ ဦးပါ နှစ်ဖွဲ့ပေါ့။ ပင်ကျဲနုတ်လုပ်ငန်းမပြီးမချင်းပေါ့။ သက်ကြီးပင်ကျဲနုတ်တယ်ဆိုတာလည်း အပြောကသာလွယ်တာဗျို့။ တကယ်ကျမလွယ်လှဘူး။ အကွာအဝေးကို ကြည့်ပြန်ရင်ကောင်းတဲ့ အပင်ကိုခုတ်ပြီး မကောင်းတဲ့အပင်က ကျန်နေပြန်ရော။ အတော်လေးခက်တဲ့အလုပ်ပါ။ နှစ် (၂၀) ကျော်သား သစ်ပင်တွေက သူတို့ရဲ့ အလားအလာကို ခန့်မှန်းလို့ ရနေပါပြီ။ Healthy tree ဖြစ် မဖြစ်ပေါ့။ နှစ်ရက်လောက်နေတော့ ညနေပိုင်းအလုပ် လုပ်ပြီးရင် ကျွန်တော်ဇက်ကြောတွေတက်၊ ခေါင်းတွေ ကိုက်ပြီ။ ဘာဖြစ်လို့လဲ ပြန်စဉ်းစားတော့ ခုတ်မဲ့အပင် ချန်မဲ့အပင် ရွေးရတော့ ရွက်အုပ်ကြည့်ရတာ၊ အပင်အခြေအနေကြည့်ရတာတွေကြောင့် ဖြစ်တယ်ဆိုတာသိလာရပါတယ်။ အပေါ်ကြည့်လိုက်၊ အောက်ကြည့်လိုက်ကိုး။ ပင်ကျဲနုတ်တယ်ဆိုတာ အပင်ရွေး၊ အပင်လှဲ၊ ဖြတ်တောက်၊ စုပုံစသည်တို့ကို လုပ်ရပါတယ်။ စိုက်ခင်းရှင်သန်ကြီးထွားမှုကောင်းရင်း ရှင်းလင်းခြင်းဆိုတာ မလုပ်ရပါဘူး။ ဒါပေမဲ့ ကျွန်းစိုက်ခင်းတွေရဲ့ သဘောသဘာဝအတိုင်း အမြစ်ပေါ်တာ ၊ surface erosion ဖြစ်နေတာတွေ တွေ့ရတာပါပဲ။

အချုပ်အားဖြင့်ဆိုရသော် သစ်တောစိုက်ခင်းများတည်ထောင်ရာတွင် မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ သစ်တောအရာရှိများအနေဖြင့် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ရာတွင် မှန်ကန်စွာထုတ်ပြန်နိုင်ရေး၊ သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်မီပြီးစီးရေး၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ကျေးရွာများမှ ဩဇာရှိသည့် လူကြီးများအား မိတ်ဆွေများအဖြစ် ပေါင်းသင်းထားနိုင်ရေးတို့အား ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။



*******

PDF Compressor Free Version





# စိတ်ထားတစ်ခု အရင်းပြု၍ ကောင်းကျိုးကိုယ်၌ တည်စေမင်း

ထွန်းထွန်း(စိမ်း/ရိုး)

အချိန်စက်ဝိုင်း တရွေ့ရွေ့ဖြင့် ရွေ့လျားလာသည်နှင့်အမျှ ဟောမာန်ဆောင်း၏အငွေ့အသက်တို့ကလည်း တဖြည်းဖြည်းလျော့ပါး၍လာပါသည်။ မိမိနေထိုင်ရာ ရုံးဝန်းအတွင်းရှိ အပင်ကြီး၊ အပင်ငယ်တို့မှာလည်း တစ်စထက်တစ်စပူပြင်းလာသည့် တပေါင်းလ၏ အငွေ့အသက်တို့နှင့်အတူ သစ်ရွက်များခြွေချလျက်ရှိပြီး မြင်တွေ့ရသူအပေါင်းအတွက် ရွက်ဟောင်းကြွေပြီး ရွက်သစ်ဝေသည့် သခါရမမြဲခြင်းတရား၏ သရုပ်သဏ္ဍာန်ကို ထင်ဟပ်နေပါသည်။

နွေရောက်တော့မည်ဆိုသည့် အတွေးနှင့်အတူ ငယ်စဉ်ကလေးဘဝအတိတ်ကို ပြန်ပြောင်းသတိရမိတော့ 'ရေကုသိုလ်ဗျို့' ဟု ဟစ်အော်နေသံကို ပြန်လည်ကြားယောင်နေမိသည်။ ကျွန်တော့်ဇာတိမြေသည် မန္တလေး-မြစ်ကြီးနားရထားလမ်းတစ်လျှောက်တွင်ရှိ၍ မန္တလေးမြို့မှ (၁၆၀) မိုင်အကွာ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် တည်ရှိသော ချပ်သင်းကျေးရွာဖြစ်သည်။ ချပ်သင်းဟုဆိုလိုက်သည်နှင့် ရွှေသမင်တို့နယ်မြေဟုကျော်ကြား၍ မျိုးသုဉ်းလုနီးပါးဖြစ်နေသည့် ရွှေသမင်များကို ကာကွယ်ထိန်းသိမ်းရာ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတည်ရှိရာဒေသဖြစ်လေသည်။ ရေဆင်းသစ်တောတက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားစဉ်တွင် မိမိ သူငယ်ချင်းများကလည်း 'ဒီကောင်ကအကောင်တော့ အကောင်ပဲ၊ ချပ်သင်းဘေးမဲ့တောက လွတ်လာတဲ့ အကောင်' ဟု ချစ်ခင်ရင်းနှီးစွာဖြင့် နောက်ပြောင်ခေါ်ဆိုလေ့ရှိသည်ကိုလည်း ပြန်လည်သတိရမိပါသည်။



မင်းတုန်းမြို့နယ်၊ အေးချမ်းသာယာရေကန်



ငဖဲမြို့နယ်၊ ကံပေါက်ရေကန်

ချပ်သင်းကျေးရွာသည် ရထားလမ်းတစ်လျှောက်တွင်တည်ရှိသောကျေးရွာဖြစ်သည့်အတွက် ဟိုးယခင်အချိန်များက မီးရထားဆိုက်ရောက်သည်နှင့် အချို့အမျိုးသမီးများသည် ရေအိုးကို ဦးခေါင်းထက်တွင် ရွက်လျက် အချို့သော အမျိုးသား/အမျိုးသမီးငယ်လေးများသည် ထမ်းပိုးဖြင့်ရေထမ်းလျက် အသက်အရွယ် စုံလင်စွာဖြင့် 'ရေကုသိုလ်ဗျို့' အော်ဟစ်၍ သောက်သုံးရေ၊ မျက်နှာသစ်ရေများကို ကုသိုလ်ပြုလေ့/ အခကြေးငွေဖြင့် ရောင်းချလေ့ရှိတတ်ပေသည်။ ယခုခေတ် အချိန်ကာလတွင် ရေသန့်ဘူးအသုံးပြုမှုများတွင် ကျယ်လာသည်နှင့်အမျှ 'ရေ ကုသိုလ်ဗျို့' ဟု ဟစ်အော်ရောင်းချသံများလည်း ပျောက်ကွယ်သွားလေပြီ၊ ရေကုသိုလ်ပြုသည်/ အချို့မိသားစုများမှာ ရေထမ်း၍ ရောင်းချသည်ဆိုသော်လည်း ရေပေါများနေသလားဆိုတော့မဟုတ်ပါ။ နွေရာသီကာလတွင် ရေအလွန်ရှား၍ မိုးရာသီတွင် ရွာအနောက်ဘက်ရှိ တောင်တန်းမှ တောင်ကျရေစီးဆင်းခြင်းဖြင့် ရေကြီးတတ်သောဓလေ့ရှိလေသည်။ ရာသီဥတုသင့်တင့်မျှတပြီး နွေရာသီတွင် အရမ်းမပူပြင်းသော ချပ်သင်းကဲ့သို့သောဒေသတွင် နွေရာသီရေလိုအပ်မှုများပြားပြီး ရေရှားပါးသည်ဆိုပါက မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသတွင် မည်မျှအထိရေလိုအပ်မည်ဆိုသည်မှာ ဆိုဖွယ်ရာပင် မရှိပေ။

နွေနှင့်ရေသည် အမြဲတမ်းနှစ်ကိုယ်တူ ယှဉ်တွဲလျက် ဒွန်တွဲနေသည်မဟုတ်ပါလား။ နွေရောက်လျှင် လူတို့၏ ခန္ဓာကိုယ်သည် ရေဓာတ်ကို ပိုမိုလိုအပ်လာပြီး ရေသောက်အားနှင့် ရေအသုံးပြုမှုများ ပိုမိုမြင့်တက်လာသည်။ အပင်များတွင်လည်း အပင်ငွေ့ပျံမှုနှုန်းများ၊ ရေတွင်းရေကန်များမှ ရေငွေ့ပျံမှုနှုန်းများကလည်း ပိုပိုကာမြင့်မားလာပါသည်။လူအပါအဝင် သက်ရှိသတ္တဝါတိုင်း၏ အသက်ရှင်သန်ရပ်တည်နေ

PDF Compressor Free Version



ထိုင်နိုင်ရန်အတွက် ရေက မရှိ၍မဖြစ် လိုအပ်သကဲ့သို့ လိုအပ်သည့်ရေကို ဖြည့်တင်းနိုင်ရန် ရေတွင်းရေကန်တူး ဖော်ခြင်းနှင့် မိုးရေကို စနစ်တကျ စုဆောင်းထားရှိခြင်း၊ ပင်လယ်/သမုဒ္ဒရာ အတွင်းသို့ စီးဆင်းသွားမည့်မြစ်ချောင်း များမှ ရေအရင်းအမြစ်များကို တတ်နိုင်သမျှ သိမ်းဆည်း ထားခြင်းတို့ကို ဆောင်ရွက်ထားရှိရန်အရေးကြီးလှသည်။

ယခုကာလတွင် ရေတွင်းတစ်တွင်း၊ ရေကန် တစ်ကန်တူးဖော်ပြီး ကုသိုလ်ယူနိုင်ဖို့ဆိုတာ အနည်းဆုံး သိန်း (၂၀) ဝန်းကျင်ခန့် အကုန်အကျခံ အသုံးပြုပြီးမှ ဆောင်ရွက်နိုင်သည်။ ရေရှားပါးလှသည့် အပူပိုင်းဒေသတွင် အဝီစိတွင်း (၁)တွင်းတူးဖော်မည်ဆိုပါက အနည်းဆုံးသိန်း (၁၀၀)နှင့် အထက် ကုန်ကျနိုင်ပါသည်။ လခစားဖြစ်ပြီး တစ်လဝင်ငွေ (၂)သိန်း/(၃) သိန်းခန့်သာရရှိသူ မိမိတို့ဝန်ထမ်းများအတွက် တော့ မိသားစုဘဝ ကုန်ကျစရိတ်တွေ၊ သားရေးသမီးရေး ကိစ္စတွေ၊ နောင်ရေးကိစ္စတွေနှင့် အသုံးအစွဲ ကျစ်လစ်စွာ စိစစ်သုံးနိုင်မှ တန်ကာကျလေတော့ ငွေသိန်းပေါင်းများစွာ အသုံးပြုပြီး ကုသိုလ်ပြုနိုင်ဖို့ဆိုသည်မှာ အိမ်မက်တစ်ခု မျှသာ ဖြစ်လေတော့သည်။ မရှိလို့မလှူ၊ မလှူလို့မရှိ ဆိုသည်မှာ မိမိတို့ဝန်ထမ်းများအတွက် ရည်ရွယ်ညွှန်းဆိုဖွဲ့ခဲ့ လေသလားဟု စိတ်ထဲတွင် တွေးထင်နေမိတော့သည်။

သို့သော်လည်း ယခုလို အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနမှာ (သန္ဓေ) ဝန်ထမ်းအနေဖြင့် တာဝန် ထမ်းဆောင်ရဖို့ အကြောင်းဖန်လာတော့ မိမိစိတ်ထဲတွင် မရည်ရွယ်ဘဲစော်ကဲမင်းဖြစ်သလို ဝမ်းသာနေမိတော့သည်။ ပြန်တွေးလိုက်တိုင်းလည်း နှစ်သက်ကြည်နူး၍ မဆုံးတော့ပေ။ အကြောင်းမှုကား ဌာနဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်တွေ လုပ်ဆောင်မှုတွေက ‘ကုသိုလ်လည်းရ ဝမ်းလည်းဝ’ ဟူသော စကားပုံနှင့်အညီ အပူပိုင်းဒေသစိမ်းလန်းသာယာစေဖို့ သစ်ပင်စိုက်ခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ ထင်းအစားအခြားလောင်စာ တိုးမြှင့်သုံးစွဲရေး ဆောင်ရွက်ခြင်း၊ ရေရှားပါးလှသည့်အပူပိုင်းဒေသနေ အများပြည်သူများအတွက် ရေရရှိရေးလုပ်ငန်းဆိုင်ရာ ရေတွင်း၊ ရေကန်တူးဖော်ခြင်း၊ မိုးရေစုကန်များ ဖြန့်ဝေခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းကြောင့်ဖြစ်သည်။

မိမိအနေဖြင့် လှူချင်တန်းချင် ဒါနပြုချင်စိတ်၊ ဝန်ထမ်းဘဝမှာ ငွေကြေးအမြောက်အများဖြင့် အကုန်အကျခံပြီး ကုသိုလ်မပြုနိုင်မှုအပေါ် ဌာန၏လုပ်ငန်းများတွင် စိတ်ပါဝင်စားစွာဖြင့် လုပ်အားဒါနစိုက်ထုတ်၍ အကောင်အထည် ဖော်ဆောင်ရွက်ခြင်းအားဖြင့် ကုသိုလ်ရယူနိုင်သည့် အတွက် ဝမ်းသာပီတိ ဂွမ်းဆီထိသလို စိတ်နှလုံးပျော်ရွှင်၍ မဆုံးတော့ပေ။ စိတ်ထားတတ်လျှင် မြတ်သည်ဟု ပြောဆိုကြသည်မဟုတ်ပေလား။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဌာနမှ ဆောင်ရွက်နေသည့် ရေရရှိရေးဆောင်ရွက်ပေးခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းစသည့် လုပ်ငန်းများသည် နိုင်ငံတော်ဘဏ္ဍာငွေကိုအသုံးပြု၍ မြင့်မြတ်သည့်အလုပ်ကို လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ မိမိတို့သည် ကိုယ်ကာယလုပ်အားကို စိုက်ထုတ်ခြင်းဖြင့် လုပ်အားဒါနပြုနိုင်သည့်အပြင် ဒီလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာ၌ ထပ်ပိုးဆောင်ရွက်ပေးနိုင်သည်မှာ မေတ္တာဖြင့်ဦးဆောင်သည့် မိမိတို့၏ စိတ်နေသဘောထားပင်ဖြစ်ပါသည်။ ဒေသခံပြည်သူများအပါအဝင် သက်ရှိသတ္တဝါများအားလုံး ရေရရှိကြပါစေ၊ သစ်ပင်၏ အရိပ်အာဝါသမှတစ်ဆင့် အေးငြိမ်းမှုကိုခံစားနိုင်ကြပါစေ စသည်ဖြင့် မေတ္တာစိတ်သာထားနိုင်မည်ဆိုပါက အင်မတန်တန်ဖိုးရှိလှပြီး မြင့်မြတ်လှသည့်အလုပ်ကို ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ လုပ်ကိုင်နေသည့်လုပ်ငန်းသည် မြင့်မြတ်လှပြီး စိတ်နေသဘောထားသည်လည်း မြင့်မြတ်ပါက ရုပ်ခန္ဓာကိုယ်ကို ငြိမ်းချမ်းစေပြီး စိတ်အေးချမ်းမှုကို ဖြစ်ပေါ်စေနိုင်သည်။ စိတ်ကြည်နူးမှုနှင့် စိတ်ဝမ်းသာမှု (ပီတိ) ဆိုသည့် Positive Emotion အပေါင်းလက္ခဏာ စိတ်ခံစားမှုကို ဖြစ်ပေါ်စေနိုင်သည်။

နေ့စဉ် လူ့လောကလုပ်ငန်းခွင်ထဲမှာလည်း မေတ္တာတရားအခြေခံမရှိရင် ဘာမှမဟုတ်တာလေးနဲ့ စိတ်ညစ်၊ တစ်ယောက်ကို တစ်ယောက် အပြစ်မြင်၍ စိတ်ညစ်စရာများစွာ ဖြစ်ပေါ်လာနိုင်ပါသည်။ ထိုသို့ စိတ်ညစ်စရာရှိပါက တော်တော်နှင့်မပျောက်တော့ဘဲ တစ်ရက်ပြီး တစ်ရက်၊ တစ်လပြီး တစ်လ၊ စိတ်ညစ်စရာများကို စုမှန်းမသိစုမိလာနိုင်ပါသည်။ ၄င်းမှတစ်ဆင့် လုပ်ငန်းခွင်ပျော်ရွှင်မှု ပျောက်ဆုံးခြင်းနှင့် စိတ်ဆင်းရဲမှုများ ဖြစ်ပေါ်လာပြီး လုပ်ငန်းခွင်ပတ်ဝန်းကျင်တွင် ပြဿနာများစွာ တွေ့ကြုံလာရပါသည်။ နောက်ဆုံး မိမိ၏မိသားစုနှင့် နေထိုင်မှုဘဝအထိပါ စိတ်မပျော်ရွှင်မှုများ ကူးစက်နိုင်သည်မှာ များစွာ သတိပြုဖွယ်ရာပင်ဖြစ်ပါသည်။

အများသိသည့်အတိုင်း မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသသည် နှစ်စဉ် ပျမ်းမျှ မိုးရွာသွန်းမှုသည် ၁၂၅၀ မီလီမီတာ (၅၀ လက်မ)အောက်တွင်ရှိပြီး မိုးရွာသွန်းသည့်ရက်မှာ ရက်ပေါင်း (၅၀) ခန့်သာရှိသည်။ ပျမ်းမျှအပူချိန်သည်လည်း ၈၀˚ F ခန့်ရှိပြီး လွန်စွာ ခြောက်သွေ့သောဒေသဖြစ်ပါသည်။ ရေဇော်ဒဏ်ခံနိုင်သောအပင်များမှလွဲပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် သဘာဝမိုးရေကို လုံလောက်စွာမရရှိပေ။ အပူပိုင်းဒေသသည် မြေဆီလွှာသည်လည်း မြေဝါသဲဝန်း၊ စနယ်မြေနှင့် မြေနီသဲဝန်း (သဲဝန်းတော ခြောက်မြေ) စသည်တို့ကို အဓိကတွေ့ရှိရပြီး ရေထိန်းသိမ်းနိုင်မှု (Water Holding Capacity) မှာ အနည်းဆုံး (၃.၂%)မှ အများဆုံး (၂၈.၄%)ခန့်သာ ရှိပါသည်။ မိုးနည်းပါးခြင်း၊ မြေဆီလွှာတွင် မိုးရေထိန်းသိမ်း

PDF Compressor Free Version


နိုင်မှုနည်းပါးခြင်း၊ သစ်တော သစ်ပင်နည်းပါးခြင်းနှင့်အတူ မြေဆီလွှာအညံ့ဆုံးဖြစ်၍ ဆူးခြုံတော၊ ရှား၊ သန်း၊ ဒဟက်တောများသာ ပေါက်ရောက်ပါသည်။

McCartney (2013) ၏ လေ့လာတွေ့ရှိချက်များအရ မုံရွာမြို့အနီးနားတွင် ချင်းတွင်းမြစ်၏ နှစ်စဉ်ပျမ်းမျှ ရေစီးဆင်းမှုနှုန်းမှာ သန်း (၁၅၃,၅၈၆) ကုဗမီတာခန့်၊ စစ်ကိုင်းမြို့အနီး ဧရာဝတီမြစ်၏ နှစ်စဉ်ပျမ်းမျှ ရေစီးဆင်းမှုနှုန်းမှာ သန်း (၂၆၀,၃၀၀) ကုဗမီတာခန့်ရှိကြောင်း၊ မကွေးမြို့အနီး ဧရာဝတီမြစ်၏ နှစ်စဉ် ပျမ်းမျှ ရေစီးဆင်းမှုနှုန်းမှာ သန်း (၃၆၅,၂၀၀) ကုဗမီတာခန့်ရှိကြောင်း တွေ့ရှိရပြီး ရေစီးဆင်းမှုအများစုကို အများပြည်သူ့ အကျိုးအတွက် ထိရောက်စွာ အသုံးချနိုင်မှု မရှိသေးပေ။ ထို့အပြင် အပူပိုင်းဒေသတွင် ဆည်အကြီးစား (၆၀) ဝန်းကျင်ခန့်ရှိပြီး ရေသိုလှောင်နိုင်မှုပမာဏမှာ စုစုပေါင်း သန်း (၇၇၆၀) ကုဗမီတာခန့်၊ ဆည်အသေးစား (၂၀၀၀) ခန့်ရှိပြီး ရေသိုလှောင်နိုင်မှုပမာဏမှာ စုစုပေါင်း သန်း(၁၀၂၀) ကုဗမီတာခန့်ရှိပြီး တစ်နှစ်ပိုးရေ စီးဆင်းမှုနှုန်းမှာ သန်း (၃၉၀၀၀) ကုဗမီတာခန့် ရှိပါသည်။ မိုးရေစီးဆင်းမှုနှုန်း (Total Runoff) နှင့် ရေသိုလှောင်ထိန်းသိမ်းမှုကို နှိုင်းယှဉ်လေ့လာပါက Runoff နှုန်းမှာ များစွာသာလွန်နေကြောင်း တွေ့ရှိရသဖြင့် ရွာသွန်းခဲ့သည့် မိုးရေများကို သိုလှောင်သိမ်းဆည်းနိုင်ရေး (Rain Water Harvesting) ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန စတင်တည်ထောင်သည့် (၁၉၉၇) ခုနှစ်မှစတင်၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ ရေရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလုပ်ငန်းများ၌ မြေအောက်ရေ(အဝီစိတွင်း) (၁၃၈) တွင်း၊ ရေကန်ငယ် (၁၉၀၀) ကန်၊ ဂါလံ (၅၀၀၀) ဆံ့ မိုးရေစုကန် (၆၇) ကန်၊ ရေကန်ဟောင်း (တိမ်ကောရေကန်) (၃၃) ခု၊ ဂါလံ (၂၀၀) ဆံ့ မိုးရေခံကွန်ကရစ်ကန် (၂၀၄၀) ကန် ၊ ဂါလံ (၁၀၀) ဆံ့ မိုးရေခံ ကွန်ကရစ်ကန် (၁၉၀၀)ကန်၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းကာကွယ်ရေးအတွက် ကျောက်စီနှန်းထိန်းတမံ (၃၃၂၁) ခု၊ တစ်ဖက်ရပ်ဆည်(၁၃)ခုကို နိုင်သည့် ဝန်၊ ရရှိသည့် ပြည်သူ့ဘဏ္ဍာငွေဖြင့် တစ်ဖက်တစ်လမ်းမှ ပြည်သူ့အကျိုးဖြည့်ဆည်း ဆောင်ရွက် ပြီးစီးခဲ့သည်မှာ ဝမ်းသာဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။ (ရင်းမြစ် – အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၊ အင်ဂျင်နီယာဌာန၊ ၂၀၂၂)

ထို့အပြင် လူထုဟောပြောပွဲပြုလုပ်၍ နည်းပညာနှင့်အသိပညာ (Technology and Knowledge) ဖြန့်ဝေခြင်း၊ တိုးချဲ့ပညာပေးစခန်းများဖွင့်လှစ်ခြင်း၊ ကျေးရွာအဆင့် လူမှုစီးပွားရေး (Socio-economic) အခြေအနေ၊ ကျေးရွာအချက်အလက်များ (Village Profile Data) နှင့် ကျေးရွာသူရွာသားများ၏ လိုအပ်ချက် (Need Assessment Survey,NSA) စာရင်းကောက်ယူခြင်း စသည့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများသည် ပြည်သူ့အသံကို နားထောင်၍ ပြည်သူအတွက် ဦးတည်ဆောင်ရွက်သည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ခုလည်း ဖြစ်ပေသည်။

အပူပိုင်းဒေသရဲ့ ပြင်းထန်တဲ့ရာသီဥတု အခြေအနေ၊ သစ်တောသစ်ပင်နည်းပါးလာပြီး တစ်စထက် တစ်စ ပိုမိုခြောက်သွေ့လာတဲ့ လွင်ထီးခေါင် ဖြစ်တည်လာမှုတွေနဲ့ ရေရှားပါးလာမှုတွေကို ကြံ့ကြံ့ခံရင်ဆိုင်လျက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ပြည်သူကို မျက်စိပသာဒစိမ်းစိုသာယာလှပစေဖို့ ဝန်ဆောင်မှုပေးနေသော ပြည်သူ့အထောက်အကူပြုဌာနတစ်ခုမျှမက ရေအမှန်တကယ်လိုအပ်သောနေရာတွေမှာ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပေးနေသော ပြည်သူ့အကျိုးပြုဌာနလည်းဖြစ်ပါသည်။

ထို့ကြောင့် မိမိတို့ဝန်းကျင်သာယာလှပစေဖို့ အပူပိုင်းဒေသစိမ်းလန်းသာယာ လှပစေဖို့အတွက် '**တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရသည်**' ဟူသော စကားအတိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် အတူတူပူးပေါင်း လက်တွဲ၍ ထာဝရကုသိုလ်ရယူနိုင်ရန် ဖိတ်မန္တကပြုလျက် လောကသာရ ဆုံးမစာ **ကောင်းကျိုးကိုယ်၌ တည်စေမင်း**၏ နောက်ဆုံးပိုဒ်ဖြင့် ယခုစာအား အဆုံးသတ်လိုက်ပါသည်။

✶ ကျမ်းစာသိမြင်
တတ်အောင်သင်လော့
ပေါ်လွင်မပြု
ကောင်းရာတုလျက်
ကောင်းမှုမြတ်နိုး
ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌ တည်စေမင်း။


မြင်းမူမြို့နယ်၊
ကံ့သာအေးကျေးရွာ


နွားထိုးကြီးမြို့နယ်၊
ညောင်ကုန်းကျေးရွာ

PDF Compressor Free Version






မောင်တိုးချဲ့

**ညက** အိပ်ရာဝင်တာနောက်ကျသဖြင့် မနက်အိပ်ရာထတော့ ခေါင်းထဲမှာမကြည်ချင် ....

စိုက်ခင်း မသွားဖြစ်တာ ကြာပြီမို့....

ဒီနေ့ စိုက်ခင်းသွားဖို့ ချိန်းထားသည့်အတွက် အိပ်ရာက မထချင်သေးသော်လည်း ဆက်မအိပ်ဖြစ်တော့ ....

ပြတင်းတံခါး ဟလိုက်ရုံရှိသေးဖြတ်ကနဲ တိုးဝင်လာသည့် လေနုအေးကြောင့် ကြက်သီးမွေးညှင်းထသွားသည်။

ညကချိတ်ထားသည့် အနွေးထည်ယူဝတ်ပြီး အိမ်အပြင်ထွက်လိုက်သည်ဆိုလျှင်ပဲ ဝန်းကျင်တစ်ခုလုံး နှင်းများဖုံးနေသည်ကိုတွေ့လိုက်ရသည်။

နေမင်းကြီး သာခွင့်မရတော့ မျက်နှာသစ်ဖို့ တပည့်ကျော် ခပ်ပေးထားသည့် ရေ၏ အပေါ်ယံကြောပင် တင်းချင်ချင်....

ရေနွေး ရောမှ အဆင်ပြေမည်ထင့် ..

အိမ်ဘေးတွင် အဆက်မပြတ်ဖိုထားသည့် မီးဖိုတွင်ရေနွေးအိုးကအသင့် တစ်ခွက်ရောကြည့်သည် မထူးခြား သုံးပုံတစ်ပုံ မသိသာလှ ထက်ဝက်ခန့်ရောလိုက်မှပဲ ရေနွေးငွေ့တစ်ချို့တွေ့ရသည်။

မျက်နှာသစ်ခြင်းကိစ္စ မပြီးမြောက်သေးခင် တယ်လီဖုန်းမြည်သံကြောင့် ဖုန်းကို ကောက်ကိုင် နားထောင်ကြည့်လိုက်တော့ ....

'Shwe FM ကလား' တဲ့ မှားစရာရှားလို့ စိတ်တိုတိုနဲ့ 'ရွှေတော့ရွှေပဲဟေ့ Shwe FM တော့မဟုတ်ဘူး ... ရွှေထွက်တဲ့ ဆီက...' လို့ ပြန်ပြောလိုက်သည်။

ခဏနေတော့ တပည့်ကျော်က လာမေးသည် 'ဆရာ ဆန်ပြုတ်လား ' တဲ့...

'ဟေ့ယောင် အဲဒါတွေ ဘာမှမစားချင်ဘူး... ထမင်းကြမ်းတစ်ခဲယူခဲ့ ဆားနဲ့တို့စားမယ်' လို့ပြောလိုက်တော့ တပည့်ကျော် ပြုံးစေ့စေ့နဲ့လှည့်ထွက်သွားပြီး 'သဘောပေါက်ပြီဆရာ တဲ့' သူ ဘာကို သဘောပေါက်သွားသည်မသိ၊ ခေါင်းထဲက နောက်ကျိကျိက မပြေချင်သေး... ယယ်ယက သောက်ခဲ့ဖူးတဲ့ ဘလက်ကော်ဖီ တစ်ခွက်လောက် သောက်ရလျှင် ကောင်းမယ်လို့ တမ်းတနေဆဲ ...

'ဆရာ၊ ကော်ဖီ' ဆိုပြီး လာချပေးသည့် တပည့်ကျော်၏ နံနက်စာကြည့်လိုက်တော့–

ကော်ဖီနဲ့ ပဲပြုတ်ဆီဆမ်း ထူးဆန်းပါဘိ ...

'မင်းကို ထမင်းကြမ်းခဲစားမယ်ပြောတာလေ' ဆိုတော့ ...

'ညက ထမင်းမကျန်ဘူးဆရာ ကျွန်တော်အပြီးသတ်လိုက်တာ...'

'ပဲပြုတ်လေးစား ကော်ဖီလေးသောက်လိုက်လျှင် နောက်နေတာတွေ ပြေသွားမှာပါ ဆရာ' တဲ့...

ဒီကောင့်ကို ဘာမှ ခွန်းတုံ့ပြန်မပြောတော့ပဲ ဘာမှမဆိုင်ဆိုတဲ့သဘောနဲ့ ပြန်ကြည့်လိုက်တော့ 'ဆရာ့မျက်နှာမကြည်မလင် မြင်ရလို့ ကော်ဖီခါးခါးလေး ဖျော်လာခဲ့တာပါ... ဆရာတို့ယယ်ယက အလွန်ကြိုက်ခဲ့မဲ့ ချစ်ကောင်းပေ့' တဲ့ စိတ်တိုချင်နေသည့် ကျွန်တော်တောင် ပြုံးမိမလိုလို ဖြစ်သွားသည်။

ဒီကောင် ဗမာပြည်မှာသာနေခွင့်ရလျှင် ဦးသိန်းလှမော်တို့ ဦးကျော်စိုးဦးတို့ ထမင်းဝတ်ကုန်မှာ...

ဒီလိုနဲ့ပဲ တပည့်ကျော်စီစဉ်ပေးသည့် နံနက်စာ ပဲပြုတ်ကိုစား ကော်ဖီခါးခါးသောက်ပြီး အဆီအငေါ်မတည့်သည့် နံနက်ခင်းတစ်ခုကို လွန်မြောက်ခဲ့ရပါသည် ။

ပဲပြုတ်က စားတော်ပဲနုနုလေးတွေမို့ ခါးသက်သက် ...

ဆီ က တောင်ပေါ် နှမ်းဆီ ပေမို့ ခါးသက်သက်...

ကော်ဖီကလည်း ခါးသက်သက်...

ဒီမနက်ခင်းမှာ အငဲ သီချင်းတစ်ပုဒ်ကိုပဲ အော်လိုက်ချင်တော့ "**အချစ်ရေ ခါး ခါး ခါး** "လို့

ကြုံရကြုံရ ဘုံဘဝမှာ ...

သူငယ်ချင်းတို့လည်း ပဲပြုတ်ဆီဆမ်းနဲ့ ကော်ဖီခါးခါး၊ ဗမာနဲ့ ဥရောပကပြား အစားအစာ စားရင်း နံနက်ခင်းကို ဖြတ်သန်းကြည့်ကြပါဦးလား ...

**( တီးတိန်မြို့နယ် ဦးစီးအရာရှိဘဝ အမှတ်တရ )**



# တောမီး

မင်းဇေယျ



ကမ္ဘာဦးလူသားတို့ မီးကိုစတင်တွေ့ရှိအသုံးပြုတတ်ခဲ့ကြသည်မှစ၍ လူနေမှုပုံစံသည်လည်း အဆင့်ဆင့်တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာခဲ့ပေသည်။ မီးကိုချက်ပြုတ်စားသောက်ရန်အတွက်လည်းကောင်း၊ အလင်းရောင်အတွက်လည်းကောင်း၊ ရာသီဥတုဒဏ်ကာကွယ်ရန်အတွက်လည်းကောင်း၊ သားရဲတိရစ္ဆာန်တို့၏ ဘေးမှကာကွယ်ရန်အတွက်လည်းကောင်း၊ နယ်မြေရှင်းလင်းရန်တို့တွင်လည်းကောင်း အသီးသီးအသုံးပြုခဲ့ကြပေသည်။ မီးသည် အသုံးဝင်သောအရာဖြစ်ပါသည်။ သို့သော် အသုံးမတည့်ခဲ့လျှင် ဘေးဒုက္ခဆိုးများပေးတတ်သော အရာလည်းဖြစ်၍ ရန်သူငါးပါးတွင် တစ်ပါးအဖြစ်ပါဝင်နေပေသည်။

မီးနှင့်ပတ်သက်၍ ကောင်းကျိုးပြု အသုံးတည့်သည်များကိုအထွေအထူးတင်ပြရန်ပင် မလိုအပ်ပေ။ အားလုံးလက်တွေ့အသိဖြစ်ကြပါသည်။ ထို့ကြောင့် ဤတွင်အဓိကတင်ပြလိုသည်မှာ တောမီးနှင့်ပတ်သက်၍သာဖြစ်ပါသည်။

သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့သည် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောများထိန်းသိမ်းကာကွယ်ခြင်းတို့တွင် မီးကာကွယ်ရေးလုပ်ငန်းကို အထူးအရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်လျက် ရှိပါသည်။ စီးပွားရေးစိုက်ခင်းများအပါအဝင် ကျေးရွာသုံးစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းစသည်တို့ကို စိုက်ပျိုးတည်ထောင်ပြီး (၅)နှစ်သားအထိ မီးကာကွယ်ခြင်းလုပ်ငန်းကို သေချာစေ့စပ်စွာ ဆောင်ရွက်ကြရပါသည်။ အထူးသဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တည်ထောင်စိုက်ပျိုးသည့် စိုက်ခင်းများသည် မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သည့် ဒေသသဘာဝအရ တောမီးနှင့်ပတ်သက်၍ ပိုမိုအလေးထားကာကွယ်ဆောင်ရွက်ကြရပေသည်။ သဘာဝတောထိန်းဧရိယာများသည်လည်း အပူပိုင်းခြောက်သွေ့တောများ ဖြစ်သည့်အလျောက် ရှား၊ ဒဟတ်၊ သန်း၊ ဖျောက်ဆိတ်၊ ဆီးဖြူ၊ လွန်ဖို၊ သစ်စေး၊ ထောက်ကြံ့၊ လိမ်၊ ထုံးပေါက် (တပေါက်) စသော သစ်မျိုးများပေါက်ရောက်ပြီး အပင်များမှာ ပုညက်ကျဲပါးသောတောများဖြစ်ကြပါသည်။ သစ်တောသစ်ပင်များပေါက်ရောက်မှု ပုညက်ကျဲပါးသော်လည်း မျောက်မြွားမြက် ( Andropogon fastigiatus )၊ မြက်နံ့မြက်ကဲ့သို့သော ကျွဲ/နွားလည်းမစားသည့် နွေအခါ အလွန်ခြောက်သွေ့ပြီး တောမီးစိုးရိမ်ရသည့် အောက်ပေါင်းများကတော့ နေရာအနှံ့ပေါက်ရောက်လျှက်ရှိကြပေသည်။

သစ်တောများ၏သဘာဝအရ မီးလောင်မှုမရှိပဲနှစ်ရှည်ကြာ ရှင်သန်ခွင့်ရလျှင်လည်းကောင်း၊ အလားတူပင် သဘာဝတောဧရိယာတစ်ခုကို သတ်သတ်မှတ်မှတ်ဖြင့်ကာလရှည်ကြာ မီးကာကွယ်ခြင်းကို လုံလောက်စွာ ဆောင်ရွက်နိုင်ခဲ့လျှင်လည်းကောင်း ထိုသဘာဝတောသည် ကြီးထွားမှုတွင် တိုးတက်လာမည်ဖြစ်သလို ရေ၊ မြေ၊ ရာသီဥတု သဘာဝအရ လိုက်လျောညီထွေမှုပိုမိုသော သစ်မျိုးတို့လွှမ်းမိုးလာပြီး သစ်တောအမျိုးအစားသည်လည်းပြောင်းလဲလာနိုင်ပေသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လုပ်ငန်းများဆောင်ရွက်လျက်ရှိသောဧရိယာဒေသများမှာ နှစ်စဉ်ပျမ်းမျှမိုးရေချိန်နည်းပါးပြီးလေထုစိုထိုင်းဆလည်းနည်းပါးကာ အပူချိန်မြင့်မားသည့်ခြောက်သွေ့သောဧရိယာဒေသများဖြစ်ပါသည်။ မီးကာကွယ်ခြင်းလုပ်ငန်းကို စိုက်ခင်းစိုက်ကွက်များတွင် ပြည့်ဝစွာဆောင်ရွက်နိုင်သော်လည်း သဘာဝတောများစွာတွင်ဧရိယာအတိုင်းအတာတစ်ခုအထိသာ ဆောင်ရွက်နိုင်ပါသည်။ နှစ်စဉ် မတ်၊ ဧပြီကာလများတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ ခရီးသွားပါက လမ်းဘေး၌ပင်တောမီးလောင်ကျွမ်းနေခြင်းများကို မြင်တွေ့ရလေ့ရှိပါသည်။ ကျေးလက်လမ်းများသို့ ဝင်ရောက်ပါက ယာစည်းရိုး



PDF Compressor Free Version



များတွင်လည်း တောမီးလောင်နေခြင်း၊ လောင်ထားပြီးခြင်းတို့ကို မြင်တွေ့ရပေမည်။

တောမီးဖြစ်ပေါ်လောင်ကျွမ်းရခြင်းအကြောင်းတရားများတွင် သဘာဝအလျောက်ဖြစ်ပေါ်သော တောမီးသည်လည်းတစ်ခုအဖြစ်ပါဝင်သော်လည်း ရာခိုင်နှုန်းအားဖြင့်နည်းပါးလှပါသည်။ မိုးကြိုးပစ်ခြင်း၊ ကျောက်တုံး အချင်းချင်းခတ်မိရာမှ မီးပွားဖြစ်ပေါ်ခြင်း၊ တောအတွင်း ခြောက်သွေ့နေသောဝါးအချင်းချင်းပွတ်တိုက်မှုဖြစ်ပေါ်ရာမှ မီးလောင်ခြင်းစသည့် သဘာဝအလျောက်ဖြစ်သော တောမီးများမှာ ယေဘုယျအားဖြင့် ၅ % အောက်သာရှိပေမည်။ အပူပိုင်းဒေသဧရိယာ တောခြောက်များတွင် ထို့ထက်ပင်နည်းပါးနိုင်ပါသည်။ ရွက်ပြတ်ရောနှောတောများနှင့် အပူပိုင်းခြောက်သွေ့တောများတွင် တောမီးဖြစ်ပေါ် လောင်ကျွမ်းရခြင်း၏ ၉၅% ကျော်သော အကြောင်းရင်းမှာ လူ၏ပယောဂကြောင့်သာဖြစ်ပါသည်။ လူ၏ပယောဂကြောင့်ဖြစ်ရသောတောမီးများတွင် မတော်တဆဖြစ်ပေါ်သောတောမီးနှင့် တမင်ရည်ရွယ်ဖြစ်ပေါ်စေသော တောမီးဟူ၍ နှစ်မျိုးအဓိကရှိပေသည်။ မတော်တဆ တောမီးများမှာ တောအတွင်းဖြတ်သန်းသွားသူများနှင့် တောတွင်းစခန်းချနေထိုင်မှုပြုခဲ့သူများမှ ထွက်ခွာသွားချိန်တွင် မီးဖို၌ မီးကြွင်းမီးကျန်များ ကျန်ရှိနေခဲ့ခြင်း၊ မီးပါသော ဆေးလိပ်တိုနှင့် မီးခြစ်ဆံ စသည်တို့ကို အမှုမဲ့အမှတ်မဲ့စွန့်ပစ်ခြင်း၊ ညအချိန် တောအတွင်း ဖြတ်သန်းသွားသူတို့ အသုံးပြုသည့် မီးတုတ်များကို အလွယ်တကူစွန့်ပစ်ခဲ့ခြင်း၊ သစ်ရွက်ခြောက်နှင့် အမှိုက်အစအနများပေါ်သို့ မီးပွားကျရောက်ခြင်း၊ ကျေးရွာနှင့် ယာတဲတို့ပတ်ဝန်းကျင်တွင် အမှိုက်ရှင်းလင်းမီးရှို့ရာမှ သစ်တောအတွင်း မီးကူးစက်ပြန့်ပွားသွားခြင်း စသည်တို့ပါဝင်ပါသည်။

တမင်ရည်ရွယ်ဖြစ်ပေါ်စေသော တောမီးတွင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းအမျိုးအစားအချို့ထုတ်ယူရာတွင် လွယ်ကူရှင်းလင်းစွာ ရှာဖွေတွေ့ရှိနိုင်ရန် မီးရှို့ခြင်း၊ ကျွဲ/နွား/ဆိတ် စားကျက်အလို့ငှာ မြက်နှင့်သစ်ဖူးသစ်ရွက်တို့ အနုမြန်မြန်ပြန်ထွက်လာစေရန် မီးရှို့ခြင်း၊ ယုန်/ ကြောင်/ ချေ စသည့် အမဲလိုက်ရာတွင် တောမီးရှို့ပြီး တောခြောက်ခြင်း၊ လက်ဆော့၍ တောမီးရှို့ခြင်းနှင့် တမင်ပျက်စီးစေလိုသောသဘောရည်ရွယ်ချက်ဖြင့် မီးရှို့ခြင်းစသည်တို့ပါဝင်ပါသည်။ ကားလမ်းဘေး၊ လှည်းလမ်းဘေးမှသည် တောတွင်းနေရာအနှံ့အထိ တောမီးများ၏ စတင်ဖြစ်ထွန်းရာအကြောင်းတရားများတွင် လူမှ ရည်ရွယ်ချက်ဖြင့် ရှို့မီးများသာ ရာခိုင်နှုန်းအများစုဖြစ်နေပါသည်။

တောမီးလောင်ကျွမ်းမှုပုံစံများအပေါ် အောက်ပါအတိုင်း အမျိုးအစားများ ခွဲခြားသတ်မှတ်နိုင်ပါသည်-

- မြေပြင်တဖြည်းဖြည်းရွေ့သွားသောတောမီး (creeping fire)
- မြေရှပ်လောင်ကျွမ်းတောမီး (ground fire)
- မျက်နှာပြင်လောင်ကျွမ်းတောမီး(surface fire)
- တောမီးကြီး (crown fire or top fire)

Creeping Fire သည် တော၏ အောက်ခြေ ကြမ်းပြင်ပေါ်၌ ကြွေကျနေသော သစ်ရွက်ခြောက်များ၊ အမှိုက်အစအနများ စသည်တို့ကို လေပြင်းတိုက်ခတ်မှုမရှိပဲ တဖြည်းဖြည်း တရွေ့ရွေ့လောင်ကျွမ်း၍ ဧရိယာကျယ်ပြန့်သွားစေသော တောမီးမျိုးဖြစ်ပါသည်။

Ground Fire သည် မြေပြင်ပေါ်ကျနေသော သစ်ရွက်ခြောက်နှင့် အမှိုက်အစအနများသာမက သစ်တော၏ အောက်ခြေ မြေပြင်ပေါ်ပေါက်ရောက်နေသည့် နိမ့်သောနှစ်ချင်းခံ အပင်ငယ်များ၊ ချုံများကိုပါ လောင်ကျွမ်းသွားသည့် တောမီးမျိုး ဖြစ်ပါသည်။

Surface Fire သည် သစ်တောအောက်ခြေ မြေပြင်ပေါ်ရှိ သစ်ရွက်ခြောက်၊ အမှိုက်၊ အပင်ငယ်နှင့် ချုံများသာမက အောက်ပေါင်းအမျိုးမျိုး၊ ဝါးရုံမျိုးများနှင့် သစ်တောမျိုးဦးအပင်ငယ်များ (forest undergrowth) တို့ကိုလောင်ကျွမ်းကုန်ဆုံးသွားစေသည့် တောမီးမျိုးဖြစ်ပါသည်။

Crown Fire or Top Fire သည် သစ်တောတွင်ပါဝင်ပင်များ၏ အပေါ်ပိုင်းရွက်အုပ်နှင့် အကိုင်းအခက်များအထိ ကြီးမားစွာလောင်ကျွမ်းသော တောမီးမျိုးဖြစ်ပါသည်။ အထူးသဖြင့် ထင်းရှူးတောဧရိယာများတွင် လောင်ကျွမ်းတတ်ပြီး၊ မြန်မာနိုင်ငံ၏ ရွက်ပြတ်ရောနှောတောများနှင့် အပူပိုင်းခြောက်သွေ့တောများတွင် ဤတောမီးမျိုးကို မတွေ့ရှိရပေ။

တောမီးလောင်ကျွမ်းမှုပုံစံများကို အထက်ပါအတိုင်း အတန်းအစားများသတ်မှတ်ခွဲခြားနိုင်သော်လည်း တောမီးသည် အမျိုးအစားတစ်ခုခုဖြင့် ပုံသေလောင်ကျွမ်းကြသည်မဟုတ်ပါ။ အခြေအနေအမျိုးမျိုးဖြစ်သော ပတ်ဝန်းကျင်ရာသီဥတုအခြေအနေ၊ မီးလောင်စာများ တည်ရှိမှုအခြေအနေ၊ မြေမျက်နှာပြင်အနေအထား စသည့် အ



PDF Compressor Free Version



ကြောင်းကြောင်းတို့ပေါ်မူတည်လျက် လောင်ကျွမ်းမှုပုံစံအမျိုးမျိုးရောနှောနေခြင်း၊ ပုံစံတစ်ခုမှတစ်ခုသို့ ပြောင်းလဲခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

ရွက်ပြတ်ရောနှောတောများတွင် တောမီးသည် ကျွန်းသစ်မျိုးတို့အတွက် သဘာဝအလျောက် မျိုးဆက်မှုကို တစ်နည်းတစ်လမ်းအထောက်အကူပြုသည်ဟု လက်ခံထားကြသော်လည်း တောမီး၏ အကျိုးဆက်များမှာ များသောအားဖြင့် သစ်တောကိုပျက်စီးစေမှု၊ ကြီးထွားခြင်းကိုနှောင့်နှေးစေမှု စသည့်ဆိုးကျိုးများသာ အများစုဖြစ်ပါသည်။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လုပ်ငန်းများဆောင်ရွက်လျက်ရှိသော အပူပိုင်းတောခြောက်ဧရိယာများတွင် ပို၍ပင်ထိခိုက်လွယ်သောအခြေအနေများဖြစ်ပါသည်။ ယေဘုယျအားဖြင့် တောမီးကြောင့် ထိခိုက်ပျက်စီးရမှုများမှာ သစ်တောသစ်ပင်များကို တိုက်ရိုက်ထိခိုက်ပျက်စီးစေခြင်း (damage to the trees)၊ သဘာဝအလျောက်မျိုးဆက်မည့် မျိုးဦးအပင်ငယ်များ သေကြေပျက်စီးရခြင်း (damage to regeneration)၊ မြေဆီလွှာပျက်စီးစေခြင်း (damage to soil)၊ သစ်တော၏ထုတ်လုပ်နိုင်မှုစွမ်းအားများ ကျဆင်းစေခြင်း (damage to productive power of the forest)၊ မြေဆီလွှာတိုက်စားမှုအစရှိသည်တို့အပေါ် သစ်တော၏အကာအကွယ်ပြုပေးနိုင်မှုစွမ်းရည်များကျဆင်းစေခြင်း (damage to protective power of the forest)၊ တောရိုင်းတိရစ္ဆာန်များ၊ ကုန်းနေရေနေ နှင့် ငှက်၊ အင်းဆက် စသည့် တောအပေါ်မှီခိုအသက်ရှင်ကြရသည့် သတ္တဝါများအတွက် နေရင်းဒေသများ ပျက်စီးပြီး အပင်နှင့်သတ္တဝါတို့ ဂေဟစနစ်ပျက်စီးရခြင်း (damage to wild animals)၊ သဘာဝအလှအပနှင့် အပန်းဖြေနားနေမှုဆိုင်ရာ နေရာဒေသများ ပျက်စီးရခြင်း (damage to the recreational and scenic value) စသည်တို့ ဖြစ်ကြပါသည်။

မီးကို ရေဖြင့်ငြိမ်းသတ်ရသည်မှာ ဓမ္မတာသဘောဖြစ်သော်လည်း တောမီးလောင်ကျွမ်းခြင်းတွင်မူ အခါခပ်သိမ်း ရေဖြင့်ငြိမ်းသတ်ရန်မှာ မလွယ်ကူ၊ မဖြစ်နိုင်ပေ။ ရေရရှိရေး၊ ရေသယ်ယူရေး၊ မီးအနားသို့ ရေအရောက်ဖြန်းပက်ရေးတို့မှခက်ခဲပါသည်။ ခေတ်မီပြီး ရန်ပုံငွေပေါကြွယ်ဝသော နိုင်ငံများတွင် တောမီးကို ရဟတ်ယာဉ်များဖြင့် ငြိမ်းသတ်နိုင်ကြသော်လည်း မြန်မာ့သစ်တောများတွင် ယခုထက်တိုင်မှာ သဘာဝရိုးရာဓလေ့များဖြစ်သော သစ်ကိုင်းဖြင့် ရိုက်ခြင်း (by beating)၊ မြေမှုန့်သဲမှုန့်များဖြင့် ပက်ပြီးဖုံးအုပ်ခြင်း (by earth)၊ မီးတားလမ်း မီးဖြတ်လမ်းများပြုလုပ်၍ ဆန့်ကျင်ဖက်အရပ်မှ မီးလှန်ရှို့ခြင်း (by counter-firing) တို့ဖြင့် တောမီးကို အဆုံးသတ်ကြရပေသည်။

မြန်မာ့သဘာဝသစ်တောများအမျိုးမျိုးနှင့် သစ်တောစိုက်ခင်းများအပါအဝင်တွင် တောမီးကာကွယ်ရေးသည် အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ အထူးသဖြင့် ထိခိုက်ရလွယ်သော အပူပိုင်းခြောက်သွေ့တောများတွင် တောမီးကာကွယ်ရေးသည် ပိုမိုအလေးထားဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများဖြစ်ပါသည်။ တောမီးသည် လူကြောင့်ဖြစ်ရသည်ဟု အထက်တွင် ဆိုခဲ့သည့်အတိုင်း တောမီးကာကွယ်ရေးနှင့်ပတ်သက်၍ လူကိုအဓိကထား တားဆီးကာကွယ်စေရမည်ဖြစ်ပေသည်။ ဌာနဝန်ထမ်းများဖြင့်လည်းကောင်း၊ တောစောင့် မီးစောင့် စိုက်ခင်းစောင့်လုပ်သားများဖြင့်လည်းကောင်း မီးတားလမ်းဖောက်ခြင်း၊ မီးစောင့်ခြင်း၊ မီးငြိမ်းသတ် ခြင်းတို့ဖြင့် တောမီးကို လုံလောက်ထိရောက်စွာ ကာကွယ်နိုင်မည်မဟုတ်ပါ။ တောကိုမှီခိုနေသော၊ တောအနီးအပါးတွင် နေထိုင်ကြသော၊ တောနှင့်ဆက်စပ်၍ သွားလာထိတွေ့မှုရှိနေကြသော ဒေသခံပြည်သူတို့အပါအဝင် ပြည်သူလူထုအားလုံးတို့မှ တောမီး၏အပြစ်အန္တရာယ်နှင့် ဆိုးကျိုးများကိုကောင်းစွာ သိရှိနားလည်သဘောပေါက်ပြီး မလောင်ခင်တားနိုင်ရန်လိုအပ်ပါသည်။ တောမီးဖြစ်ပေါ်ဆုံးရှုံးစေနိုင်မည့်လုပ်ရပ်များ၊ အပြုအမူများကို သတိထားရှောင်ရှားကြရန်လိုပါသည်။ ထို့အတွက် လူထု အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာတိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်ပါမည်။ နေရာဒေသအလိုက်၊ လူနေမှုပုံစံအမျိုးမျိုးအလိုက် ကွဲပြားသော ချဉ်းကပ်မှုနည်းလမ်းပုံစံအမျိုးမျိုးဖြင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက် သွားရန် လိုအပ်ပေမည်။ ပြည်သူ ပူးပေါင်းပါဝင်သော သစ်တောကာကွယ်ခြင်းနည်းစနစ်ဖြင့်သာ တောမီးအပါအဝင် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုထိရောက် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။



PDF Compressor Free Version


# ချစ်သောအညာမြေ



ကိုနွေဖြိုးဦး (မြောင်)

✦ အညာမလေ့ အညာဋ္ဌေ့တွေကတော့
ဘယ်အခါမှ မေ့မည်မဟုတ် ....

✦ ကလေးဘဝ ကျောင်း စ ပြီးအပ်တော့
အမေက
ရေနွေးကြမ်းအိုး အမြည်းစုံနဲ့ လင်ပန်းကြီးကိုရွက်
လက်တစ်ဖက်က သားကိုဆွဲ
ရုံးခန်းထဲ ကျောင်းဝင် မှတ်ပုံတင်စာရင်းပေးတော့
မွေးသက္ကရာဇ် ဆရာကြီးသာ မှန်းထည့်လိုက်
အိမ်ဘေးနန်း(နား)ကအိမ် အလှူလုပ်တဲ့ နှစ်က
မွေးတာ
ဘယ်တုံးကမွေးမွေး အရေးမပါပါဘူး
အတန်းကျောင်းစာတတ်ဖို့သာ အဓိက
ဟောဒါက ကျုပ်တို့ ယာထွက် အသီးအနှံတွေဆိုပြီး
ဆရာကြီးဆီ အပ်ပြီးကတည်းက
ကျောင်းဝကိုတောင် မရောက်ကြတော့တဲ့ ရိုးသားတဲ့
အညာ ....

✦ မြို့ကညော်သည်တွေ လူကြီးအိမ်လာသတဲ့
ဘာအကြောင်းနဲ့ပဲ လာလာ
ရွာဆော်က အော် အော်
ယော်နဲ့ပဲ ဟစ် ဟစ်
တစ်ဝမ်းတစ်ခါး အတွက်တော့
ငါတို့ရွာမှာ မခက်ရစေဘူး
ဆယ်အိမ်မှူး အကြောင်းကြားတာနဲ့
ရှိတာ မရှိတာ အဓိက မဟုတ်
ထမင်းအုပ် ကိုယ်စီရွက်ပို့
ကျွေးဖို့မွေးဖို့ စေတနာ မချို့တဲ့ တဲ့ အညာ ....

✦ တစ်နှစ်မှတစ်ခါ
ရွာဦးစေတီပွဲ နွှဲလိုက်ကြဦးစို့ရဲ့
ကျုပ်တို့ကြိုက်တဲ့မင်းသားက
မန္တလေးသား ဝင်းနောင်
နောင်နှစ်လည်း သူပါပဲ
ပွဲအားရက် မတိုက်ဘူးလား
ဘုရားပွဲ ရက်ကိုရွှေ့ပစ်
အဲ့လို ချစ်တတ်ခင်တတ် အစွဲအလန်း ကြီးတတ်ကြတဲ့
အညာ ....

✦ မိုးမရွာလျှင် လွန်ဆွဲ
လှည်းပြိုင် နွားပြိုင်
ယာချင်းပြိုင် သီးနှံအထွက်ပြိုင်
ပြိုင်စရာ မရှိလျှင် သီဟတင်စိုးနဲ့ နေထက်လင်းပြိုင်
နိုင်ချင်နိုင် ရှုံးချင်ရှုံး
အမုန်းမဖက် အပြုံးမပျက်ဘဲ
လက်ရည်တစ်ပြင်တည်း စည်းလုံးညီညွတ်ကြတဲ့ အညာ...

✦ တမာ ထနောင်း ရှားစောင်း ကုက္ကို ပေါတဲ့ အညာ....
အသပြာ မပေါပေမဲ့
စေတနာ ဒလဟောနဲ့ အညာ....

✦ အပို မပြောတတ်ကြ
နဂိုရ် မနောဓာတ် က ဖြူတဲ့
အညာသူ အညာသား ဆွေမျိုးများရဲ့အညာကို
တစ်ရွာတစ်ကျေးက မျှော်ကာလွမ်း ....
စိတ်ချမ်းသာ ကိုယ်ကျန်းမာကြပါစေ ....

အညာဆွေ အညာမျိုးတွေနဲ့ ချစ်သော အညာမြေ ....

(မွေးရပ်အညာ သို့ လွမ်းဆွတ် အမှတ်တရ )

PDF Compressor Free Version



< ကချင်ပြည်နယ်၊ သစ်တောဦးစီးဌာန >

# နိုင်ငံတော်တရားစီရင်ထုံးများအဖြစ် စာရင်းဝင်လျက်ရှိသော သစ်တောပြစ်မှုဆိုင်ရာ စီရင်ချက်များ

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော တရားစီရင်ရေးဆိုင်ရာကိစ္စများတွင်၊ အကျိုးစီးပွား အငြင်းပွားမှုအပေါ်မူတည်၍ နှစ်ဦးနှစ်ဖက် ဖြေရှင်းနေသော တရားမမှု၊ ပြဋ္ဌာန်းထားချက်များ (လိုက်နာရန်၊ ရှောင်ကြဉ်ရန်) တားမြစ်ထားသော အချက်များကို ကျူးလွန်ဖောက်ဖျက်မှုကြောင့် ဆောင်ရွက်ရသောရာဇဝတ်မှုများ၊ တရားပြိုင်နှစ်ဖက်သဘောတူ တရားသူကြီးတင်မြှောက်၍ ဖြေရှင်းသော အနုညာတ စီရင်ရေးကိစ္စများဟူ၍ ရှိကြပါသည်။ အများစုသည် ပြစ်မှုဆိုင်ရာဥပဒေနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတို့ဖြင့်လည်းကောင်း ဆောင်ရွက်ကြပြီး ၎င်းတို့အား ယေဘုယျဥပဒေများဟုလည်းကောင်း အထူးကိစ္စရပ် တစ်ခုစီအတွက် သီးခြားရည်ရွယ်၍ ထုတ်ပြန်ပြဋ္ဌာန်းကာ သက်ဆိုင်ရာအဖွဲ့နှင့်ဌာနများကို ကိုင်တွယ်ကျင့်သုံးသောဥပဒေများကို အထူးဥပဒေများဟုလည်းကောင်း သတ်မှတ်ပြဋ္ဌာန်းပါသည်။

အခြေခံဥပဒေအရ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်မှ ဖွဲ့စည်းပုံကျင့်သုံးပြီး နိုင်ငံတစ်ဝှမ်းသို့ ပျံ့နှံ့အာဏာတည်လာပါသည်။ မူလရုံးအဖြစ် မြို့နယ်တရားရုံး၊ ခရိုင်တရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းတရားရုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်ဟူ၍ အဆင့်ဆင့် စီရင်ချက်ချမှတ်ကြသည်။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေအရ လျှောက်ထားမှုတစ်ရပ်တွင် စွပ်စွဲခံရသူ(သို့) တရားပြိုင်သည် မူလချမှတ်သောအမိန့်အား ပြင်ဆင်ရန် ဆောင်ရွက်လိုပါက သတ်မှတ်လျှောက်ထားချက်များနှင့်အညီ အထက်ရုံးအဆင့်ဆင့်သို့ ပြင်ဆင်လျှောက်ထားနိုင်ကြသဖြင့် စာချွန်တော်လျှောက်ထားသောအမှုများ၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်၊ တရားသူကြီးများ၏ စုံညီ ကြားနာပွဲ စီရင်ဆုံးဖြတ်ချက်များထွက်ပေါ်လာပါသည်။ ထိုအခါ စီရင်ထုံးပြုသောရာဇဝတ်မှုများ၊ စီရင်ထုံးပြုသော တရားမမှုများနှင့် စီရင်ထုံးပြုသော စာချွန်တော်မှုများ ထွက်ပေါ်လာပါသည်။ ၎င်းစီရင်ထုံးများအား နှစ်စဉ်ပုံနှိပ်ထုတ်ဝေလေ့ရှိပြီး စီရင်ထုံးများ၏ ထုံးအစဉ်(Precedence) သည် နောင်လာမည့် အနာဂတ် စီရင်ထုံးများအပေါ်တွင်လည်း သက်ရောက်လေ့ရှိပါသည်။



မြန်မာနိုင်ငံတွင် သစ်တောကဏ္ဍဆိုင်ရာ ဥပဒေအဖြစ် Indian Forest Act VII of 1865၊ Burma Forest Act XIX of 1881၊ Burma Forest Act 1902-Burma Act IV 1902 မြန်မာနိုင်ငံတော် သစ်တောအက်ဥပဒေဖြင့် ပြဋ္ဌာန်းပြီးနောက်၊ ၁၉၉၂ နိုဝင်ဘာလ(၃) တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၂ သစ်တောဥပဒေကိုလည်းကောင်း၊ ၂၀၁၈ စက်တင်ဘာ ၂၀ တွင် ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉၊ သစ်တောဥပဒေအဖြစ်လည်းကောင်း ပြဋ္ဌာန်းကာ ရှေးပြဋ္ဌာန်းပြီး ဥပဒေများကိုရုပ်သိမ်းခဲ့သည်။

သစ်တောဥပဒေ (၁၈၆၅ ၊ ၁၈၈၁၊ ၁၉၀၂၊ ၁၉၉၂၊ ၂၀၁၈) များတွင် သစ်တောနှင့် သစ်တောထွက်ပစ္စည်းများဆိုင်ရာ ခွင့်ပြုချက်၊ တားမြစ်ချက်များကို ပြဋ္ဌာန်းထားပြီး လိုက်နာဆောင်ရွက်မှု ပျက်ကွက်ပါက ဖြစ်ပေါ်လာမည့် ပြစ်မှုနှင့်ပြစ်ဒဏ်များကို အခန်းငယ်တစ်ခု သီးခြားဖော်ပြထားရှိပါသည်။ နှစ်ပေါင်း(၁၅၀)ကျော် သက်တမ်းရှည်လာသော သစ်တောဥပဒေများ၏ ပြဋ္ဌာန်းချက်၊ ဆောင်ရွက်ချက်များတွင် အချို့သော သစ်တောဆိုင်ရာပြစ်မှုများသည် မူလရုံး၏ စီရင်ချက်ကို တရားစွဲဆိုသူ (သို့) စွဲဆိုခြင်းခံရသူတို့သည် မူလရုံး၏ တရားစီရင်ချက်ကို အထက်တရားရုံးအဆင့်ဆင့်သို့ ပြင်ဆင်ချက်တင်သွင်းကြရာ အချို့သော ပြင်ဆင်ချက်များသည် ပြည်ထောင်စုတရား လွှတ်တော်ချုပ်သို့ ရောက်ရှိပြီးနောက် မြန်မာနိုင်ငံတရား စီရင်ထုံးများစာအုပ်တွင် ထည့်သွင်းပုံနှိပ်ခံရသော စီရင်ထုံးများဖြစ်လာသည်။ တရားစီရင်ထုံးစာအုပ်များ၏ အဖွင့်ရှေ့

PDF Compressor Free Version



မျက်နှာစာတွင် ‘တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည် – ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်ရွှေ (ခ) မောင်ရေ ၁၉၆၆ ’ ဟု ဦးစားပေးဖော်ပြထားလေ့ရှိပါသည်။

လေ့လာမှတ်သားဖွယ်ကောင်းသော သစ်တောပြစ်မှုဆိုင်ရာ တရား စီရင်ထုံးများကို ကောက်နုတ်တင်ပြအပ်ပါသည်။

**(က) ဦးတန်ငွန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (၁၉၇၇)**

၁၉၀၂၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ ၇၅ နှင့် ၇၉ အရ သစ်တောဦးစီးဌာန ဝန်ထမ်းများသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်းသဘောရှိ၍ ဆောင်ရွက်သည့်လုပ်ငန်း တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားစွဲဆိုခွင့်မရှိခြင်း၊ သစ်တောဝန်ထမ်းတစ်ဦးအဖြစ် တာဝန်အရ လုပ်ငန်းဆောင်ရွက်ခြင်းတွင် တရားစွဲဆိုရန် ခွင့်ပြုမိန့် လို–မလို တို့ကို စီရင်ထုံးဖွဲ့ကာ လမ်းညွှန်ထားပါသည်။

အမှုဖြစ်စဉ်အကျဉ်းမှာ မြို့နယ်သစ်တောဦးစီးဌာနမှူးသည် ရာဇဝတ်ရဲနှင့်အတူ တရားမဝင်သစ်များကို နေအိမ်၌ ဝင်ရောက်ရှာဖွေရာ၊ အိမ်ရှင်အဖြစ်ရှာဖွေခြင်းခံရသူမှ အိမ်တွင်းရှိ ပစ္စည်းများ၊ ပန်းကန်ခွက်များ ပျက်စီးသွားသည်ဟုဆိုပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ–၄၂၇ အရ တရားရုံးသို့ ဦးတိုက်လျှောက်ထားခြင်းဖြစ်သည်။ ဦးစီးဌာနမှူး၏ လုပ်ငန်းဆောင်ရွက်ချက်သည် ပြည်သူ့ဝန်ထမ်းတစ်ဦးအဖြစ် ဝတ္တရားဆောင်ရွက်နေစဉ် အတွင်းတာဝန်အရ ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ရာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ၁၉၇(၁)အရ အကျုံးဝင်သဖြင့် တရားစွဲဆိုရန် ခွင့်ပြုမိန့် လိုအပ်ပေသည် ဟု ဆုံးဖြတ်ထားပါသည်။

၁၉၀၂၊ သစ်တောဥပဒေပုဒ်မ ၇၅ တွင် သစ်တောဝန်ထမ်းအားလုံးသည် ရာဇသတ်ကြီး ဥပဒေအရ ပြည်သူ့ဝန်ထမ်းများဖြစ်ကြောင်း မှတ်ယူရမည်။ ပုဒ်မ ၇၉ တွင် ဤ အက်ဥပဒေအရ တစုံတရာပြုလုပ်ဆောင်ရွက်၍ဖြစ်စေ၊ ရိုးဖြောင့်သောသဘောဖြင့် ဤအက်ဥပဒေအရဆောင်ရွက်ရန်အားထုတ်လျှင်ဖြစ်စေ၊ မည်သည့်ပြည်သူ့ဝန်ထမ်းပေါ်တွင်မျှ တရားမကြောင်း၊ ရာဇသတ်ကြောင်း စွဲဆိုနိုင်ခွင့်မရှိစေရ။ “ No 75-A Forest Officers Shall be deemed to be public servants within the meaning of the Penal Code. No-79 No Suit of crimianal prosecution shall lie against any public servant for anything done under this Act, or in good faith intended to be done under this Act ”.

**(ခ) ဦးဆန်းဝင်းပါ ၇ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၂၀၀၂)**

သစ်တောဥပဒေ ပုဒ်မ ၃၃(က) အရ သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်ခြင်းမရှိဘဲ မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားစွဲဆိုသည့်အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ၅၆၁–က အရ မူလဘူတ အာဏာကို ကျင့်သုံး၍ ချေဖျက်ရန် သင့်မည်မဟုတ်ကြောင်း ထုံးဖွဲ့လမ်းညွှန်ထားပါသည်။

၁၉၉၂ သစ်တောဥပဒေပုဒ်မ ၄၃(က)အရ သစ်တောအရာရှိ၏ ချမှတ်သောစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်မရှိသော်လည်း တရားရုံးသို့ တိုက်ရိုက်အရေးယူဆောင်ရွက်ရန် လျှောက်ထားခွင့်ရှိကြောင်း ၁၉၉၈ သစ်တောနည်းဥပဒေ ၁၀၀ ပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာခြင်းမပြုရုံမျှဖြင့် အမှုပျက်ပြယ်ရန်မရှိဘဲ သစ်တောအရာရှိမှ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်အစား မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခြင်းသည် မှားယွင်းမှုမရှိသဖြင့် အမှုတွဲကို ချေဖျက်ရန်သင့်မည်မဟုတ်ဟု ဆုံးဖြတ်စီရင်ထားပါသည်။

**(ဂ) မြင့်လွင်ပါ(၃)၊ ဦးဝေမင်းဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်(၂၀၀၈)**

တရားဝင်ခွဲစိတ်ခွင့်အရ ရောင်းချခဲ့သော သစ်များအား သယ်ယူခွင့် မျှောစာမပါဘဲ သယ်ယူလာခြင်းသည် နိုင်ငံ့ပစ္စည်းကို ခိုးယူလာခြင်း၊ အလွဲသုံးစားပြုခြင်း၊ လိမ်လည်ရယူခြင်းပြုရာရောက်မရောက်နှင့် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်သော ဥပဒေပုဒ်မ (၃)အရ အပြစ်ပေးရန် သင့်၊ မသင့်တို့ကို ထုံးဖွဲ့လမ်းညွှန်ထားပါသည်။

အမှုဖြစ်စဉ်အကျဉ်းမှာ အစိုးရသစ်စက်မှ လေလံဆွဲဝယ်ယူခဲ့သော ပျဉ်းကတိုးခွဲသား (၁၉.၅၀၆) တန်အား အခြားဒေသသို့ မျှောစာမပြုလုပ်ဘဲသယ်ယူလာစဉ် ဖမ်းဆီးခံရပြီး အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ ဖြင့် အပြစ်ပေးခံရမှုအပေါ် လျှောက်ထားသည့်အယူခံအား နိုင်ငံတော်ပိုင်ပစ္စည်းကို ခိုးယူခြင်းအလွဲသုံးစားပြုခြင်း၊ လိမ်လည်ရယူခြင်း မဟုတ်ကြောင်း မြင်သာသောကြောင့် တရားခံများအား ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်မှု ဥပဒေပုဒ်မ ၃ ဖြင့် အပြစ်ပေးမည့်အစား ၁၉၉၂၊ သစ်တောဥပဒေပုဒ်မ ၄၂(ခ)အရ ပြစ်ဒဏ်ချမှတ်ခြင်းက ပိုမိုသင့်တော်ကြောင်း ပြင်ဆင်မိန့်ချမှတ်ခြင်းဖြစ်ပါသည်။

PDF Compressor Free Version



**(ဃ) ဦးအောင်ငွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၂၀၀၈)**

ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုကြောင်း သက်သေထင်ရှားပြနိုင်ခြင်း မရှိသည့်သက်သေခံ ပစ္စည်းအား သံသယဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းသည် မှန်ကန်မှုရှိ/ မရှိဟူသောအချက်ကို ထုံးဖွဲ့လမ်းညွှန်ကာ ဆုံး ဖြတ်ချက်ချထားပါသည်။

အမှုဖြစ်စဉ်အကျဉ်းမှာ တရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရရှိသော ဆိပ်ကမ်းအနီးတွင် တွေ့ရှိရသော ဟီးနိုးကားသည် ကျွန်းခွဲသားများတင်ဆောင်ထားကြောင်း စာရင်းတင်ပြထွက်ဆိုခြင်းမရှိဘဲ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောယာဉ်အဖြစ်သုံးသပ်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းကို လျှောက်ထားသောအမှုဖြစ်ပါသည်။ ပြစ်မှုကျူးလွန်ကြောင်း သက်သေထင်ရှားပြနိုင်ခြင်း မရှိလျှင် ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် မသင့်ကြောင်း ဆုံးဖြတ်စီရင်ထားပါသည်။

**(င) ဦးချစ်စောနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၂၀၀၈)**

တရားမဝင်သစ်တောထွက်ပစ္စည်း သယ်ဆောင်မှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော မော်တော်ယာဉ်အား ပုဂ္ဂလိကပိုင်သည် ဌာနပိုင်သည် ခွဲခြားခြင်းမပြုဘဲ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်းအဖြစ် သတ်မှတ်၍ ပြစ်မှုကျူးလွန်သောပစ္စည်းနှင့် ဆက်သွယ်ပတ်သက်မှုအပေါ်သာ အရေးယူခြင်းဖြစ်သည်ဟု စီရင်ထုံးဖွဲ့လမ်းညွှန်ထားပါသည်။

အမှုဖြစ်စဉ်အကျဉ်းမှာ အစိုးရဌာနပိုင်ယာဉ်ဖြင့် ကျွန်းတံခါးရွက်(၂.၁၈)တန်အား တရားဝင် အထောက်အထား တင်ပြနိုင်ခြင်းမရှိဘဲ လက်ဝယ်ထား သယ်ဆောင်လာသူအပေါ် အစိုးရဌာနအနေဖြင့် ယာဉ်မောင်း၏ပြုမှုခြင်းကို မသိရှိပါကြောင်း၊ ယာဉ်မောင်း၏ ပြုလုပ်မှုအပေါ် ဌာနပိုင်ယာဉ်အား သိမ်းဆည်းခြင်းမပြုသင့်ကြောင်း တင်ပြအယူခံလျှောက်ထားသည့်အပေါ်တွင် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော အစိုးရဌာနပိုင်ယာဉ်နှင့် စပ်လျဉ်း၍ ပြည်သူဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သောအမိန့်သည် မှန်ကန်မှုရှိသည် စီရင်ချက်ချထားပါသည်။

*   *   *

*စိုက်ပြီးသစ်ပင် ထိန်းသိမ်းလျှင်၊*
*စွမ်းအင်လည်းရ၊ ပြည်လည်းလှ။*

*စာမျက်နှာ (၁၈) မှအဆက်* ➤

ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရေး

သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများသည် လူမှုရေးနှင့် စီးပွားရေးရှုထောင့်များ ထည့်သွင်းပေါင်းစပ်ဆောင်ရွက်သော ဂေဟစနစ်ဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းများနှင့် ဂေဟစနစ်အခြေပြုသော သဘာဝနှင့်လိုက်လျောညီထွေဖြစ်စေသည့်နည်းလမ်းများ၊ ချဉ်းကပ်မှုများနှင့်အတူ ချိတ်ဆက်ဆောင်ရွက်ကြသည်၊ သဘာဝကိုအခြေခံသောလုပ်ငန်းစဉ်များတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းသည် ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်ခြင်းအတွက် အလွန်အရေးပါပြီး အစားအစာနှင့် ရေလုံလောက်စွာရရှိရေး၊ သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးနှင့်လူမှုဖူလုံရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောထွက်ပစ္စည်းများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ရရှိရေးအတွက် မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝကို အခြေခံသော ဖြေရှင်းခြင်းလုပ်ငန်းစဉ်များ ကျယ်ပြန့်လာစေရန်နှင့် အောင်မြင်စေရန် ဒေသခံပြည်သူများနှင့် အကျိုးဆက်စပ်ပတ်သက်သူများကိုလည်း လုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်ရေး ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်၊ သဘာဝကို အခြေခံသော ဖြေရှင်းခြင်းလုပ်ငန်းစဉ်များ၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် တိုးတက်မှု၊ အောင်မြင်မှုများကို ပုံမှန်မျှဝေတင်ပြစေလျက် ကျန်းမာကြံ့ခိုင်သော၊ ထုတ်လုပ်မှုစွမ်းရည်ကောင်းမွန်သော၊ သဘာဝနှင့် တစ်သားတည်း အတူတကွနေထိုင်သော စံပြ လူ့ဘောင်အဖွဲ့အစည်း အဖြစ် သရုပ်ပြနိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးအစီအစဉ်များ ကျယ်ပြန့်စွာကောင်အထည်ဖော်ခြင်း၊ သဘာဝကိုအခြေခံသော ချဉ်းကပ်မှုနည်းလမ်းများဖြင့် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာကောင်းသော လုပ်ငန်းနယ်ပယ်များ ဖော်ထုတ်ခြင်း၊ ပုဂ္ဂလိကကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေမည့် အသိပညာပေးရေး၊ သတင်းအချက်အလက် ဖြန့်ဝေခြင်း၊ တိုးချဲ့ပညာပေးခြင်း အစီအစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းဖြင့် သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းလုပ်ငန်းစဉ်များ ပိုမိုကျယ်ပြန့်လာနိုင်မည် ဖြစ်ပါသည်။

*   *   *

PDF Compressor Free Version



# ဆင်သေဆည်၏ ရေဝေရေလဲဒေသများ ထိန်းသိမ်းကာကွယ်ရေး ဝန်ထမ်းနှင့်ပြည်သူ လက်တွဲညီညီဆောင်ရွက်ပေး

ဦးသိန်းသန်းထွန်း
လက်ထောက်ညွှန်ကြားရေးမှူး
ရမည်းသင်းခရိုင်သစ်တောဦးစီးဌာန

## ဆင်သေဆည်၏အရေးပါမှု

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ရှိ ပေါင်းလောင်းဆည်၊ ဆင်သေဆည်နှင့် ငလိုက်ဆည်များသည် ဒေသနေပြည်သူများအတွက် သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေနှင့်အခြားသော ဘက်စုံသုံးလုပ်ငန်းရပ်များအတွက် အသက်တမျှအရေးပါသော ရေသယံဇာတအရင်းအမြစ်များ စုဆောင်းတည်ရှိရာ ရတနာသိုက်ကြီးများဖြစ်ကြပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်၊ စိုက်ပျိုးသီးနှံများအတွက် ရေပေးဝေရန်နှင့် သားငှက်တိရစ္ဆာန်များ ရှင်သန်နေထိုင်ကျက်စားခိုလှုံရာ နေရာဒေသများ (Wildlife Habitats) ဖြစ်ပါသည်။

## ဆင်သေဆည်၏ရေဝေရေလဲဧရိယာ

ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်အတွင်းရှိ ကိုးကွေ့ကြိုးဝိုင်း၊ လွှစင်ကြိုးဝိုင်းနှင့်လွှတုံကြိုးဝိုင်းများ၏ ဧရိယာ(၂၇,၈၆၇)ဧကသည် ဆင်သေဆည်ရေဝေရေလဲထိန်းသိမ်းရေး ဧရိယာအတွင်းပါဝင်ကျရောက်လျက်ရှိပါသည်။

## ဆင်သေဆည်၏ လက်ရှိအခြေအနေ

အဆိုပါ ရေဝေရေလဲထိန်းသိမ်းရေးဧရိယာအတွင်းရှိ သစ်တောနယ်မြေများအတွင်း အကြောင်းအမျိုးမျိုးကြောင့် သစ်တောသစ်ပင်များလျော့နည်းလာခြင်း၊ ရေစီးရေလာပျက်ယွင်းလာခြင်း၊ မြေဆီလွှာတိုက်စားဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး သစ်တောပြုန်းတီးခြင်းနှင့် တောအဆင့်အတန်းကျဆင်းခြင်းများဖြစ်ပေါ်လာခဲ့ကာ ဆင်သေဆည်၏ ရေဝေရေလဲဒေသဂေဟစနစ် ဟန်ချက်ညီမှုကို ခြိမ်းခြောက်မှုများ ဆက်တိုက်ကြုံတွေ့နေရပါသည်။

## ဆောင်ရွက်မည့်အစီအစဉ်

ဆင်သေဆည်၏ ရေဝေရေလဲဧရိယာများရှိ သစ်တောသယံဇာတများကို စနစ်တကျ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် အလွန်အရေးကြီးသောကြောင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ၂၀၂၁-၂၀၂၂ (၆ လဘဏ္ဍာနှစ်)မှ စတင်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ (၅)နှစ်တာကာလ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ရေရှည်မျှော်မှန်းချက်များ

- ဆင်သေဆည်ရေရှည်တည်တံ့စေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေဝေရေလဲဧရိယာ များတွင် သစ်တောသစ်ပင်များ ရှင်သန်အောင်မြင်အောင် စိုက်ပျိုးပြုစုထိန်းသိမ်းရန်၊
- ဆင်သေဆည်အတွင်းသို့ ရေဝင်ရောက်မှုအားကောင်းခိုင်မာစေရေး၊ ရေဝင်ပမာဏတိုးမြှင့် ရောက်ရှိရေးနှင့် နုန်းအနည်အနှစ်ပို့ချမှုလျော့ချပေးနိုင်ရန်၊
- ဆင်သေဆည်၊ ဆည်ရေသောက်ဧရိယာများရှိ ဒေသခံ ပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းသုံး ရေလိုအပ်ချက်များ ပိုမိုဖြည့်ဆည်းပံ့ပိုးပေးနိုင်ပြီး လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊
- ဆင်သေဆည်၏ ရေဦးရေဖျားဧရိယာ(Head Water Area Zones)ဆင်သေချောင်းဖြတ်သန်းသွားရာ နယ်မြေဧရိယာများ(Transition Zone)နှင့် နုန်းအနည်အနှစ် ပို့ချသည့် ဧရိယာများ (Deposition Zones) ဖုန်နယ်မြေ အလိုက်တည်ရှိနေသော ဒေသနေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်များ တိုးပွားလာခံလာစေရေးနှင့် လက်တွေ့ လုပ်ငန်းနယ်ပယ်များတွင် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်တို့အတွက်ဖြစ်ပါသည်။

## ဆောင်ရွက်မည့်နည်းလမ်းများ

- သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများဖြစ်သော–
  - (၁) မွေးတာမျိုးဆက်ခြင်းအထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ခြင်း
  - (၂) သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း

PDF Compressor Free Version



(၃) သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း

(၄) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း

(၅) ရေဝေရေလဲစိုက်ခင်းတည်ထောင်ခြင်း

(၆) ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်း

(၇) သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း

(၈) ဂေဟစနစ်ဖြည့်တင်းရေးစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားပါမည်။

✦ ဆင်သေဆည်၏ ရေဝေရေလဲဒေသများအတွင်း ရေတိုက်စား၊ မြေပြိုမှုထိန်းသိမ်းရေးအတွက် အဓိက လုပ်ငန်းများဖြစ်သော–

(၁) ကမ်းပါးပြိုထိန်းသိမ်းခြင်း

(၂) ရေလွှဲမြောင်း၊ ရေစိမ့်မြောင်းတူးဖော်ခြင်း

(၃) ကွန်တိုကန်သင်းကန့်ဖော်ထုတ်ခြင်း

(၄) နှန်းထိန်းတမံငယ်ပြုလုပ်ခြင်းများ ဆောင်ရွက်၍ထိန်းသိမ်းဆောင်ရွက်သွားပါမည်။

✦ ဇီဝအင်ဂျင်နည်းဖြင့်ထိန်းသိမ်းခြင်း(Bio-Engineering) များဖြစ်သော–

(၁) သက်ရှိသစ်ကိုင်းစည်းမြုပ်ခြင်း

(၂) သက်ရှိစည်းရိုးငယ်များပြုလုပ်ခြင်း

(၃) ကွန်တိုစည်းရိုးတန်းပြုလုပ်ခြင်း

(၄) သစ်ကိုင်းများ သုံးနှန်းထိန်းတမံငယ်ပြုလုပ်ခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါသည်။

✦ ဆင်သေဆည်၏ရေဝေရေလဲဧရိယာအတွင်းရှိ ပြည်သူများရေဝေရေလဲထိန်းသိမ်းရေးအသိအမြင်များ တိုးပွားလာစေရေးအတွက်–

(၁) ဒေသခံပြည်သူများအား သင်တန်းပေးခြင်း။

(၂) ဆွေးနွေးဟောပြောခြင်း။

(၃) လက်ကမ်းစာစောင်များဖြန့်ဝေခြင်း။

(၄) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဗီဒီယိုပြသခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## လူမှုစီးပွားရေးအခြေအနေအား စစ်တမ်းကောက်ယူခြင်း

ဆင်သေဆည်၏ ရေဝေရေလဲဒေသနေ အောင်ချမ်းသာရွာနှင့် ရုံးတောကျေးရွာပြည်သူများ၏ လူမှုစီးပွားဘဝအခြေအနေ၊ အလုပ်အကိုင်၊ ဝင်ငွေနှင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် မှီခိုရပ်တည်နေမှုကို သိရှိစေရန် ဆောင်ရွက်ခြင်းအားဖြင့် ဆင်သေဆည်ဧရိယာဝန်းကျင်ရှိ ပြည်သူလူထုများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အခြေအနေမှန်ကို သိရှိစေနိုင်မည်ဖြစ်ပါသည်။

## အဝေမ်းမီးဖိုဖြန့်ဖြူးခြင်း

ရုံးတောကျေးရွာ၊ အောင်ချမ်းသာကျေးရွာနှင့် သန်းပင်ကွေ့ကျေးရွာများရှိ အိမ်ထောင်စုများသို့ ထင်းကုန်သက်သာသောစွမ်းအားမြင့်အဝေမ်းမီးဖို(၁၀၀)လုံးကို အခမဲ့ဖြန့်ဝေပေးအပ်ခြင်းဆောင်ရွက်ခြင်းအားဖြင့် သဘာဝမျိုးဆက် သစ်တောသစ်ပင်များ၊ ခုတ်လှဲခံရမှုသက်သာစေနိုင်မည်ဖြစ်ပါသည်။

## နိဂုံး

ရမည်းသင်းမြို့နယ်၊ သစ်တောဝန်ထမ်းများအနေဖြင့် ဆင်သေဆည်၏ ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်းများနှင့် သစ်တောစိုက်ခင်းပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်း၍ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

















**ဆည်မြောင်းရောင်းကန်၊ ရေပြည့်လျှံ**
**တမံသဘော ရေထိန်းတော။**

PDF Compressor Free Version



# Climate Change and People Perception in Myanmar

By
U Sein Thet, B.Sc(For), M.Sc(ANU), MIFA.

Director (Retired), Ex-Chairman, FREDA.

The problem of climate change such as global warming is a critical international issue concerned not only for developed countries but also for developing countries. It is widely accepted that the main cause of climate change is the rapid increase of greenhouse gases (GHG) emissions in recent decades. Deforestation accounts 17% of global GHG emissions. Parties of UN Framework Convention on Climate Change (UNFCCC) have adopted the agenda of Reducing Emissions from Deforestation and forest Degradation (REDD). The COP adopted a decision that the developing countries' capacity for REDD+ should be developed further in order for the REDD+ scheme to operate effectively. REDD-Plus is a major component of the National Adaptation Programme of Action (NAPA). Various international NGOs and Civil Society Groups have become closely involved in piloting outreach activities for the REDD-Plus readiness phase.

In Myanmar, Forestry Sector strategies with the purpose of mitigating world climate changes have the potential to provide the several multi-benefits including biodiversity conservation, carbon sequestration and sustainable rural development. Based on available assessment which is very limited in Myanmar and observed changes, it appears that Myanmar will face advance effects arising from climate change and extreme events in the future. Myanmar is also aware of REDD-Plus as a mechanism to create an incentive for developing countries to protect better manage and wisely use their forest resource, contributing to the global fight against climate change. REDD-Plus is a cutting-edge forestry initiative that aims at tipping the economic balance in fabour of sustainable management of forests so that their formidable economic, environmental and social goods and services benefits countries, communities, biodiversity and forestry users which also contributing to important reductions in greenhouse gas emissions.

The Republic of the Union of Myanmar is still endowed with high forest cover at 47 percent of the total land areas of 676,579 $km^2$ one of the highest in the Asia Pacific Region. However, the average annual loss of 372,000 ha of forest during 1990-2010 gives the country to be one of countries with highest rate of deforestation in ASEAN region (FAO, FRA, 2010). According to the past assessments, the forest cover of the country has decreased continuously from 65.8% to 58.7% of the total land area between 1952 and 1989. In the next eight years period, starting from 1989 to 1997, the forest area had markedly dropped with the highest average annual deforestation rate of (-0.80) percent of total land area by being destroyed 538, 780 ha annually equalling (-10.9 percent) chance of total forest. It shows that rate of deforestation between 1989 and 1997 was five times higher than that of before 1989. The forest area of 309,500 ha had decreased annually at (-0.46 percent) change of total forest between 1998 and 2006. As an overall forest cover change during thirty-one years from 1975 to 2006, the average of 264,010 ha of forest cover had annually loss at average annual deforestation rate of (0.39 percent) of total land, resulting (-19.8 percent) change of total forest. The total forest cover has declined gradually from 58% in 1990 to 47% in 2010. In close looking at total forest, the closed forests have markedly declined, from 46% of total land area in 1990 to just 20% in 2010, with an obvious corresponding increase in open forests from 12% in 1990 to 27% in 2010. It means that both of the quantity and quality of the forest has degraded seriously during decades from 1990 to 2010.

PDF Compressor Free Version



Local people have been trying to respond to the climate change effects by applying their traditional knowledge and sometimes following climate change strategies. In the past decades, communities have experienced severe storms and cyclone and people came to understand the advantages of the existence of the vast areas of mangrove forests that protect them form disasters. The majority of the respondents believe that the existence of forests can prevent climate-related risks and enhance the resilience of the community and therefore, they chose the planting more trees options as for both mitigation and adaptation measures and traditional knowledge was identified as an external influential factor to climate change perception.

Aung Thu Han (2019) studied, the public perception of climate change in Labutta township & Ayeyarwaddy Region by identifying the following aspects: understanding of the phrase of climate change, perception about the main causes of climate change and its impacts, perception about government efforts to act in response to climate change and the study also identify the influential factors on public perception of climate change. Most of the respondents from both rural and urban areas are aware of climate change and weather patterns change and the term "climate change" is well-known within their societies. The study highlights the wide-ranging of public understanding and awareness of the causes of climate change and related impacts. Some people assumed that climate change is identical with changing rainfall pattern, many imagine climate change as storm/cyclone, higher temperature, or flood. The study reveals that public perception of government efforts in response to climate change is not high although one of the pilot projects on climate change was implemented in Labutta township and due to the pilot project, some adaptation actions including building embankment and cyclone shelters in coastal areas, construction and renovation water and drainage channels, and awareness raising programs were undertaken within township.

He concluded that the government should make efforts into not only implement adopted climate change strategies and master plans but also publicizing the current actions, vision, and mission through the social media to make people aware of the government assistance, roles and responsibilities and promote their confidence to government efforts to act in response to climate change. The study also suggests to strengthen the public awareness of climate-related risk at work and need to reduce exposure to extreme weather condition and improve current prevention methods. Furthermore, awareness raising programs and educational training should be implemented with a focus on especially young and old workers with uneducated or low levels of education at work.

GHG emission mitigation in agriculture can be affected through (i) mitigation of $CO_2$ emissions from crop lands, biomass, crop residues and by-products, (ii) mitigation of $CH_4$ emission through fertilizer management, and (iii) mitigation of $NO_2$ emissions from agricultural soils through the use by developing organic farming. Forestry mitigation measures include forest protection, afforestation, and reforestation, improvement of tree species and stands, natural regeneration, conservation of natural forests, community forestry, agroforestry, and use of forest products on sustained basis. In forestry sector, the mitigation strategies include mainstreaming climate change concerns into forest policy and legislations, improved forest management, habitat management for wildlife and wild plants, forest protection and reduced firewood cutting. Promoting carbon trading is also a promising mitigation strategy. It is to be fostered communication between fosters, water professionals, decision makers and the public to achieve Sustainable Forest Management (SFM).



PDF Compressor Free Version



# အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့

21 March International Day of Forests

# မျှတဆင်ခြင်ထုတ်သုံးလျှင် သစ်တောများ တည်မြဲထာဝစဉ်




သစ်တောမောင်

**သစ်တောသယံဇာတများ**

မြန်မာနိုင်ငံသည် သစ်တောသယံဇာတများ အလွန်ကြွယ်ဝသောနိုင်ငံဖြစ်သည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ခုနှစ် နိုင်ငံဧရိယာ၏ ၄၂.၁၉ ရာခိုင်နှုန်း သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိပြီး မတူကွဲပြားသော ဂေဟစနစ် အမျိုးမျိုးတွင် သစ်တောအမျိုးအစားစုံလင်စွာပေါက်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံ မြောက်ဖျားမှသည် တောင်ဖျားအထိ အအေးပိုင်းသစ်တောများ၊ ရွက်ပြတ်ရောနှောတောများ၊ အပူပိုင်းသစ်တောများ၊ အမြဲစိမ်းတောများနှင့် ဒီရေတောများ စုံလင်စွာ ပေါက်ရောက်လျက်ရှိသည်။

အဆိုပါ သစ်တောများကို အမှီပြုပေါက်ဖွား၊ ရှင်သန်ကြရသော တောရိုင်းတိရစ္ဆာန်များ၊ အပင် ဇီဝမျိုးစုံမျိုးကွဲများလည်းအလွန်များပြားလှသည်။ မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားနိုင်သော အပင်မျိုးစိတ် ၁၁၈၂၄ ၊ နို့တိုက်သတ္တဝါမျိုးစိတ် ၂၅၈ ၊ ငှက်မျိုးစိတ် ၁၀၉၈ ၊ တွားသွားသတ္တဝါမျိုးစိတ် ၂၉၁ ၊ ကုန်းနေရေနေမျိုးစိတ် ၁၃၉၊ လိပ်ပြာမျိုးစိတ် ၁၂၀၀ ၊ ရေချိုငါးမျိုးစိတ် ၅၂၀၊ ရေငန်ငါးမျိုးစိတ်၅၇၈ ၊ သန္တာမျိုးစိတ် ၁၃၂၊ ပင်လယ်မြက်မျိုးစိတ် ၁၁၊ ပင်လယ်ရေမှော် ၃၈ ၊ ဝါးမျိုးစိတ် ၁၀၂ မျိုးနှင့် ဆေးဖက်ဝင်ပင်မျိုးစိတ် ၁၅၄၀ တို့ ရှင်သန်လျက်ရှိသည်။

သစ်တောအမျိုးအစားနှင့် ဂေဟစနစ်အလိုက် ပျံ့နှံ့ပေါက်ရောက်သော ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်းအပါအဝင်အဖိုးတန်သစ်များ၊ အပင်မျိုးစုံမျိုးကွဲများ၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ပျားရည်၊ ဆေးဖက်ဝင် အပင်များ၊ စားသုံးနိုင်သောသစ်ဥ၊ သစ်မြစ်၊ အသီး၊ အရွက်များ၊ စားနပ်ရိက္ခာများ အပါဝင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသည် သဘာဝသစ်တောများမှသာ ရရှိနိုင်သည်။ ဒီရေတောများသည် ရေသတ္တဝါများ ပေါက်ဖွား ရှင်သန်ရာနေရင်းဒေသဖြစ်ပြီး ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေသတ္တဝါများသည် ကမ်းရိုးတန်း သစ်တောသယံဇာတဖြစ်သော ဒီရေတောများကိုအမှီပြုပြီး ပေါက်ဖွားရှင်သန်ကြရသည်။

သစ်တောများမှ သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ထောက်ပံ့ပေးသကဲ့သို့ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများစွာကိုလည်း ပံ့ပိုးပေးလျက်ရှိပြီး သက်ရှိလောကအတွက် အဖိုးတန်လှသည်။

- ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်း၊ ရေ၊ လေသန့်စင်ခြင်း၊ မြေတိုက်စားမှု မြေပြိုမှုများမှ ကာကွယ်ခြင်း၊ လေမုန်တိုင်းနှင့် ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ ဝတ်မှုန်ကူးခြင်းနှင့် ပိုးမွှားကျရောက်မှုများမှ ကာကွယ်ခြင်းစသည့် ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာဝန်ဆောင်မှုများ၊





PDF Compressor Free Version



- အပန်းဖြေခြင်း၊ မျက်စိပသာဒ ကောင်းမွန်စေခြင်း၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာစေခြင်း၊ ယုံကြည်မှုကိုးကွယ်မှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုစသည့် စိတ်ပိုင်းဆိုင်ရာလိုအပ်မှုများ ဖြည့်ဆည်းခြင်းစသည့် ဆိုင်ရာ ဝန်ဆောင်မှုများ၊
- မြေဆီလွှာနှင့် မြေဆီအဟာရဓာတ် ကြွယ်ဝလာစေခြင်း၊ ရေ၊ မြေ၊ လေနှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ သက်ရှိများ လိုက်လျောညီထွေရှိစေရန် အပြန်အလှန်ချိတ်ဆက်ပေါင်းစပ်ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများကို သစ်တော သစ်ပင်များက ပံ့ပိုးထောက်ပံ့လျက်ရှိသည်။

သစ်တောများသည် ကမ္ဘာ့ကုန်းနေဇီဝမျိုးစုံမျိုးကွဲ ၈၀ ရာခိုင်နှုန်းရဲ့ ခိုလှုံရာဖြစ်ပြီး သစ်ပင်မျိုးစိတ်ပေါင်း ခြောက်သောင်းကျော် ပါဝင်လျက်ရှိသည်။ ကမ္ဘာ့စီးပွားရေး ထုတ်လုပ်မှု၏ တစ်ဝက်ကျော်သည် သစ်တောဂေဟစနစ် ဝန်ဆောင်မှုအပါအဝင် ဂေဟစနစ်ဝန်ဆောင်မှုတွေအပေါ် မှီခိုလျက်ရှိသည်။ ကမ္ဘာ့လူဦးရေ ၁.၆ ဘီလီယံခန့်သည် အစားအစာ၊ ခိုလှုံစရာ၊ စွမ်းအင်၊ ဆေးဝါး များနှင့် ဝင်ငွေ အတွက် သစ်တောများအပေါ် တိုက်ရိုက်မှီခိုလျက်ရှိပြီး လူဦးရေ ၃၃ သန်းအတွက် အလုပ်အကိုင်ဖန်တီးပေးလျက် ရှိကြောင်း သိရှိရပါသည်။ အဆိုပါ ဘက်စုံအကျိုးကျေးဇူးများကြောင့် သစ်တောများသည် ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်းကောင်း၊ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ သက်ရှိလောက အတွက်လည်းကောင်း အလွန်အရေးပါလှသည်။

**သစ်တောများပြုန်းတီးခြင်း**

ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနှင့်တစ်ဝှမ်း လူဦးရေတိုးတက်လာသည်နှင့်အမျှ သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း လိုအပ်ချက်များ များပြားလာခြင်း၊ သစ်တောအပေါ် မှီခိုမှုများတိုးပွားလာခြင်း၊ သစ်တောမြေမှ စိုက်ပျိုးမြေအပါအဝင် အခြားမြေအသုံးချမှုများသို့ ပြောင်းလဲသွားခြင်း၊ သစ်တောများအတွင်း မြေလွှာဖွင့်၍ သတ္တုတူးခြင်းနဲ့ အကြီးစား သတ္တုတူးဖော်ခြင်း၊ ဆည်/တာတမံများ ဆောက်လုပ်ခြင်းနဲ့ အကြီးစားလမ်းနှင့် အခြေခံ အဆောက်အဦစီမံကိန်းများဆောင်ရွက်ခြင်း၊ မြို့ပြကျေးရွာများတိုးချဲ့လာခြင်း စတာတွေကြောင့် သစ်တောများ ဆုံးရှုံးပျက်စီးပြုန်းတီးလျက်ရှိသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ရဲ့ ၂၀၂၀ ခုနှစ် အစီရင်ခံစာ (FAO FRA, 2020) အရ မြန်မာနိုင်ငံ၏ နှစ်ကာလအလိုက် သစ်တောဖုံးလွှမ်းမှုမှာ ၂၀၁၀ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၆.၉၆ ၊ ၂၀၁၅ ခုနှစ်တွင် ၄၂.၉၂ တွင် ၂၀၂၀ ပြည့်နှစ်တွင် ၄၂.၁၉ အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။ ၂၀၁၀-၂၀၂၀ ခုနှစ်အတွင်း နှစ်စဉ်ပျမ်းမျှ သစ်တောပြုန်းတီးမှုဟာ နိုင်ငံဧရိယာ၏ ၀.၉၆ ရာခိုင်နှုန်းရှိခဲ့ပြီး နှစ်စဉ်ပျမ်းမျှ (၇၁၄,၁၃၄ ဧက) ပြုန်းတီးခဲ့ကြောင်း တွေ့ရှိရပါသည်။

သစ်ပင်သစ်တောများပြုန်းတီးခြင်း၊ ပျက်စီးဆုံးရှုံးခြင်းသည် သစ်နှင့်သစ်တောထွက်ပစ္စည်းများရရှိနိုင်မှု ဆုံးရှုံးသွားသည်သာမက ငွေကြေးဖြင့်တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိများအတွက် မရှိမဖြစ်လိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများပါ ဆုံးရှုံးသွားခြင်းဖြစ်သည်။

ရာသီဥတုပြောင်းလဲ ဖောက်ပြန်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းများ တိုက်ခတ်ခြင်း၊ သဘာဝ ဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်း၊ မြေဆီ လွှာခမ်း ခြောက်ခြင်း၊ သဲကန္တာရဖြစ်ထွန်းနိုင်ခြင်း တို့အပါအဝင်သစ်တောများ ပျက်စီးခြင်း၊ ပြုန်းတီးခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများကား အလွန်များပြားလှသည်။ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးသည့် ဆက်စပ်လုပ်ငန်းနယ်ပယ်များအပေါ်တွင်ပါ ဆိုးကျိုးသက်ရောက်ပြီး နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ပါသည်။

**စဉ်ဆက်မပြတ် ထုတ်ယူထုတ်လုပ်ခြင်းနှင့် သုံးစွဲခြင်း**

သစ်တောများကို စနစ်တကျထိန်းသိမ်းခြင်း၊ ထုတ်ယူသုံးစွဲခြင်းမရှိလျှင် သစ်တောသယံဇာတများ အချိန်တိုအတွင်း ပျက်စီးပျောက်ကွယ်သွားမည်ဖြစ်သည်။ ပျက်စီးပြုန်းတီးသွားသော သဘာဝသစ်တောများကို ပြန်လည်ထိန်းသိမ်းနိုင်ရန်နှင့် သဘာဝတောများ၏ မူလဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝမှုအခြေအနေသို့ ပြန်လည်ရောက်ရှိရန် နှစ်ပေါင်းရာချီ ကြာမြင့်မည်ဖြစ်သည်။

ကုလသမဂ္ဂသစ်တောဖိုရမ်က ၂၀၂၂ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အတွက် ဦးတည်ချက်ဖြစ်သည့် 'မျှတဆင်ခြင်ထုတ်သုံးလျှင်၊ သစ်တောများ တည်မြဲထာဝစဉ်' သည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် ၁၂ (SDG 12) ဖြစ်သည့် ရေရှည်တည်တံ့စေသော စားသုံးမှုနှင့်ထုတ်လုပ်မှုပုံစံများ ရရှိစေရန် ဟူသော ပန်းတိုင်ကိုအထူးပြုရည်ရွယ်ခြင်းဖြစ်သည်။ ထို့အပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၅) (SDG 15) ဖြစ်သည့် ကုန်းမြေဂေဟစနစ်များအား ကာကွယ်ရန်၊ ပြန်လည်မွမ်းမံထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် အသုံးပြုရန်၊ သစ်တောများအား ရေရှည်တည်တံ့စေမည့်နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ရန်၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရန်၊ မြေဆီလွှာပြုန်းတီးမှု ရပ်ဆိုင်း၍ မြေအရည်အသွေး ပြန်လည်ကောင်းမွန်စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှုရပ်တန့်ရန် ဟူသည့် ပန်းတိုင်ကိုလည်း အောင်မြင်စေရေးပံ့ပိုးနိုင်ရန်ဖြစ်သည်။

PDF Compressor Free Version



သစ်တောများကို ရေရှည်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် သစ်တောသယံဇာတ စနစ်တကျအသုံးပြုခြင်းသည် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လက်ရှိနဲ့ အနာဂတ်မျိုးဆက်များ၏ကောင်းကျိုး ချမ်းသာများ တိုးပွားစေရေးအတွက် အဓိကသော့ချက်တစ်ခုလည်းဖြစ်သည်။ သစ်တောသယံဇာတများကို ထိန်းသိမ်းခြင်း၊ ထုတ်ယူသုံးစွဲခြင်းဆောင်ရွက်ရာတွင် ရေရှည် တည်တံ့စေသောနည်းလမ်းများကို ကျင့်သုံးရန် အထူးအရေးကြီးသည်။ သစ်တောသယံဇာတများနှင့်စွမ်းအင်ကို အကျိုးရှိရှိအသုံးချနိုင်ခြင်း၊ ရေရှည်တည်တံ့သော အခြေခံ အဆောက်အဦများ၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မဖြစ်စေသောအလုပ်အကိုင်များနှင့် ပိုကောင်းမွန်သောဘဝနေထိုင်မှုပုံစံများ ဖြစ်ပေါ်လာစေဖို့ ကြိုးပမ်းဆောင်ရွက် ကြရမည်ဖြစ်သည်။

သိပ္ပံပညာနဲ့ဆန်းသစ်တီထွင်မှုများ တိုးတက်လာတာနဲ့အမျှ အစားအစာ၊ ဆောက်လုပ်ရေးပစ္စည်း၊ အလှကုန်များ၊ ဇီဝဓာတုပစ္စည်းများ၊ ဇီဝပလပ်စတစ်နဲ့ ဆေးဝါးတွေအပါအဝင် စိတ်ဝင်စားဖွယ် ထုတ်ကုန်အသစ်များကို သစ်သားနှင့် သစ်ပင်များမှ ထုတ်လုပ်လာနိုင်ကြပြီဖြစ်သည်။

ရေရှည်တည်တံ့မှုနည်းသော ပစ္စည်းများနေရာတွင် ပြန်လည်ပြည့်ဖြိုးနိုင်သော၊ စနစ်တကျ ပြန်လည် စိုက်ပျိုးပြုစုထိန်းသိမ်းနိုင်သော သစ်နှင့် သစ်ပင်အခြေခံ ထုတ်ကုန်များကို အစားထိုးအသုံးပြုလာခြင်းအားဖြင့် ကာဗွန်ထုတ်လွှတ်မှုကို လျော့ချပြီး ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနှင့် သစ်တောပြုန်းတီးမှုကို လျော့ချလာနိုင်မည်ဖြစ်သည်။ သဘာဝကိုအခြေခံသော ဖြေရှင်းမှုနည်းလမ်းများ(Nature based Solutions) ဖြင့် သစ်တောထိန်းသိမ်းခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ရေရှည်တွင် လူသားများအတွက် သာမက ကမ္ဘာမြေကြီးအတွက်ပါ အကျိုးရှိသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပုံစံကို တည်ဆောက်နိုင်မည်ဖြစ်သည်။

**သစ်တောများထာဝစဉ်တည်တံ့ရေး**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောပြုန်းတီးမှုလျော့ချရေး၊ သစ်တောထိန်းသိမ်းရေးနှင့် သစ်တောများ ထာဝစဉ်တည်တံ့စေရေးအတွက် သစ်တောကဏ္ဍပြုပြင်ပြောင်းလဲမှုများစွာကို ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောကဏ္ဍတွင် ရေရှည်တည်တံ့စေသော စားသုံးမှုနှင့် ထုတ်လုပ်မှု ပုံစံများရရှိစေရန် ဆိုသည့် ရည်မှန်းချက်ပန်းတိုင်အောင်မြင်စေရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

- ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တို့တွင် သစ်ထုတ်လုပ်မှု လုံးဝရပ်ဆိုင်းခဲ့ပြီး သစ်တောကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြန်လည်ဆန်းစစ်ခြင်း၊
- ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ ပဲခူးရိုးမဒေသတွင် သစ်ထုတ်လုပ်မှု (၁၀)နှစ် ရပ်ဆိုင်းခြင်းနှင့် သစ်တောများအရှိန်အဟုန်ဖြင့် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း၊
- ထာဝစဉ်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှုစနစ်ဖြစ်သည့် မြန်မာ့ရွေးချယ်စနစ် (Myanmar Selection System)ကို ကျင့်သုံးပြီး ကျွန်းနှင့်သစ်မာများထုတ်လုပ်ရာတွင် နှစ်စဉ်တောထွက် (Annual Allowable Cut-AAC) ပမာဏထက် လျော့ချထုတ်ယူခြင်း၊
- မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀)နှစ် စီမံကိန်း(၂၀၁၇-၂၀၁၈ မှ ၂၀၂၇-၂၀၂၈ ခုနှစ်အထိ)ကို ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် အကောင်အထည်ဖော်ခြင်း၊
- တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသပြန်လည်တည်ထောင်ခြင်း (၁၀)နှစ် စီမံကိန်း (၂၀၁၉-၂၀၂၀ မှ ၂၀၂၈ မှ ၂၀၂၉ ခုနှစ်အထိ) သဘာဝထိန်းသိမ်းရေးနယ်မြေ(၁၉) ခုတွင် အကောင်အထည်ဖော်ခြင်း၊
- အမြဲတမ်းသစ်တောနယ်မြေများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းထိ တိုးချဲ့ဖွဲ့စည်းနိုင်ရန် စနစ်တကျ အစီအစဉ်ရေးဆွဲဆောင်ရွက်လျက်ရှိခြင်း၊
- နှစ် (၃၀) အမျိုးသား သစ်တောကဏ္ဍပင်မစီမံကိန်းလျာထားချက်နှင့်အညီ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဧရိယာဧက ၂.၂၇ သန်းကို စနစ်တကျ တည်ထောင်ဆောင်ရွက်လျက်ရှိခြင်း၊
- သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျော့ချခြင်းလုပ်ငန်း (REDD+)ကို နိုင်ငံအဆင့်အစီအစဉ်များ အကောင်အထည်ဖော်လျက်ရှိခြင်းတို့ကို ဆောင်ရွက်ခြင်း၊
- သစ်သားများကို အပြည့်အဝ ထိရောက်စွာအသုံးချနိုင်ရေးအတွက် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး၊
- ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီခြင်းနှင့် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

PDF Compressor Free Version



### အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့နှင့် သစ်တောများ အခန်းကဏ္ဍ

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက ပြည်သူများအကြား သစ်ပင်သစ်တောထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဗဟုသုတများတိုးပွားစေရန်၊ သစ်တောများ၏ အရေးပါသည့်အခန်းကဏ္ဍကို ပိုမိုနားလည်လာစေရန်၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်နှင့် သစ်ပင်သစ်တောများကို ပိုမိုချစ်ခင်မြတ်နိုးတတ်စေရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် A/C.2/67/L.4 ဖြင့် မတ်လ (၂၁) ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ (International Day of Forests) အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ ဆောင်ပုဒ်မှာ '**မျှတဆင်ခြင်ထုတ်သုံးလျှင်၊ သစ်တောများ တည်မြဲထာဝစဉ်**' (Forests and Sustainable Production and Consumption) ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အထိမ်းအမှတ်အခမ်းအနားများကို အနှစ်သာရပြည့်ဝစွာ ကျင်းပလျက်ရှိကြသည်။

ကမ္ဘာနှင့်အဝှမ်းတွင် သစ်ပင်သစ်တောများ၏ အခန်းကဏ္ဍကို ပိုမိုအသိအမှတ်ပြု အလေးထားလာကြသည်ဖြစ်ရာ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၌ ကမ္ဘာ့ကုလသမဂ္ဂက ကြီးမှူးကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲမှု ထိပ်သီး ဆွေးနွေးပွဲ(၂၀၁၄)တွင် သစ်တောများဆိုင်ရာ နယူးယောက်ကြေငြာစာတမ်း ထုတ်ပြန်ကြေညာ၍ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ တွန်းအားပေးဆောင်ရွက်ခဲ့သည်ကို တွေ့နိုင်မည်ဖြစ်သည်။ အဆိုပါကြေညာချက်တွင် ကမ္ဘာ့အပူချိန် ၂ ဒီဂရီ ဆဲလ်ဆီးယပ် လျှော့ချနိုင်ရန်အတွက် ၂၀၂၀ ခုနှစ်တွင် သစ်တောပြုန်းတီးမှု ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရန်နှင့် ၂၀၃၀ ခုနှစ်တွင် သစ်တောပြုန်းမှု လုံးဝမရှိစေရေး ရည်မှန်းပြီးဆောင်ရွက်သွားရန်၊ ၂၀၂၀ ခုနှစ်တွင် တောနိမ့်တောပျက်ရေိယာ ဟက်တာသန်း ၁၅၀ ကို သစ်တောစိုက်ခင်းအဖြစ် တည်ထောင်ရန်နှင့် ၂၀၃၀ ခုနှစ်တွင် တောနိမ့်တောပျက် ဟက်တာသန်း ၂၀၀ ကို ပြန်လည်တည်ထောင်ထိန်းသိမ်းရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖေါ်ပြထားပြီး အဆိုပါရည်မှန်းချက်များ ပြည့်မီရေးအတွက် "Net Zero Deforestation" "Forest Landscape Restoration" အစီအစဉ်များဖြင့် တစ်ကမ္ဘာလုံး အတိုင်းအတာ လှုပ်ရှားမှုများဖြင့် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ မှ ၂၀၃၀ ပြည့်နှစ်ထိကိုလည်း ကုလသမဂ္ဂ ဂေဟစနစ်များ ပြန်လည်တည်ထောင်ရေး (၁၀) စုနှစ် (United Nations Decade on Ecosystem Restoration) ဟု သတ်မှတ်ထားပြီး ဂေဟစနစ်များ ပြန် လည်တည်ထောင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀) ရက်နေ့မှ ဒီဇင်ဘာလ(၁၂) ရက်နေ့အထိ ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်များ၏ (၂၁) ကြိမ်မြောက်ညီလာခံ (COP 21) ကလည်း ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် သစ်တောများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုခဲ့ပြီး ထုတ်ပြန်ခဲ့သည့် ညီလာခံဆုံးဖြတ်ချက်များနှင့် ပဲရစ်သဘောတူညီချက်တွင် သစ်တောကဏ္ဍကို ထည့်သွင်းရေးဆွဲခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။

### မျှတဆင်ခြင်ထုတ်သုံးလျှင်၊ သစ်တောများ တည်မြဲထာဝစဉ်

အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့၏ အနှစ်သာရ၊ ရည်မှန်းချက်ဖြစ်သည့် "**မျှတ ဆင်ခြင်ထုတ်သုံးလျှင်၊ သစ်တောများ တည်မြဲထာဝစဉ်**" ဆိုသည်နှင့်အညီ သစ်တောများထာဝစဉ် တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ် စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေး အလွန်အရေးကြီးသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံတော်၏လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မူလရည်ရွယ်ချက်အတိုင်း သစ်တောများ ပြုန်းတီးပျက်စီးနေသော မြေနေရာများတွင် ဆီအုန်းနှင့် ရော်ဘာကဲ့သို့ စက်မှုကုန်ကြမ်းစိုက်ခင်းများ တည်ထောင်ခြင်း၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအား ဆိုဖွယ်မရှိသော်လည်း ပတ်ဝန်းကျင် တည်ငြိမ်ရေးနှင့်ဂေဟစနစ်ကို အထောက်အပံ့ပြုပေးနေသည့် သဘာဝသစ်တောများကို ခုတ်ထွင်ရှင်းလင်း၍ အခြားမြေအသုံးချမှု ပြောင်းလဲခြင်းသည် အလွန်အန္တရာယ်များပါသည်။ ပတ်ဝန်းကျင်တည်ငြိမ်မှုနှင့် ဂေဟစနစ်ကိုပျက်စီးစေ၍ သဘာဝဘေးအန္တရာယ်များ ကျရောက်စေပါသည်။ သစ်တောများပြုန်းတီး၍ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်ပေါ်စေပါသည်။ အပင်များအပါအဝင် သက်ရှိသတ္တဝါများသည် ဂေဟစနစ်တစ်ခုတွင် အချင်းချင်းမှီ



တည်နေကြရသည်။ သစ်မျိုးတစ်မျိုး၊ သက်ရှိမျိုးစိတ်တစ်ခု ပျောက်ကွယ်သွားပါက ဆက်စပ်မျိုးစိတ်များပါ ပျောက်ကွယ်ကြရသည်။

ရေရှည်အကျိုးကျေးဇူးများကိုမျှော်မှန်း၍ ချင့်ချင့်ချိန်ချိန်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ အခြားဖွံ့ဖြိုး ဆဲနိုင်ငံများ၏ သစ်တောများပြုန်းတီးပျက်စီးမှုဆိုင်ရာ ခါးသီးသောအတွေ့အကြုံကို သင်ခန်းစာယူပြီးဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတို့ကို သဟဇာတမျှတအောင် ဘက်စုံပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ သဘာဝသယံဇာတများကိုသာအသုံးပြု၍ မိရိုးဖလာလုပ်ရိုးလုပ်စဉ်များဖြင့် အလျားလိုက်ဖွံ့ဖြိုးတိုးတက်စေခြင်း (Horizontal Development) ထက် နည်းပညာများနှင့် သယံဇာတကိုမျှတအောင်အသုံးပြု၍ ဒေါင်လိုက် ဖွံ့ဖြိုးတိုးတက်စေရန် (Vertical Development) ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသောသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ အကျိုးကျေးဇူးများကို ကောင်းစွာနားလည်သဘောပေါက်၍ စနစ်တကျထိန်းသိမ်းကာကွယ်ပြီး အမြော်အမြင်ကြီးစွာဖြင့် စနစ်တကျထုတ်ယူသုံးစွဲသွားကြရမည်ဖြစ်သည်။ သို့မှသာ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် သစ်တောများက ထောက်ပံ့ပေးစွမ်းသော ဂေဟစနစ်ဝန်ဆောင်မှု အကျိုးကျေးဇူးများကို စဉ်ဆက်မပြတ် အသုံးပြုနိုင်မှာဖြစ်ပြီး နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင် မည်ဖြစ်ပါကြောင်း **‘အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့’** ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ပါသည်။

**(၂၁-၃-၂၀၂၂)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတွင် ဖော်ပြပါရှိပြီးဖြစ်ပါသည်။**

## ကာတွန်းကဏ္ဍ

သဘာဝကို
လေးစားပါ။





ကမ္ဘာမြေကိုကျန်းမာအောင်
စောင့်ရှောက်ခြင်းသည်
ကိုယ့်ကိုယ်ကို
ကျန်းမာအောင်
ဆောင်ရွက်ခြင်းဖြစ်သည်။

ကမ္ဘာမြေပေါ်မှာ
အားလုံးဟာ
တစ်ခုတည်းပါ။



တွေးစရာရှိရင် ကမ္ဘာချီတွေးပြီး
လုပ်စရာတွေကို
ဒေသအလိုက်လုပ်ပါ။





ဘုရားသခင်ဟာ သစ်ပင်တွေကို
သဘာဝဘေးဒဏ်တွေမှ
ကာကွယ်ပေးပေမဲ့
လူမိုက်ဒဏ်ကတော့
ကာကွယ် မပေးနိုင်ဘူး။
John Muir



အရိပ်က မိမိအရပ်ထက်ရှည်နေရင်
အန္တရာယ်သိပ်မရှိဘူး။
တိုရင် နေရောင်ကိုသတိထား။

PDF Compressor Free Version





ချယ်ရီမေ

# ချယ်ရီမြို့တော်ဖြစ်စေရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး



ပြင်ဦးလွင်မြို့နယ်၊ သစ်တောဦးစီးဌာနမှ ၂၀၂၂ ခုနှစ်၊ မိုးရာသီတွင် စိုက်ပျိုးမည့် ချယ်ရီပျိုးပင်များ ပျိုးထောင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ





ဝါးမည်စုံလင် ပြင်ဦးလွင်

မြေပြန့်ဒေသနှင့် ရှမ်းတောင်တန်းကြီးများ ဆက်သွယ်ပေးထားသည့် ရာသီဥတုသာယာလှပြီး ရောင်စုံလှပသော ပန်းခင်းကြီးများရှိသည့် ပြင်ဦးလွင်မြို့ကို အမည်နာမအားဖြင့် မေမြို့၊ တောင်လေကားမြို့၊ တောင်စခန်းမြို့၊ ပန်းမြို့တော်၊ ပြင်ဦးလွင်မြို့ဟု ခေါ်တွင်ခဲ့ကြပြီး ထင်ရှားသည့်သမိုင်းကြောင်းရှိခဲ့သည်။ ရာသီဥတုအေးမြ သာယာလှသည့် တောင်ပေါ်မြို့တစ်မြို့ဖြစ်သည့်အားလျော်စွာ ပန်းပေါင်းစုံတို့သည်လည်း ရာသီအလိုက် ဖူးပွင့်လှပလျက်ရှိကြသည်။

ချယ်ရီဝေဆာအလှရတနာ

နိုင်ငံတော်အကြီးအကဲမှ ***ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် မိမိတို့ဒေသ၏ Landmark များပျောက်ကွယ်မှုမရှိစေရေးထိန်းသိမ်းရန်*** ဟု လမ်းညွှန်မှုပြုခဲ့သည်။ မေမြို့လို့ဆိုဆို ပြင်ဦးလွင်လို့ပဲခေါ်ခေါ် နာမည်ကြားလိုက်တာနဲ့ ချယ်ရီပင်တွေမြင်လာရသည်။ **ထင်းရှူး၊ ချယ်ရီ သက်သေတည် လှမ်းလာခဲ့မည် ပန်းမြို့တော်ဆီ** ဟု တင်စားစာဖွဲ့ကြသည်။ ပြင်ဦးလွင်မြို့၏ Landmark ဖြစ်သည့် ချယ်ရီပင်များရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဖြည့်စွက်စိုက်ပျိုးခြင်းဖြင့် ပြင်ဦးလွင်မြို့တော်ကို ချယ်ရီပန်းများ ဝေဆာစွာဖူးပွင့်ပြီးသာယာလှပစေရန် ဆောင်ရွက်သွားမည် ဖြစ်သည်။

အစီအမံများချမှတ်ဖော်ဆောင်

ပြင်ဦးလွင်မြို့နယ်အား ချယ်ရီမြို့တော်ဖြစ်စေရေး လုပ်ငန်းစီမံချက်အား ပြင်ဦးလွင်မြို့နယ်၊ သစ်တောဦးစီးဌာနမှ ၅ နှစ် စီမံချက်ရေးဆွဲ၍ ၂၀၂၂ ခုနှစ် မိုးရာသီမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

စီမံချက်ချမှတ်ဆောင်ရွက်

ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်ဖြစ်စေရေးအတွက် သစ်တောဦးစီးဌာနက ဦးဆောင်၍ ၅ နှစ် စီမံချက်

PDF Compressor Free Version



ရေးဆွဲကာ တစ်နှစ်လျှင် ချယ်ရီပျိုးပင် ၃၀,၀၀၀ ပင်မှ ၄၀,၀၀၀ ပင်အား နှစ်စဉ်စိုက်ပျိုးသွားမည်ဖြစ်သည်။

**ဌာနဆိုင်ရာများအချင်းချင်း ပူးပေါင်းဆောင်ရွက်**

ချယ်ရီမြို့တော်အဖြစ် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဌာန ဆိုင်ရာများဖြစ်သည့် လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့နှင့်အတူ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**စီစဉ်စိုက်ပျိုးအလှတိုး**

- ပြင်ဦးလွင်မြို့ ဒေသပတ်ဝန်းကျင်တွင်ရှိသော သဘာဝတောများရှိ ကွက်လပ်ဖြစ်ပေါ်နေသောနေရာများတွင် ချယ်ရီပင်များ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊
- ပြည်ထောင်စုလမ်းမကြီး၊ မြို့တွင်းလမ်းများနှင့် ကျေးရွာချင်းဆက်လမ်းများ၏ လမ်းဘေးဝဲ/ယာ တွင် ချယ်ရီပင်များအား တစ်အုပ်တစ်မ/ အတန်းလိုက်စိုက်ပျိုးခြင်း၊
- ဒေသခံပြည်သူများ၏ အများပိုင်မြေများ၊ ဌာနဆိုင်ရာရုံးဝင်းများနှင့် တပ်မတော် တပ်ရင်းတပ်ဖွဲ့များတွင် ချယ်ရီပင်များ တိုးချဲ့စိုက်ပျိုးလာစေရန် လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးရာ၌ အမြင့် ၂ပေရှိ ချယ်ရီပင်များ ပိုမိုထည့်သွင်းဖြန့်ဝေစိုက်ပျိုးစေခြင်း၊
- ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတွင် ချယ်ရီပင်များ ဖြန့်ဝေစိုက်ပျိုးစေခြင်းစသည့်နည်းလမ်းများဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီတွင် ပြင်ဦးလွင်မြို့နယ်အတွင်း ချယ်ရီပျိုးပင် ၄၃,၇၇၅ ပင်အား စိုက်ပျိုးခြင်း။

**ချယ်ရီပင်များပျိုးထောင်ထားရှိ**

၂၀၂၂ ခုနှစ် မိုးရာသီတွင် အမြင့် ၂ပေနှင့်အထက် ချယ်ရီပျိုးပင်များဖြင့် ဖြန့်ဝေစိုက်ပျိုးနိုင်ရေးအတွက် ပြင်ဦးလွင်မြို့နယ်၊ သစ်တောဦးစီးဌာန၊ ဒိုးကွင် အမြဲတမ်းပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၅၂,၇၃၁ ပင်အား ပျိုးထောင်ထားရှိပြီးဖြစ်ပါ၍ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပျိုးပင်ခံနိုင်စွမ်းရည်မြှင့်တင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

**စိုက်ခင်းအကြိုလုပ်ငန်းများ အလေးထားဆောင်ရွက်**

ပြင်ဦးလွင်မြို့နယ်အတွင်း သဘာဝတောများရှိ ကွက်လပ်ဖြစ်နေသော ဧရိယာ ၃၀ ကေတွင် ချယ်ရီပင်များ ကွက်လပ်ဖြည့် စိုက်ပျိုးနိုင်ရေးအတွက် သစ်တောဦးစီးဌာနက ပန္နက်ရိုက်ခြင်း၊ ကျင်းတူးခြင်း၊ ကျင်းဖို့ခြင်းစသည့် စိုက်ခင်းအကြိုလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။

**ချယ်ရီဝေဆာလမ်းဘေးဝဲယာ**

မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီး၊ အနီးစခန်းရှိ မိုင်တိုင်အမှတ် (၃၃/၀)မှ ကျောက်တောင်ဂိတ်၊ မိုင်တိုင်အမှတ်(၃၉/၆) ထိတွင် ချယ်ရီပင် (၂၅၀)ပင်နှင့် ပြင်ဦးလွင်မြို့ရှောင်လမ်း၊ မိုင်တိုင် အမှတ်(၀/၀)မှ (၅/၃) ထိတွင် ချယ်ရီပင် (၁၃၅၀)ပင်၊ စုစုပေါင်း ချယ်ရီပင် (၁၆၀၀) ပင်အား လမ်းဦးစီးဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ ကျီးကိုင်-အင်းယား-သင်ကတုံ ကျေးရွာ ချင်းဆက်လမ်း ဘေးဝဲ/ ယာ မိုင်တိုင်အမှတ် (၀/၀) မှ (၆/၀)ထိတွင် ချယ်ရီပင် (၅၀၀)ပင်အား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအစီအစဉ်ဖြင့်လည်းကောင်း၊ မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီး၊ လမ်းဘေး ဝဲ/ယာတွင် ချယ်ရီပင် (၅၀၀)ပင်အား သစ်တောဦးစီးဌာန အစီအစဉ်ဖြင့်လည်းကောင်း စိုက်ပျိုးနိုင်ရေးအတွက် စိုက်ခင်းအကြိုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**စည်ပင်သာယာရေးအဖွဲ့လည်းစိုက်ပျိုးမည်**

မြို့ပတ်လမ်းဘေးဝဲယာနှင့် မြို့တွင်းလမ်းများဖြစ်သည့် ဗန္ဓုလ၊ အောင်ဇေယျ၊ ဇီဝက၊ နန္ဒာ လမ်းဘေးဝဲ/ယာများတွင် ပြင်ဦးလွင်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့အစီအစဉ်ဖြင့် ချယ်ရီ ၄၀၀ ပင် စိုက်ပျိုးသွားမည်ဖြစ်သည်။

**ပြည်သူလူထုလည်း ပူးပေါင်းပါဝင်**

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများတွင် ချယ်ရီပင် ၂၂,၅၇၅ ပင် စိုက်ပျိုးနိုင်ရေးအတွက် အသုံးပြုသူအဖွဲ့များမှ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ လူထုဖြန့်ဝေစိုက်ပျိုးမည့် ချယ်ရီ ၂,၀၀၀ ပင်အတွက် မြို့ပေါ်ရပ်ကွက် ၁၆ ခုနှင့် ကျေးရွာ ၃၀ ရွာတွင် မြေနေရာရွေးချယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

**ချယ်ရီမြို့တော်ဖြစ်စေရေး အားလုံးပူးပေါင်း ဆောင်ရွက်ပေး**

ပြင်ဦးလွင်မြို့၏အလှ အထင်ကရသင်္ကေတ ဖြစ်သည့်ချယ်ရီပင်များ ထာဝစဉ်တည်တံ့စေရေးအတွက် ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် စိုက်ပျိုးပြုစုခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာန ဆက်စပ်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ပြင်ဦးလွင်မြို့ကို **ချယ်ရီမြို့တော်၊ ပန်းမြို့တော်** ဖြစ်စေရေး အားလုံးပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားဖော်ပြအပ်သည်။

PDF Compressor Free Version



**နောက်ကျောဖုံးမှ အဆက်**





သစ်စေးထိုးမည့် အပင်ကို မြေမှ အမြင့် နှစ်တောင်ထွာခန့် မြင့်သောနေရာမှစပြီး အင်္ဂလိပ်စာလုံး ဗီ V ပုံ အထစ်များ တစ်ခုပြီးတစ်ခု အထက်သို့ ဆင့်ကာ ဆင့်ကာထစ်သွားရသည်။ ထိုနောက် ထောင့်စွန်းအောက်တည့်တည့်တွင် ဝါးကျည်တောက်ကို ခံပေးရသည်။ တစ်ခါထစ်ထားလျှင် ခုနစ်ရက်၊ ရှစ်ရက်ခန့်ကြာမျှ သစ်စေးများကို မနားတမ်းရရှိနိုင်သည်။ စုဆောင်းရရှိသည့် သစ်စေးများကို ဝါးကျည်တောက်မှ မြေအိုးထဲသို့ပြောင်းထည့်မပြီးလျှင် ခြောက်သွေ့စေရန်အပေါ်၌ အဝတ်ရေစိုဖြင့်ဖုံးအုပ်ထားရသည်။ ထုတ်ယူနည်းမှာ ၈ လက်မမှ ၁၀ လက်မ အထိရှည်၍ ၂ လက်မခန့်ကျယ် နက်သောဗီ V ပုံကို ထွင်းကြရသည်။

ထိုသို့ မထွင်းမီ ပင်စည်ကို ဆောက်သွားဖြင့် အခွံအခေါက်ဟောင်းများကို ရှင်းလင်းပြီး သစ်စေးထိုးမည့် အခေါက်ပေါ်ရှိနေရာကို ဆောက်ပြားဖြင့် ထွင်းပေးရသည်။ ပင်စည်ပေါ်၌ အခေါက်ကို အကာသားပေါ်သည်အထိ ထွင်းပေးရသည်။ V ပုံ ဗီ အောက်ဘက်ရှိ အချွန်သည် အောက်တည့်တည့်သို့ ဦးညွှန်နေရမည်ဖြစ်ပြီး အထက်ဘက်အနားစွန်းနှစ်ခုသည် ၆ လက်မမှ ၉ လက်မအထိ ကွာဝေးသည်။ ဗီပုံအောက်ဘက် အချွန်မှနေ၍ ဆောက်သွားကိုထိုးသွင်းပြီး အခေါက်ကို အပေါ်သို့လှန်တင်ပေးရသည်။ ဤနည်းဖြင့် အထက်မှ ယိုစီးကျလာသော သစ်စေးများကို ဝါးဆစ်ဘူးထဲသို့ ဝင်ရောက်စေရသည်။

သစ်စေးပင် တစ်ပင်တွင် ခုတ်ထွင်းရာ မည်မျှပြုလုပ်၍ ဝါးဆစ်ဘူး မည်မျှခံထားရမည်ဟူသောအချက်မှာ သစ်ပင်၏ အရွယ်ပမာဏနှင့် သစ်စေးထွက်နိုင်သောစွမ်းရည်အပေါ်မူတည်၍နေသည်။ အချို့သစ်စေးပင်ပေါ်တွင်မူ ခုတ်ထွင်းရာ ၅၀ အထိ ရှိ၍ မြေမှ အမြင့်ပေ ၃၀ အထိခုတ်ထွင်းရာများ ပြုလုပ်ကြသည်။

ထစ်လိုက်၍ ယိုစီးထွက်လာသောသစ်စေးသည် ပျစ်ချွဲ၍မွဲပြာရောင်ဖြစ်သည်။ လေနှင့် ထိသည့်အခါအရောင် ပြောင်းလဲသွားသည်။ ရှေးဦးစွာ အညိုရောင်ဖြစ်လာ၍ ၎င်းနောက် အနက်ရောင်ဖြစ်သွားသည်။ သစ်စေးထဲတွင် အခိုးဖြစ်၍ ပျောက်လွေ့တတ်သော အဆိပ်တစ်မျိုးပါရှိသဖြင့် သစ်စေးနှင့်ထိမိလျှင် ကိုယ်ခန္ဓာ၌ ယားယံ၍ အဖုအပိန့်များဖြစ်တတ်သောကြောင့် သစ်စေးကို ကိုင်တွယ်ရာ၌ သတိထားရသည်။ ထိုသို့ယားယံ၍ အဖုအပိန့်ထွက်သည်ကို သစ်စေးစက်သည်ဟု ခေါ်သည်။

ကျွန်းသားယောင်းမကို သစ်စေးထဲသို့ ထည့်သွင်းမွှေလျှင် အဆိပ်အတောက်ပျယ်စေနိုင်သည်ဟု ဆိုကြသည်။ Ferric oxide ကို သစ်စေးအလေးချိန်၏ ၁၀ ရာခိုင်နှုန်းကိုထည့်၍ ရောစပ်ပေးလျှင်လည်း အသားအရေကို အန္တရာယ်မပြုနိုင်တော့သည့်အပြင် အသုံးပြုရာ၌လည်း အဆီသည် လျင်မြန်စွာခြောက်သွေ့သည်ဟု ဆိုကြသည်။ ဝါခေါင်လနှင့် တော်သလင်းလများတွင် ထွက်သည့် သစ်စေးသည် အရည်သွက်၍ အရောင်နီကြန်ကြန်ဖြစ်သည်။ သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလများတွင်ထွက်သော သစ်စေးသည် အရောင်ညိုသည်။ ပြာသိုလနှင့် တပို့တွဲလများတွင်ထွက်သော သစ်စေးသည် အရည်တွဲ၍အရောင်နက်သည်။

ယင်းသို့ အရောင်ကွဲပြားခြင်းသည် သစ်စေး၌ ပါရှိသောမိုးရေ အနည်းအများကိုလိုက်၍ ဖြစ်သည်ဟု ယူဆကြသည်။ မည်သို့ပင်ဖြစ်စေ အနက်ရောင်သစ်စေးမှာ လူကြိုက်အများဆုံးဈေးအရဆုံးဖြစ်သည်။ ထစ်ရာတစ်ခုသည် အသားပြန်ပြည့်ရန် ၄ နှစ်မှ ၇ နှစ်အထိ ကြာသဖြင့် သစ်စေးထိုးခြင်းကို စနစ်တကျ ပြုလုပ်သင့်သည်။ ခုတ်ထစ်၍ သစ်စေးများထုတ်ယူသည့်အတွက် သစ်ပင်သက်တမ်းကို ထိခိုက်ဟန်မတူသော်လည်း အပင်၏အင်အားနှင့် မမျှအောင် ထုတ်ယူလျှင် သစ်ပင်များပျက်စီးပေမည်။ ထို့ကြောင့်သစ်စေးထုတ်ယူသည့် အပင်များကိုရပ်နားခွင့်ပေးရလေသည်။ မြေသြဇာ ညံ့ဖျင်းသည့်ဒေသတွင် သစ်စေးပင်များကို ၃ နှစ်ရပ်နားချိန်ပေးရ၍ မြေသြဇာ ကောင်းမွန်ထက်သန်သည့်ဒေသတွင် ၂ နှစ်ရပ်နားချိန်ပေးရသည်။

သစ်စေးထိုးသူ တစ်ဦးသည် တစ်ရာသီတွင် သစ်စေး ပိဿာချိန်၄၀ မှ ၆၀ အထိ ရရှိနိုင်သည်။ ကျွမ်းကျင်သူသည် ထို့ထက်ပိုမိုရရှိနိုင်သည်။ သစ်စေးအများဆုံး ထွက်သောအပင်မှ တစ်ရာသီလျှင် သစ်စေးအလေးချိန် ဆယ်ပိဿာခန့် ရရှိနိုင်သည်။ သစ်စေးဈေးသည် သစ်စေးအမျိုးအစား အကောင်းပေါ်မူတည်ပြီး အပြောင်းအလဲရှိသည်။ ယခုအချိန်တွင် ရှမ်းပြည်နယ်တွင် သစ်စေးပင်များအား အဆမတန်ခုတ်ထွင်း၍ အစေးများထုတ်ယူခြင်းကြောင့်လည်းကောင်း၊ ကျန်ဒေသများတွင် ၎င်းသစ်သားကို အိုးအိမ်ဆောက်လုပ်ရာတွင် အများအပြားအသုံးပြုခြင်းကြောင့်လည်းကောင်း သစ်စေးပင်များပျက်စီးကြရသည်။

မြန်မာ့ယွန်းထည်လုပ်ငန်း တိုးတက်ကြီးပွားစေလိုလျှင် အဖက်ဖက်မှ အခြေအနေကိုလေ့လာ၍ သစ်စေးပင်များ ကိုလိုအပ်သလို ကာကွယ်မှုပြုလုပ်ပေးရန် လိုအပ်ပါသည်။

PDF Compressor Free Version



## နေပြည်တော်၊ ပြည်နယ်/ တိုင်းဒေသကြီးများမှ ဖမ်းဆီးရမိခြင်း စာရင်းချုပ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၂၀-၃-၂၀၂၂) ရက်မှ (၂၇-၃-၂၀၂၂) ရက်နေ့အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်**ကျွန်း (၆၀.၈၈၂၀)တန်၊ သစ်မာ (၅၃.၄၆၇၈)တန်၊ အခြား(၁၃၃.၇၃၄၈)တန်၊ စုစုပေါင်း (၂၄၈.၀၈၄၆)တန်၊ တရားခံ(၃၉)ဦး၊ ယာဉ်/ယန္တရား (၁၇)စီး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၂၆-၃-၂၀၂၂ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ပွဲကြီးဘိနယ်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် (၅၉/၃)မိုင်တံတားအနီးမှ တရားမဝင်ကျွန်း ခွဲခြမ်း/ခွဲသား/ဖရုံစိတ် (၅၂၅)ခြမ်း/ချောင်း/စိတ် (၂၂.၆၄၁၄) တန်၊ ယာဉ်(၄)စီး၊ တရားခံ(၇)ဦးတို့အား ဖမ်းဆီးရမိခဲ့ပါသည်။





### နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများ၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် အောက်တိုဘာလ မှ မတ်လ အထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၁,၈၈၈ | |
| ၂ | သစ်မာ | တန် | ၁,၀၁၀ | |
| ၃ | အခြား | တန် | ၃,၃၇၆ | |
| | စုစုပေါင်း | | ၆,၂၇၄ | |

| | | | | |
|---|---|---|---|---|
| ၄ | မီးသွေး | တန် | ၁,၆၄၆ | |

| | | | | |
|---|---|---|---|---|
| ၅ | ကား | စီး | ၃၂၂ | |
| ၆ | မြေတူးစက်/ မြေကော်စက်/ ကရိန်း | စီး | ၇ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း / ထွန်စက် | စီး | ၁၀ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၆၈ | |
| ၉ | စက်လှေ / ပွဲထောင် / ရေယာဉ် | စီး | ၆၁ | |
| | စုစုပေါင်း | | ၄၆၈ | စဉ်(၅)မှ(၉) ယာဉ်/ ယန္တရား |

| | | | | |
|---|---|---|---|---|
| ၁၀ | သစ်စက် / အင်ဂျင် | လုံး | ၆၇ | |

PDF Compressor Free Version





# သစ်စေးထုတ်လုပ်ခြင်း

ဦးဟုတ်လင်း



သစ်သားထက်ပို၍ အသုံးဝင်သောသစ်စေးပင်မှ ထွက်သည့်ပစ္စည်းမှာ သစ်စေးဖြစ်သည်။ သစ်စေးသည် ညစ်ညျူး ခြင်းနှင့် အနံ့အသက်လိမ်းဆေးအဖြစ်လည်းကောင်း၊ မှန်စီရွှေချလုပ်ငန်းတွင် အောက်ခံဆေးအဖြစ်လည်းကောင်း အသုံးပြုကြသည်။ အရေးကြီးသည့် အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုဖြစ်သည့် မြန်မာ့ယွန်းထည်လုပ်ငန်းတွင် သစ်စေးကို အများဆုံး အသုံးပြုကြသည်၊ ပြည်တွင်းလုပ် ထီးအဖြစ်အသုံးပြုသော ပိတ်နှင့် စက္ကူထီးများတွင် အမိုးများကို မိုးရေလုံစေရန် သစ်စေးကိုသုတ်လိမ်းပေးကြရသည်။ ရေခပ်ဝါးခြင်းတောင်းများကို ရေလုံစေရန်အတွက်လည်း သစ်စေးကို အထပ်ထပ်သုတ်လိမ်းသောဆေးအဖြစ်လည်း အသုံးပြုကြသည်။ သစ်စေးကို ဝါခေါင်လမှ တပို့တွဲလအထိ ထိုးကြရသည်။ တပို့တွဲလလွန်လျှင် အရွက်ပြတ်ချိန်၊ သစ်ရည်ရပ်နားချိန်ဖြစ်၍ အစေးမထွက်ချေ။ သစ်စေးထုတ်ရန် အကောင်းဆုံးအချိန်သည် တော်သလင်းလမှ နတ်တော်လအတွင်းဖြစ်သည်။ ရင်စို့လုံးပတ် ၂ ပေ ထက်ကြီးသော အပင်များကို သစ်စေးထိုးနိုင်သည်။ သို့ရာတွင် ကြိုးဝိုင်းသစ်တောများအတွင်း၌မူကား ရင်စို့လုံးပတ် ၃ ပေ ထက်ငယ်သော သစ်စေးပင်များကို သစ်စေးမထိုးရန်ကန့်သတ်ထားပါသည်။

စာမျက်နှာ [၄၈]သို့